# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပြာသိုလဆန်း (၇) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (17-1-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၆၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။


၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် Army Operations Center၊ Neighboring Countries Coordination Center (NCCC)ဌာန၏ အကြီးအကဲဖြစ်သူ General Kittisak Boonprathamchai ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။**

**နေပြည်တော် ဇန်နဝါရီ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် **Army Operations Center၊ Neighboring Countries Coordination Center (NCCC)**ဌာန၏ အကြီးအကဲဖြစ်သူ **General Kittisak Boonprathamchai** ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခိုင်မာစေရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်း၊ ယဉ်ကျေးမှုအဖွဲ့အချင်းချင်း ထိတွေ့ဆက်ဆံခြင်းတို့ကို

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Venue Standard တွင်

Exhibition Venue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် ရတနာပုံ ခန်းမ

ရရှိနိုင်သောဝန်ဆောင်မှုများ

ဗိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားသွင်းနားသ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊ အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ ဂီတဖျော်ဖြေပွဲများ၊ အလှမာတပ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

(၇၈)လမ်းနှင့် (၃၈)လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၂-၄၀၃၀၄၃၃၊ ၀၂-၄၀၃၀၄၃၃၀၊ ၀၉-၆၆၇၈၈၈၈၈၃၊ ၀၉-၆၆၇၈၈၈၈၈၂

ရတနာပုံ
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၇ ရက်
အယ်ဒီတာ့အာဘော်

# မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်

လူသားတိုင်းကို လူညွှန့်တုံးစေသော မူးယစ်ဆေးဝါးသည် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေသော အန္တရာယ်ဆိုးကြီးဖြစ်သည်။ အထူးသဖြင့် လူငယ်များကို မူးယစ်သားကောင်အဖြစ် မူးယစ်ဆေးရောင်းချသူများက ပစ်မှတ်ထားကြသည်။ ယခင်က မူးယစ်အစ ဆေးလိပ်ကဟုဆိုကာ လူငယ်များ ဆေးလိပ်မသောက်ရေးကို အဓိကထား ဆိုဆုံးမကြသည်။ ယနေ့ခေတ်တွင် မူးယစ်ဆေးဝါးသုံးစွဲတတ်စေရန် အာရုံခံစားမှုအမျိုးမျိုးဖြင့် ဆွဲဆောင်လျက်ရှိသည်။ မူးယစ်ဆေးဝါးအုပ်စုတွင် ဆေးခြောက်၊ ဆေးရွက်ကြီးနှင့် အခြားဓာတုပစ္စည်းများဖြင့် ဖော်စပ်ထားသော ဆေးဝါးများပါဝင်သည်။ ကမ္ဘာတစ်ဝန်း မူးယစ်ဆေးဝါးသုံးစွဲသူများတွင် လူငယ်အများစုပါဝင်နေသောကြောင့် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနေရသည်။

လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲရခြင်း၏ အကြောင်းရင်းများမှာ စူးစမ်းလိုခြင်း၊ စမ်းသပ်လိုခြင်း၊ အပေါင်းအသင်းဆွဲဆောင်မှုကောင်းခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများကို မသိခြင်းစသည်တို့ကြောင့်ဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲမှုသည် မိမိအတွက်သာမက မိမိ မိသားစုဆွေမျိုးအသိုင်းအဝိုင်းကိုပါ သိက္ခာကျအရှက်ရစေသည်။ ထို့ပြင် ရာဇဝတ်မှုကျူးလွန်ခြင်းများကိုပါ ပြုမိသည့်အတွက် နောက်ဆုံးတွင် ဥပဒေအရ အရေးယူခြင်းခံရတတ်ပေသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးကို ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ တိုက်ဖျက်ရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၄ ရက်တွင် တပ်မတော်(ရေ)မှ မြန်မာ့ပင်လယ်ပြင်တွင် ငွေကျပ် ၃၆ ဒသမ ၂၅ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၁ ဒသမ ၄၅ တန် ဖမ်းဆီးရမိခဲ့သည်။ အလားတူ ဇန်နဝါရီ ၉ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်တွင် ကာလတန်ဖိုးငွေကျပ်သိန်း ၄၄၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၇ ဒသမ ၆ ကီလိုကိုလည်းကောင်း၊ ဇန်နဝါရီ ၇ ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအနီးတွင် ကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြား ၁၂ သိန်းကိုလည်းကောင်း၊ ဇန်နဝါရီ ၈ ရက်က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၁ သိန်း၊ ဘိန်းဖြူ ၉၂ ဒသမ ၄ ကီလို၊ ဇန်နဝါရီ ၉ ရက်က ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်တွင် ဘိန်းဖြူ ၄ ဒသမ ၄ ကီလို၊ ဇန်နဝါရီ ၁၀ ရက်တွင် ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာတွင် ဘိန်းဖြူ ၄ ဒသမ ၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း စုစုပေါင်းကာလတန်ဖိုး ငွေကျပ် ၄ ဒသမ ၉၄၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ဒသမ ၁ သိန်း၊ ဘိန်းဖြူ ၁၀၁ ဒသမ ၂ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

သို့ဖြစ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့က မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးစေရန် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသကဲ့သို့ လူသားတိုင်းကို လူညွှန့်တုံးစေသော မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူများကလည်း တတ်အားသရွေ့ ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မြို့နယ်သုံးမြို့နယ်ရှိ တောင်သူများ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုနိုင်ရန် JICA ချေးငွေ ထုတ်ချေးပေးမည်



**မန္တလေး ဇန်နဝါရီ ၁၆**

ယခုဘဏ္ဍာနှစ်အတွင်း JICA (Two Step Loan) ချေးငွေဖြင့် မြို့နယ် သုံးမြို့နယ်ရှိ တောင်သူများကို လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူအသုံးပြုနိုင်ရန် ချေးငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ တောင်သူများကို လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် JICA တို့ ပူးပေါင်းပြီး တောင်သူများ၏ လုပ်ငန်းခွင်များတွင် လျင်မြန်ချောမွေ့ပြီး လုပ်ငန်းများ တွင်ကျယ်လာစေရန် လယ်ယာသုံးစက်ကိရိယာပစ္စည်းများဖြစ်သော ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်နှင့် အခြား လယ်ယာသုံးစက်ကိရိယာများကို တောင်သူများလိုအပ်သည့် စက်အမျိုးအစားအလိုက် ဝယ်ယူအသုံးပြုနိုင်ရန် မတ်လအတွင်း ချေးငွေထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ချေးပေးမည့် မြို့နယ်များမှာ ကျောက်ဆည်၊ ရမည်းသင်း၊ ဝမ်းတွင်းမြို့နယ်တို့ဖြစ်ကြောင်း၊ တောင်သူများ လယ်ယာသုံးစက်ကိရိယာ ခုနစ်စီးထိ ဝယ်ယူအသုံးပြုနိုင်ရန် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တောင်သူတွေကို မိမိတို့ရဲ့ မိရိုးဖလာအစဉ်အဆက်က လုပ်ကိုင်လာကြတဲ့ လက်မှုလယ်ယာစနစ်ကနေ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းလာနိုင်ဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ကူညီပံ့ပိုးပေးနေတာပါ။ မြို့နယ်သုံးမြို့နယ်ကို ထုတ်ချေးပေးသွားမှာပါ။ ဒါမှလဲ တောင်သူတွေရဲ့ဘဝဟာ ဖွံ့ဖြိုးတိုးတက်ပြီးတော့ အဆင့်အတန်း မြင့်မားလာမှာပါ။ အတိုးနှုန်းသက်သာစွာနဲ့ ချေးပေးနေတာပါ။ တောင်သူတစ်ယောက်ကို အများဆုံးငွေကျပ်သိန်း ၇၀၀ ထိ ခွင့်ပြုထုတ်ချေးပေးမှာဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ မိမိတို့ရဲ့လုပ်ငန်းခွင်မှာ အဆင်ပြေစွာအသုံးပြုနိုင်မဲ့ လိုအပ်တဲ့စက်အမျိုးအစားကို ဝယ်ယူအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးနေတာပါ"ဟု ဦးစိုးကိုကိုဝင်းက ပြောပြသည်။

ထိုသို့ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုနိုင်သည့်အတွက် တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းခွင်များတွင် အချိန်တိုကာလအတွင်း ဆောင်ရွက်နိုင်သည့်အပြင် စိုက်ချိန်ပျိုးချိန်လည်း အချိန်မီစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေးပဲဈေးကွက်အတွင်း ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇန်နဝါရီ ၁၆**

မန္တလေးပဲဈေးကွက်အတွင်း ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်သို့ မတ္တရာ၊ စဉ့်ကူး၊ ကျောက်ဆည်၊ စစ်ကိုင်းမြို့နယ်တို့မှ ထွက်ရှိသည့် ပဲလွမ်းဖြူများ ဝင်ရောက်လာကြောင်း၊ ပဲလွမ်းဖြူဈေးနှုန်းမှာလည်း ယခုလက်ရှိတွင် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀ ရှိကြောင်း သိရသည်။

"ပဲလွမ်းဖြူက နှစ်စဉ် နတ်တော်လဆန်းမှာ ပုံမှန်ထွက်ရှိလို့ နတ်တော်ပဲလို့ ခေါ်ကြပါတယ်။ ပဲရာသီရဲ့နှစ်အစမှာ ဈေးကွက်ကို အစောဆုံးဝင်ရောက်လာပြီး စိုက်ပျိုးသူ တောင်သူတွေအတွက်လဲ နှစ်စဉ် ဈေးကောင်းရပါတယ်။ ပြည်တွင်းမှာလဲ အနည်းငယ်စားသုံးကြပါတယ်။ ပြည်ပနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ တရုတ်နဲ့ ဥရောပနိုင်ငံတွေကို အဓိကတင်ပို့ရောင်းချရတာပါ။ ဒီနှစ်က တောင်သူတွေ ဈေးကောင်းရရှိနေပါတယ်။ ဟင်္သာတဘက်ကထွက်တဲ့ ပဲလွမ်းဖြူက အကောင်းဆုံးဖြစ်တယ်။ ပဲလွမ်းဖြူက တစ်နှစ်ကို ဆောင်းသီးနှံအဖြစ် တစ်ရာသီပဲစိုက်ပါတယ်။ ဒီနှစ်မှာ အရည်အသွေးကောင်းတဲ့ ပဲလွမ်းဖြူတွေ ဈေးကွက်ကို ဝင်ရောက်လာပါတယ်"ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

ပဲလွမ်းဖြူကို ကျောက်ဆည်၊ မတ္တရာ၊ စဉ့်ကူး၊ ဝမ်းတွင်း၊ သဲတော၊ မုံရွာ၊ ပခုက္ကူ၊ စလင်း၊ ဆင်ဖြူကျွန်း၊ ဟင်္သာတ၊ ဇလွန်၊ ခရမ်းသုံးခွမြို့နယ်တို့တွင် စိုက်ပျိုးကြကြောင်း သိရသည်။

(၁၈၅)

# မန္တလေးဈေးချိုတော်၊ ကုသိုလ်တော်ဘုရားနှင့် အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့်လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၂၂၀၀ ကျော်ရှိ

**မန္တလေး ဇန်နဝါရီ ၁၆**

မန္တလေးဈေးချိုတော်၊ ကုသိုလ်တော်ဘုရားနှင့် အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့် ခရီးသည်လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၂၂၀၀ ကျော်ထိရှိလာကြောင်း အမှတ် (၁၊ ၂၊ ၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြင့်ငွေက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင်း ခရီးသွားများ အဆင်ပြေစေရန်အတွက် လိုင်းကားများဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း၊ ယခုလက်ရှိ မန္တလေးမြို့တွင်းလမ်းကြောင်းများသို့ အမှတ် (၁၊ ၂၊ ၃)လိုင်းကားများဖြင့် ခရီးသည်လိုက်ပါစီးနင်းသူ များပြားလျက်ရှိကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးမြို့မှာက လိုင်းကားတွေနဲ့ လိုက်ပါစီးနင်းမှု အများဆုံးကတော့ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်တဲ့ ခရီးသည်တွေ အများဆုံးပါ။ မန္တလေးမြို့တွင်း နယ်ကနေလာတဲ့ လိုင်းကားစီးနင်းပြီး ဘုရားဖူးမဲ့ခရီးသည်တွေ အခုလတ်တလော တော်တော်လေး များလာတယ်"ဟု ဦးမြင့်ငွေက ပြောပြသည်။

မန္တလေးဈေးချိုတော်၊ ကုသိုလ်တော်ဘုရား၊ ရွှေကျောင်းကြီး၊ မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်း စသည့်လမ်းကြောင်းများသို့ အမှတ် (၁၊ ၂၊ ၃) လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့်ခရီးသည်ဦးရေမှာ ဇန်နဝါရီလ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၂၁၀၀ ကျော်သာရှိခဲ့သော်လည်း ဇန်နဝါရီလ ဒုတိယပတ်မှစ၍ လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ တစ်ရက်လျှင် ဦးရေ ၂၂၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးမြို့တွင်း လိုက်ပါစီးနင်းမှုအများဆုံး လမ်းကြောင်းကတော့ မန္တလေးဈေးချိုတော်၊ ကုသိုလ်တော်ဘုရားနဲ့ ရွှေကျောင်းကြီးဘက်ကို ပြေးဆွဲနေတဲ့လိုင်းကားတွေမှာ ခရီးသည်လိုက်ပါစီးနင်းမှု တော်တော်လေးများတယ်။ တချို့ကကျတော့လဲ ဈေးရောင်းတဲ့ ခရီးသည်တွေအပြင် အခြားနယ်ဝေးဒေသကလာတဲ့ ခရီးသည်တွေလဲ လိုက်ပါစီးနင်းမှုတွေ ရှိပါတယ်"ဟု ဦးမြင့်ငွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အုတ်တွင်းမြို့နယ် နေပူကုန်းကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်တွင်း ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နေပူကုန်းကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းမှာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က နေပူကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အရင်း၊ အတိုးငွေများကို သတ်မှတ်ကာလအတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ဖြစ်မှုဖြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နေပူကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၉ ဦးကို ဒသမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်း မပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၈၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# သပိတ်ကျင်းမြို့နယ် မြိုင်သာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သပိတ်ကျင်း ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပိတ်ကျင်းမြို့နယ် မြိုင်သာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများက မြိုင်သာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားမှု၊ စာရင်းဇယားများ မှန်ကန်စွာ ရေးသွင်းထားမှုနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သပိတ်ကျင်းမြို့နယ် မြိုင်သာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူ စုစုပေါင်း ၅၄ ဦးကို ငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဓအေးသူ**

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၅၃၄၁ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မင်းကင်း ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၅၃၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၈၉၉ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၃၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ နှမ်းဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိ ၅၃၄၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP စနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းနှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAPစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင် သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်ထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် အဆိုပါစနစ်ဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ကျော်ခေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျော်ခေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့်စီမံကိန်း အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျော်ခေါင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၄ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၁၈ ဒသမ ၉ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၂ ဦးကို ငွေကျပ် ၃၃ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# နမ့်စန်မြို့နယ် လွယ်ကပ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**နမ့်စန် ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လွယ်ကပ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးရွာပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ပိုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များနှင့် ကော်မတီဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

နမ့်စန်မြို့နယ် လွယ်ကပ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းထံမှ သိရသည်။

**သံသာ**



# မြန်မာနိုင်ငံအမျိုးသားမော်ကွန်းတိုက်များ

မောင်သာ(ရွှေဟောင်းသုတေသန)

ပညာရှင်များနှင့် သုတေသီများအပါအဝင် ပညာရပ်အသီးသီးကို ကျယ်ပြန့်စွာလေ့လာသူတိုင်းသည် မိမိတို့ မှီငြမ်းကိုးကားရမည့် စာပေအထောက်အထားများကို စာကြည့်တိုက်များတွင်လည်းကောင်း၊ ရုပ်ဝတ္ထုပစ္စည်းအထောက်အထားများကို ပြတိုက်များတွင်လည်းကောင်း ရှာဖွေကြရသည်။ ထို့အတူ သမိုင်းမှတ်တမ်းအထောက်အထားများရရှိရန် မော်ကွန်းတိုက်များကို အားကိုးကြရပေသည်။

**မော်ကွန်းနှင့် မှတ်တမ်း**

မြန်မာအဘိဓာန်က မော်ကွန်းဟူသည့် ဝေါဟာရကို နောင်ကာလကြာရှည်စွာ အမှတ်တရဖြစ်စေရန် မှတ်တမ်းတင်ရေးဖွဲ့သည့်စာ၊ ကာလကြာရှည်တည်တံ့အောင် ရေးထိုးထားသောစာ၊ ထိန်းသိမ်းထားသော မှတ်တမ်းဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေတွင် "မှတ်တမ်းဆိုသည်မှာ အစိုးရဌာနတစ်ခုခု သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ရေးသားပြုစုထားသည့် သို့မဟုတ် လက်ခံရရှိထားသည့် စာရွက်စာတမ်း၊ ကမ္ပည်းစာ၊ ပုရပိုက်၊ ပေစာ၊ လက်ရေးစာပေ၊ ပုံနှိပ်စာပေတို့ကိုဆိုလိုသည်။ ထိုစကားရပ်တွင် စက်ကိရိယာဖြင့်ဖြစ်စေ၊ လျှပ်စစ်ဓာတ်အားဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မှတ်တမ်းတင်ထားသည့် အက္ခရာ၊ အသံ၊ ရုပ်သံမှတ်တမ်းတင်ချက်တို့လည်းပါဝင်သည်"ဟု ဖော်ပြထားပါသည်။

ထိုဥပဒေ၌ပင် "မော်ကွန်းဆိုသည်မှာ မှတ်တမ်းများအနက် မြန်မာနိုင်ငံ၏ သမိုင်း၊ ယဉ်ကျေးမှု အမွေအနှစ်နှင့် နိုင်ငံအုပ်ချုပ်ရေး စသည်တို့နှင့်စပ်လျဉ်းသည့်အထောက်အထားများ၊ အချက်အလက်များပါရှိသောကြောင့် နှစ်ကာလကြာမြင့်စွာ ထိန်းသိမ်းထားသင့်သည်ဟု မော်ကွန်းကြီးကြပ်ရေးအဖွဲ့က စိစစ်တွေ့ရှိ၍ မော်ကွန်းအဖြစ် သတ်မှတ်သည့်မှတ်တမ်းကို ဆိုလိုသည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

မြန်မာနိုင်ငံမော်ကွန်းတိုက်များတွင် စုဆောင်းရရှိသည့် မှတ်တမ်းများကို ၁၉၉၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ပညာရှင်များပါဝင်သော မော်ကွန်းကြီးကြပ်ရေးအဖွဲ့က မော်ကွန်းတန်ဖိုးအကဲဖြတ်သည့် စံ ၁၁ ချက်ဖြင့် စိစစ်၍ စံတန်ဖိုးနှင့်ကိုက်ညီမှုရှိသော မှတ်တမ်းများကို မော်ကွန်းအဖြစ်သတ်မှတ်သည်။ ထို့ကြောင့် မော်ကွန်းတိုင်းသည် မှတ်တမ်းဖြစ်သော်လည်း မှတ်တမ်းတိုင်းသည် မော်ကွန်းမဟုတ်ချေ။

**မော်ကွန်းတိုက်များနေ့**

သမိုင်းမော်ကွန်းမှတ်တမ်းများကို စနစ်တကျစုစည်းသိမ်းဆည်းထားရှိသည့်နေရာသည် မော်ကွန်းတိုက်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် မော်ကွန်းတိုက်များကို ထူထောင်ခဲ့ကြရာ ၁၇၉၀ ပြည့်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် ပြင်သစ်အမျိုးသားမော်ကွန်းတိုက်သည် ကမ္ဘာ့အကြီးဆုံး မော်ကွန်းတိုက်ဖြစ်၍ ခရစ်နှစ် ၆၂၅ ခုနှစ်မှ စတင်သည့် မှတ်တမ်းများကို ထိန်းသိမ်းထားသည်။

အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်များကောင်စီ (ICA)ကို ၁၉၄၈ ခုနှစ် ဇွန် ၉ ရက်တွင် ကျွမ်းကျင်မှုအတတ်ပညာဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်း (Professional Organization)အဖြစ် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဖွဲ့စည်းခဲ့သည်။ ထိုကောင်စီကို ကမ္ဘာ့မော်ကွန်းဆိုင်ရာအမွေအနှစ်များကို ရေရှည်တည်တံ့စေရေးအတွက် နိုင်ငံအသီးသီးရှိ မော်ကွန်း၊ မှတ်တမ်းပညာရှင်များမှတစ်ဆင့် ထိန်းသိမ်းမှု၊ ဂရုစိုက်မှုနှင့် အသုံးပြုမှုတို့ကို ထိရောက်စွာစီမံခန့်ခွဲနိုင်ရန်ရည်ရွယ်ကာ ၎င်းကောင်စီထူထောင်ခဲ့သည့် ဇွန် ၉ ရက်ကို အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်များနေ့ဟု သတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံတွင် နှစ် ၇၀ ပြည့် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့အထိမ်းအမှတ်အဖြစ် ၂၀၁၈ ခုနှစ် ဇွန် ၉ ရက်တွင် ရန်ကုန်နှင့် နေပြည်တော် မော်ကွန်းတိုက်တို့၌ ပြခန်းများခင်းကျင်းပြသပြီး မော်ကွန်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ကျင်းပခဲ့သည်။ ပြည်သူများကို မော်ကွန်းတိုက်၏အခန်းကဏ္ဍနှင့် မော်ကွန်းပညာရပ်ဆိုင်ရာလုပ်ငန်းများကို သိရှိစေပြီး နိုင်ငံ့သမိုင်း၊ ယဉ်ကျေးမှုမှတ်တမ်းအမွေအနှစ်များဆုံးရှုံးမှုမဖြစ်စေရန်နှင့် ထာဝစဉ်တည်တံ့မှုရှိစေရန် ရည်ရွယ်၍ မော်ကွန်းတိုက်များနေ့ကို ကျင်းပခဲ့သည်။

**မြန်မာနိုင်ငံ မော်ကွန်းတိုက်များ**

မြန်မာနိုင်ငံတွင် အမျိုးသားမော်ကွန်းတိုက်များကို ရန်ကုန်နှင့် နေပြည်တော်တွင် တစ်ခုစီဖွင့်လှစ်ထားပြီး တပ်မတော်မော်ကွန်းတိုက်ကို နေပြည်တော်တွင် ဖွင့်လှစ်ထားသည်။ အဆိုပါမော်ကွန်းတိုက်များတွင်




အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)ကို တွေ့ရစဉ်။

မြန်မာနိုင်ငံ၏အမျိုးသားရေးနှင့် သမိုင်းတန်ဖိုးရှိသည့် မှတ်တမ်းများကို သိမ်းဆည်းထားရှိသည်။

မြန်မာနိုင်ငံ အမျိုးသားမော်ကွန်းတိုက်လုပ်ငန်းများကို စီမံဆောင်ရွက်ရန် ၁၉၇၂ ခုနှစ် မတ် ၁၅ ရက်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်တွင် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနကို ဝန်ထမ်း ၃၄ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ထို့နောက် ကိုလိုနီခေတ်အုပ်ချုပ်ရေးနှင့်ဆက်နွှယ်သည့် ရှားပါးစာအုပ်များကို ပုံနှိပ်မော်ကွန်းများအဖြစ် အတွင်းဝန်ရုံးစာကြည့်တိုက်မှလွှဲပြောင်းရယူခဲ့သည်။ ထို့အတူ ၁၈၅၃ ခုနှစ်မှ ၁၉၄၈ ခုနှစ်ထိ မော်ကွန်းစာတွဲများနှင့် နောင်းကျန်စာစုများ(၁၈၀၅ ခုနှစ်)ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ရယူခဲ့သည်။ ၁၉၇၃ ခုနှစ် ဇူလိုင်လတွင် ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်း အမှတ်(၁၁၄)တွင် အမျိုးသားမော်ကွန်းတိုက်ကို ဖွင့်လှစ်၍ အရာထမ်း၊ အမှုထမ်း ၁၁၄ ဦးဖြင့် လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

၁၉၈၂ ခုနှစ်တွင် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်အရ အမျိုးသားမော်ကွန်းတိုက်အင်အားဖြည့်တင်းရေး စီမံချက်(Strengthening of National Archives Project)ကို ဆောင်ရွက်ခဲ့ကာ UNESCO အကြံပေးပညာရှင်များက မော်ကွန်းတိုက်ဆိုင်ရာနည်းပညာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ပြီး စက်ပစ္စည်းကိရိယာအထောက်အပံ့များကို ပံ့ပိုးခဲ့သည်။ မော်ကွန်းတိုက်မှဝန်ထမ်းများကို ပြည်ပနိုင်ငံများသို့ စေလွှတ်ကာ မော်ကွန်းပညာရပ်ဆိုင်ရာများနှင့် မော်ကွန်းတိုက်ဆိုင်ရာနည်းပညာရပ်များကိုပါ သင်ယူလေ့ကျင့်စေခဲ့သည်။

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန (အမျိုးသားမော်ကွန်းတိုက်)သည် ၁၉၉၁ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များကောင်စီ (ICA)အဖွဲ့ဝင်နှင့် ၁၉၉၃ ခုနှစ်တွင် အရှေ့တောင်အာရှဒေသဆိုင်ရာ အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်များကောင်စီ(SARBICA) အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ၁၁ ကြိမ်မြောက် SARBICA အထွေထွေညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။

ပြည်ပမော်ကွန်းတိုက်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် မော်ကွန်းမှတ်တမ်းစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ ပြည်သူလူထုကို ခေတ်မီနည်းစနစ်များဖြင့် သတင်းအချက်အလက်နှင့် အထောက်အထားများ ပံ့ပိုးပေးခြင်းတို့ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ခဲ့သည်။

အမျိုးသားမော်ကွန်းတိုက်သည် အုပ်ချုပ်ရေးပိုင်းဆိုင်ရာအထောက်အထားများ မပျက်စီးစေရန်၊ လုံခြုံစွာထိန်းသိမ်းထားရှိရန်၊ ထိန်းသိမ်းထားသည့်မှတ်တမ်းမော်ကွန်းများကို ဌာနဆိုင်ရာများနှင့် ပြည်တွင်း၊ ပြည်ပသုတေသီများ ရည်ညွှန်းကိုးကားနိုင်ရန်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ စီမံခန့်ခွဲမှုယန္တရားနှင့်သက်ဆိုင်သည့် အုပ်ချုပ်ရေးရာ၊ မူဝါဒရေးရာ၊ စီးပွားရေးရာ စသည့်မှတ်တမ်းများကို အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေအရ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများမှ လွှဲပြောင်းလက်ခံကာ ထိန်းသိမ်းထားရှိသည်။

**မော်ကွန်းများကို ထိန်းသိမ်းခြင်း**

မော်ကွန်းမှတ်တမ်းများကို နှစ်ကာလတာရှည်စွာ ထိန်းသိမ်းထားနိုင်ရန် မိုက်ကရိုဖလင်၊ မိုက်ကရိုဖစ်(ရှ်) ရိုက်ကူးခြင်းနှင့် ခေတ်မီနည်းပညာများကို အသုံးပြုပြီး ကွန်ပျူတာဖြင့်ထိန်းသိမ်းခြင်းတို့ဖြင့် ထားရှိသည်။ ၁၉၉၉ ခုနှစ်မှ စတင်၍ မော်ကွန်း၊ မှတ်တမ်းအရိုစာရင်းကို E-Library Software ဖြင့် Data ထည့်သွင်းထားသောကြောင့် သုတေသီများ အလွယ်တကူအသုံးပြုနိုင်သည်။

၂၀၀၈ ခုနှစ်တွင် E-Library System ကို Upgrade လုပ်ဆောင်ထားပြီး National Archives Information System (NAIS) Database ဖြင့် သုတေသီများ အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် ဆောင်ရွက်ခဲ့သည်။

မှတ်တမ်းမော်ကွန်းစုဆောင်းမှုတွင် ပြည်ထောင်စုဝန်ကြီးရုံးများ၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များက ရယူကာ စက္ကူမှတ်တမ်းများကို အပူချိန်နှင့် စိုထိုင်းဆထိန်းချုပ်ပြီး ထိန်းသိမ်းသည်။ ကြွပ်ဆတ်ကျိုးပဲ့လွယ်သည့်မှတ်တမ်းများကို ပိုးသတ်ခြင်း၊ အက်စစ်ဖြင့် ချွတ်ခြင်း၊ တစ်ရှူးကို အသုံးပြုကာ ပြင်ဆင်ခြင်းများပြုလုပ်ရာတွင် မော်ကွန်းတိုက်နည်းပညာများကို အသုံးပြုခဲ့သည်။

မော်ကွန်းတိုက်များသည် မှတ်တမ်းများကို ရယူစုဆောင်းခြင်း၊ ရရှိလာသောမှတ်တမ်းများကို နည်းပညာ အကူအညီများဖြင့်ထိန်းသိမ်းခြင်း၊ ပြည်သူများအတွက် မှတ်တမ်းမော်ကွန်းများကို အသုံးပြု၍ ရည်ညွှန်းကိုးကားမှုများကို အထောက်အကူဖြစ်စေခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**သမိုင်းဝင်မှတ်တမ်းမော်ကွန်းများ**

အမျိုးသားမော်ကွန်းတိုက်တွင် ထိန်းသိမ်းထားရှိသည့် မော်ကွန်းမှတ်တမ်းများကို မော်ကွန်းအုပ်စု(၂၉) စုခွဲကာ ထိန်းသိမ်းထားသည်။ ၎င်းတို့သည် လွတ်လပ်ရေးမရမီခေတ်မော်ကွန်းများ (မော်ကွန်းအုပ်စု ၁) မှသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မော်ကွန်းများ(မော်ကွန်းအုပ်စု ၂၉)ထိ ဖြစ်သည်။

အမျိုးသားမော်ကွန်းတိုက်တွင် ထိန်းသိမ်းထားသည့်မော်ကွန်းများတွင် စစ်သူကြီးမဟာဗန္ဓုလပေစာ (၁၈၂၄ ခုနှစ်)၊ ရန္တပိုစာချုပ်(၁၈၂၆ ခုနှစ်)၊ ဗမာနိုင်ငံ၏ အုပ်ချုပ်ရေးအစီရင်ခံစာများ(၁၈၅၆ ခုနှစ်မှ ၁၉၃၅ ခုနှစ်)၊ ဗမာ့ပြန်တမ်းစဉ်များ(၁၈၆၂ ခုနှစ်မှ ၂၀၀၉ ခုနှစ်)၊ အစိုးရ၏ကြေညာချက်များ (၁၈၈၀ ပြည့်နှစ်မှ ၂၀၀၉ ခုနှစ်)၊ ဂျပန်ခေတ် ရွှေရည်စိမ် လွတ်လပ်ရေးကြေညာစာတမ်း(၁၉၄၃ ခုနှစ်)၊ ပင်လုံစာချုပ်(၁၉၄၇ ခုနှစ်)၊ အောင်ဆန်း-အက်တလီစာချုပ် (၁၉၄၇ ခုနှစ် ဇန်နဝါရီ ၁ ရက်)၊ နုအက်တလီစာချုပ် (၁၉၄၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်) အပါအဝင် စာချုပ်စာတမ်းများနှင့် စာချွန်လွှာများ (၁၉၄၇ ခုနှစ်မှ ၂၀၁၅ ခုနှစ်)၊ လွတ်လပ်ရေးကြေညာစာတမ်း (၁၉၄၈ ခုနှစ်)စသည့် မူရင်းစာရွက်စာတမ်းများပါဝင်သည်။ ထို့အတူ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ လက်ရေးများ၊ တံဆိပ်တော်များကိုလည်း စုဆောင်းထားပါသည်။

ထို့ပြင် ဗြိတိသျှခေတ်မော်ကွန်းများ၊ ၁၉၃၉ ခုနှစ်မှ ၁၉၄၂ ခုနှစ်ထိ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ မြန်မာနိုင်ငံ အခြေအနေများ၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသည့် ၁၉၄၂ ခုနှစ် နှစ်ဦးအချိန် စစ်အတွင်းခေတ်မှတ်တမ်းများ၊ ၁၉၄၅ ခုနှစ် ဗြိတိသျှစစ်အုပ်ချုပ်ရေးခေတ်မှတ်တမ်းများ၊ ၁၉၄၅ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ မြန်မာနိုင်ငံကို ဗြိတိသျှဘုရင်ခံပြန်လည်အုပ်ချုပ်သည့်(မြို့ပြ)အုပ်ချုပ်ရေးခေတ်မှတ်တမ်းများ၊ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဘုရင်ခံ၏အမှုဆောင်အစိုးရက မြန်မာနိုင်ငံအတွက်စီစဉ်ခဲ့သည့် အုပ်ချုပ်ရေးမှတ်တမ်းများ၊ ၁၉၄၈ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်အတွင်းပြောင်းလဲလာသည့် အုပ်ချုပ်ရေးစနစ်မှတ်တမ်းများ၊ ၁၉၅၂ ခုနှစ်မှ ၁၉၅၆ ခုနှစ်အတွင်း ပြည်တော်သာစနစ်မှတ်တမ်းများ၊ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရမှတ်တမ်းများ၊ ၁၉၅၆ ခုနှစ် ပါလီမန်သက်တမ်းကုန်ဆုံး၍ ရွေးကောက်ပွဲကျင်းပခဲ့ပြီး ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ပထမအစိုးရသို့ အာဏာလွှဲပြောင်းခဲ့သည့်မှတ်တမ်းများ၊ ၁၉၆၂ ခုနှစ် မတ် ၂ ရက်တွင် တော်လှန်ရေးအစိုးရအဖွဲ့ ဖွဲ့စည်းခဲ့သည့် မှတ်တမ်းများ၊ ၁၉၈၈ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဖွဲ့စည်းခဲ့သည့် မှတ်တမ်းများကို သိမ်းဆည်းထားရှိသည်။

ထို့အတူ မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက် နိုင်ငံတော်စီမံအုပ်ချုပ်ပုံမှတ်တမ်းများ၊ မင်းတုန်းမင်းလက်ထက်တွင် အောက်မြန်မာနိုင်ငံနှင့် ဆက်ဆံမှုစာပေးစာယူမှတ်တမ်းများ၊ ဗြိတိသျှအုပ်ချုပ်ရေးမှတ်တမ်းများကို သိမ်းဆည်းထားရာ စီမံအုပ်ချုပ်ပုံမှတ်တမ်းစာတွဲပေါင်း ၇၇၀၀၀ ကျော်ရှိသည်။

**အမျိုးသားမော်ကွန်းတိုက်(နေပြည်တော်)**

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၏ ဒုတိယမြောက် အမျိုးသားမော်ကွန်းတိုက်ကို နေပြည်တော် ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းတွင် ၂၀၁၅ ခုနှစ် မေ ၂၂ ရက်တွင် ဖွင့်လှစ်ခဲ့ပြီးနောက် စာရေးသူသည် ယဉ်ကျေးမှုဝန်ကြီးဌာန(ယခုသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)၏ အစီအစဉ်ဖြင့် သွားရောက်လေ့လာနိုင်ခဲ့သည်။

နေပြည်တော် အမျိုးသားမော်ကွန်းတိုက်ကို ခေတ်အဆက်ဆက် မော်ကွန်းပြကွက်များ၊ မော်ကွန်းမှတ်တမ်းသိမ်းဆည်းခန်းများ၊ ရည်ညွှန်းစာဖတ်ခန်းတို့ဖြင့်

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။ ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# နှလုံးသားလေး ဖွေးလွှဖြူ

\- သူနှင့်ကိုယ် နှစ်ယောက်ကြား
မဖောက်ပြား အပြန်အလှန်၊
သူ့အပေါ် သစ္စာရှိ
သတိနှင့်ရုံ၊
ပြောပြုတွေး အလုပ်မှန်
ကြိုးကုတ်ကြံ ငြိမ်းချမ်းကြောင်း၊
နှုတ်ထွက်ချို ဆိုသမျှကွယ်
ဓမ္မကိန်းအောင်း။

\- မုဒိတာ အစဉ်ပေါင်းလို့
အမြင်ကောင်း ကြည့်တတ်ကာ၊
အတ္တရှောင် များကောင်းကျိုး
သယ်ပိုးစေရာ၊
လူ့ဘဝ ခဏမှာ
ဓမ္မရှာ အမှန်လမ်း၊
ဖြဟ္မစိုရ် နှလုံးကောင်းကို
ကိန်းအောင်းဆင်မြန်း။

\- ကရုဏာ ရေစင်ဖျန်းလို့
ငွေစင်ပန်း တကြုံကြုံ၊
ကိုယ့်ကိုယ်ကိုယ် အဖိုးထိုက်အောင်
ပျိုးစိုက်လို့ထုံ၊
နှလုံးသား ဖွေးလွှဖြူ
အေးမြမှု လက်ကိုင်သုံး၊
ချစ်သဒ္ဓါဉာဉ်
မေတ္တာဝင် မြဲကိန်းမှန်းကွယ်
ငြိမ်းချမ်းရွှင်ပြုံး။ ။

**ခေတ်သစ်(ကြေပုဂံ)**

# ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၈၁၁ ဧက စိုက်ပျိုးပြီးစီး

**ငပုတော ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၈၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ဧက ၃၈၁၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဆီထွက်သီးနှံစုံ ၃၈၁၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဆီထွက်သီးနှံစုံ ၃၈၁၁ ဧကတွင် မြေပဲ ၃၅၉၈ ဧက၊ နှမ်း ၁၁၉ ဧက၊ နေကြာ ၉၄ ဧက ဖြစ်ကြောင်း သိရသည်။

“ဆောင်းသီးနှံ စိုက်ပျိုးရာသီ ငရုတ်ကောင်းမြို့မှာ ဆီထွက်သီးနှံစုံ ဧက ၃၈၁၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ဆီထွက်သီးနှံစုံ ၃၈၁၁ ဧက စိုက်ပျိုးပြီးပါပြီ။ ဆောင်းသီးနှံတွေ လျာထားဧက ပြည့်မီဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ သန့်ရှင်းလတ်ဆတ်တဲ့ စားသုံးဆီတွေကိုစားသုံးနိုင်စေဖို့နဲ့ ဒေသတွင်းစားသုံးဆီပိုလျှံတဲ့အခါ နိုင်ငံတော်ရဲ့ စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းဖို့အတွက် ဆီထွက်သီးနှံတွေကို စီမံချက်ချမှတ်စိုက်ပျိုးနေတာဖြစ်ပါတယ်”ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် ဆီထွက်သီးနှံစုံ စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ၊ မျိုးစေ့ရွေးချယ်မှု မှန်ကန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးသတ်ဆေးနှင့် အာဟာရဓာတ်ရရှိစေရန် ဆေးသုံးစွဲမှုနည်းစနစ်များ မှန်ကန်စေရေး၊ အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# တံတားဦးမြို့နယ် သပွတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တံတားဦး ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သပွတ်ပင်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ချောယဉ်စုက ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် မိမိတို့ကျေးရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးလုပ်ငန်းများဖော်ဆောင်ရာတွင် ရန်ပုံငွေလေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၆၁ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သပွတ်ပင်ကျေးရွာမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၇၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၃၆၁ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

➤ စာမျက်နှာ ၄ မှအဆက်

ဖွဲ့စည်းထားရှိကာ ရည်ညွှန်းစာဖတ်ခန်းတွင် အမျိုးသားမော်ကွန်းတိုက် သတင်းအချက်အလက်စနစ် (National Archives Information System)မှတစ်ဆင့် မိမိတို့သိလိုသမျှကို အလွယ်တကူရှာဖွေနိုင်သည်။ ၎င်းစနစ်၏ Database များမှတစ်ဆင့် Microfilm Reader များဖြင့် ဖတ်ရှုနိုင်ရန်စီစဉ်ပေးထားသည်။ စက္ကူမဟုတ်သည့် မော်ကွန်းမှတ်တမ်းများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် သိမ်းဆည်းထားရှိသည်။

ရည်ညွှန်းစာဖတ်ခန်းကို အစိုးရရုံးပိတ်ရက်များမှလွဲ၍ ရုံးဖွင့်ရက်တိုင်းတွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်ထားသည်။

အမျိုးသားမော်ကွန်းတိုက်တွင် သမိုင်းဝင်မော်ကွန်းမှတ်တမ်းများ၊ အမျိုးသားရေးလက္ခဏာများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ထားကာ မော်ကွန်းများကို နိုင်ငံသားတို့၏ အခွင့်အရေး သက်သေခံအဖြစ် တရားရုံးများတွင် သက်သေအထောက်အထားတင်ပြခွင့်ရှိသည်။ ထို့အတူ အစိုးရဌာနများသည် မှတ်တမ်းများကို ပြန်လည်ကိုးကားနိုင်သဖြင့် မော်ကွန်းတိုက်သည် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားလည်ပတ်ရာတွင် အရေးကြီးသည့်နေရာ၌ ပါဝင်နေပေသည်။

မြန်မာနိုင်ငံအမျိုးသားမော်ကွန်းတိုက်များ၏ လုပ်ငန်းတာဝန်များသည် နိုင်ငံ၏ သမိုင်းဝင်မော်ကွန်းဆိုင်ရာ အထောက်အထားများကို မပျောက်မပျက်ရေရှည်ထိန်းသိမ်းထားရှိရန်၊ သုတေသနလုပ်ငန်းများနှင့် ရည်ညွှန်းကိုးကားမှုတို့အတွက် ဝန်ဆောင်မှုပေးရန်၊ မော်ကွန်းပညာရပ်၏အရေးပါမှုကို ပြည်သူလူထုအတွင်း သိရှိပြန့်ပွားစေရန်ဖြစ်သည်။ ထို့ကြောင့် အမျိုးသားမော်ကွန်းတိုက်များသည် မှတ်တမ်းအထောက်အထား မော်ကွန်းရှာဖွေလိုသူများ အားကိုးရသည့် ဌာနတစ်ခုဖြစ်လာခဲ့ပေသည်။

**ကိုးကား**

- **အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ(၁၉၉၀)**
- **အမျိုးသားမော်ကွန်းတိုက် မူဝါဒ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ**
- **နေပြည်တော်မော်ကွန်းတိုက်လေ့လာရေးမှတ်စုများ**

## နိုင်ငံတကာ သတင်းများ

# ယခုနှစ် ဗင်နီဇွဲလားစီးပွားရေးဖွံ့ဖြိုးမှုနှုန်း ရှစ်ရာခိုင်နှုန်းရှိနိုင်ကြောင်း သမ္မတနီကိုလပ်စ်မာဒူရို ပြောကြား



**ကာရာကတ်စ် ဇန်နဝါရီ ၁၆**

ဗင်နီဇွဲလားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးနှုန်းသည် ၂၀၂၃ ခုနှစ်တွင် ငါးရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ပြီး ယခုနှစ်တွင်မူ ရှစ်ရာခိုင်နှုန်းထိ ဖွံ့ဖြိုးအားကောင်းလာနိုင်ကြောင်း ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုက ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ထို့နည်းတူ ဗင်နီဇွဲလား၏ ပြည်တွင်းငွေတန်ဖိုးဖောင်းပွမှုနှုန်းမှာလည်း ယခုနှစ်တွင် ဂဏန်းနှစ်လုံးထိသာရှိလိမ့်မည်ဖြစ်ကြောင်း သမ္မတမာဒူရိုက ဇန်နဝါရီ ၁၅ ရက် လွှတ်တော်မိန့်ခွန်း၌ ခန့်မှန်းထားသည်။

ဗင်နီဇွဲလားနိုင်ငံ၏ ပြည်တွင်းငွေတန်ဖိုး ဖောင်းပွမှုနှုန်းသည် ၂၀၂၃ခုနှစ်အတွင်း ရာခိုင်နှုန်း ၁၉၀ထိ ရှိခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံက အရေးယူပိတ်ဆို့မှုများ ဖြေလျှော့ပေးခဲ့ပြီးနောက် ဗင်နီဇွဲလားနိုင်ငံ၏ ရေနံပို့ကုန်ဝင်ငွေများ ပြန်လည်အားကောင်းလာခဲ့ရသည်။

ဗင်နီဇွဲလားအစိုးရက အတိုက်အခံများနှင့် ရွေးကောက်ပွဲသဘောတူညီချက်တစ်ရပ် ရယူနိုင်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် ဗင်နီဇွဲလားနိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများကို ဖြေလျှော့ပေးခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံသည် ယခုနှစ် နှစ်လယ်ပိုင်းတွင် အထွေထွေရွေးကောက်ပွဲတစ်ပွဲကျင်းပနိုင်ဖွယ် ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဒါးဗို့စ်ကမ္ဘာ့စီးပွားရေးဖိုရမ်၌ တရုတ်ဝန်ကြီးချုပ် မိန့်ခွန်းပြောကြား

**ဒါးဗို့စ် ဇန်နဝါရီ ၁၆**

တရုတ်ဝန်ကြီးချုပ် လီချန်းသည် ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်မြို့၌ ယနေ့တွင်ကျင်းပသည့် ဒါးဗို့စ်ကမ္ဘာ့စီးပွားရေးဖိုရမ်၌ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံရေးခေါင်းဆောင်များကို မိန့်ခွန်းပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုများအတွက် တံခါးဖွင့်ထားကြောင်း ဒါးဗို့စ်ကမ္ဘာ့စီးပွားရေးဖိုရမ် မိန့်ခွန်းတွင် တရုတ်ဝန်ကြီးချုပ် လီချန်းက ကြေညာခဲ့သည်။

တရုတ်နိုင်ငံ၏ စီးပွားရေးသည် ပြန်လည်ဦးမော့လာခဲ့ရာ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၅ ဒသမ ၅ ရာခိုင်နှုန်းထိရှိခဲ့ကြောင်း တရုတ်ဝန်ကြီးချုပ်က ဒါးဗို့စ်ဖိုရမ်မိန့်ခွန်း၌ ထုတ်ဖော်ပြောကြားခဲ့သည်။

နှစ်ပေါင်း ၄၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် တရုတ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်း အလားအလာများနှင့်ပတ်သက်၍ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကစိုးရိမ်နေစဉ် တရုတ်ဝန်ကြီးချုပ် လီချန်းက ဒါးဗို့စ်ကမ္ဘာ့စီးပွားရေးဖိုရမ်၌ အဓိကမိန့်ခွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း တရုတ်ဝန်ကြီးချုပ်ရာထူး စတင်ရယူခဲ့သော လီချန်းသည် တရုတ်နိုင်ငံရေးလောက အစဉ်အလာအရ စီးပွားရေးကိစ္စများကို ဦးဆောင်ရသည့် တရုတ်ခေါင်းဆောင်ဖြစ်သည်။

လက်ရှိကျင်းပနေသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်တွင်နိုင်ငံအကြီးအကဲ ၆၀ကျော်အပါအဝင် ကမ္ဘာ့နိုင်ငံ ၁၂၀တို့မှ ကိုယ်စားလှယ် ဦးရေ ၂၈၀၀ကျော် တက်ရောက်နေကြောင်း သိရသည်။

Ref : Xinhua
Trs : KKO




# တောင်ကိုရီးယားကို ရန်သူနိုင်ငံအဖြစ်သတ်မှတ်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ကင်ဂျုံအန် တိုက်တွန်း

**ပြုံယမ်း ဇန်နဝါရီ ၁၆**

တောင်ကိုရီးယားကို အဓိကရန်သူနိုင်ငံအဖြစ် သတ်မှတ်ထားနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြောင်းလဲရန် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ဇန်နဝါရီ ၁၅ ရက်တွင် တောင်းဆိုခဲ့သည်။

ထို့ပြင် အကယ်၍ တောင်ကိုရီးယားနှင့် စစ်ဖြစ်ရမည်ဆိုလျှင်လည်း ယင်းစစ်ပွဲကိုရှောင်လွှဲရန် ရည်ရွယ်ချက်မရှိကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံမှာ အဓိကရန်သူနိုင်ငံဖြစ်ကြောင်းကို မြောက်ကိုရီးယားပြည်သူများအား ပညာပေးနိုင်ရန်နှင့် မြောက်ကိုရီးယားနယ်နိမိတ်ကိုတောင်ကိုရီးယားနှင့်သီးခြားဖြစ်နေသော နယ်နိမိတ်အဖြစ်သတ်မှတ်နိုင်ရန် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သင့်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင်က ပြောကြားခဲ့သည်။

ဇန်နဝါရီ ၁၅ ရက်တွင် ကျင်းပခဲ့သည့် မြောက်ကိုရီးယားပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ကင်ဂျုံအန်က အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့ပေါင်းစည်းရေးကို လုံးဝမဖြစ်နိုင်သည့်ကိစ္စအဖြစ် မိမိသတ်မှတ်ထားကြောင်း ကင်ဂျုံအန်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်မှုများကြောင့် ကိုရီးယားကျွန်းဆွယ်၌တင်းမာမှုများမြင့်တက်နေစဉ် တောင်ကိုရီးယားကို ရန်သူနိုင်ငံအဖြစ် သတ်မှတ်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ကင်ဂျုံအန်က တိုက်တွန်းထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# အမေရိကန်သင်္ဘောများကိုပစ်မှတ်ထား တိုက်ခိုက်မည်ဟု ဟူသီအုပ်စုသတိပေး

**ဆာနား ဇန်နဝါရီ ၁၆**

ပင်လယ်နီရေကြောင်းလမ်းများ၌ သွားလာနေသည့် အမေရိကန်သင်္ဘောများကို ပစ်မှတ်များအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ယီမင်အခြေစိုက် အီရန် ကျောထောက်နောက်ခံပြု ဟူသီသူပုန်အုပ်စုက ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ပင်လယ်နီ ရေကြောင်းလမ်းများမှတစ်ဆင့် အစ္စရေးသို့ဦးတည်နေသော သင်္ဘောများကိုသာမက အမေရိကန် သင်္ဘောများကိုလည်း မိမိတို့ပစ်မှတ်ထားတိုက်ခိုက်မည်ဖြစ်ကြောင်း ဟူသီသူပုန်အုပ်စုပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ယီမင်၌ပြုလုပ်ခဲ့သည့် တိုက်ခိုက်မှုများကြောင့် အမေရိကန်နှင့်ဗြိတိန်သင်္ဘောများမှာ ဟူသီအုပ်စု၏ တရားဝင်ပစ်မှတ်များဖြစ်လာခဲ့ပြီဖြစ်ကြောင်း ဟူသီအုပ်စုပြောရေးဆိုခွင့်ရှိသူက သတိပေးထားသည်။

အမေရိကန်နိုင်ငံနှင့် ဗြိတိန်တို့သည် ဟူသီသူပုန်အုပ်စုက ပင်လယ်နီနိုင်ငံတကာ ရေလမ်းကြောင်းများကို တိုက်ခိုက်နေမှုကို တုံ့ပြန်သည့်အနေဖြင့် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ယီမင်နိုင်ငံအတွင်းရှိ ဟူသီပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြသည်။

ဟူသီသူပုန်အုပ်စုသည် အစ္စရေး၏ဂါဇာစစ်ပွဲကို တုံ့ပြန်သည့်အနေဖြင့် ပင်လယ်နီရေလမ်းကြောင်းများကို တိုက်ခိုက်နေခြင်းဖြစ်သည်။

ဂါဇာစစ်ပွဲကို အစ္စရေးနိုင်ငံက မရပ်ဆိုင်းသေးသရွေ့ ပင်လယ်နီရေလမ်းကြောင်းများကို ဆက်လက်တိုက်ခိုက်မည်ဖြစ်သည်ဟု ဟူသီသူပုန်အုပ်စုက ကြေညာထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အမေရိကန်နိုင်ငံ အိုင်အိုးဝါးပြည်နယ်၌ကျင်းပခဲ့သော ရီပတ်ဘလီကန်ပါတီ ကိုယ်စားပြုသမ္မတလောင်းရွေးချယ်ပွဲတွင် ဒေါ်နယ်ထရန့် အနိုင်ရရှိ

**နယူးယောက် ဇန်နဝါရီ ၁၆**

အမေရိကန်နိုင်ငံ အိုင်အိုးဝါးပြည်နယ်၌ ဇန်နဝါရီ ၁၅ ရက်က ကျင်းပခဲ့သော ရီပတ်ဘလီကန်ပါတီ ကိုယ်စားပြုသမ္မတလောင်းရွေးချယ်ပွဲတွင် သမ္မတဟောင်း ဒေါ်နယ်ထရန့်က အနိုင်ရရှိထားကြောင်း သိရသည်။

အိုင်အိုးဝါးပြည်နယ် ရီပတ်ဘလီကန်သမ္မတလောင်းရွေးချယ်ပွဲသည် ၂၀၂၄ ခုနှစ်၏ ပထမဆုံးသော ရီပတ်ဘလီကန်ပါတီကိုယ်စားပြုသမ္မတလောင်း ရွေးချယ်ပွဲဖြစ်သည်။




အဆိုပါ ရီပတ်ဘလီကန်ပါတီကိုယ်စားပြုသမ္မတလောင်းရွေးချယ်ပွဲတွင် ဒေါ်နယ်ထရန့်သည် အိုင်အိုးဝါးပြည်နယ် ရီပတ်ဘလီကန်ပါတီဝင်များ၏ ထောက်ခံမဲ ထက်ဝက်ကျော်ကို ရယူနိုင်ခဲ့သည်။

အိုင်အိုးဝါးပြည်နယ် ရီပတ်ဘလီကန်ပါတီကိုယ်စားပြုသမ္မတလောင်းရွေးချယ်ပွဲတွင် ဖလော်ရီဒါပြည်နယ်အုပ်ချုပ်ရေးမှူး ရွန်ဒီဆန်းတစ်နှင့် ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကြီးဟောင်း နစ်ကီဟာလေတို့အနေဖြင့် ဒေါ်နယ်ထရန့်ကို စိန်ခေါ်နိုင်မှုမရှိခဲ့ကြောင်း သိရသည်။

အသက် ၇၇နှစ်အရွယ် ရီပတ်ဘလီကန်သမ္မတဟောင်း ဒေါ်နယ်ထရန့်သည် ယခုနှစ် နိုဝင်ဘာလတွင်ကျင်းပမည့် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ထားသည်။

သမ္မတဟောင်း ဒေါ်နယ်ထရန့်သည် ရာဇဝတ်မှုဖြင့် တရားစွဲခံထားရသည့် တစ်ဦးတည်းသော အမေရိကန်သမ္မတဟောင်း ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## တီယန်ကျိုး-၇ အာကာသကုန်တင်ယာဉ် လွှတ်တင်ရေးအတွက် တရုတ်အမျိုးသားအာကာသအေဂျင်စီ ပြင်ဆင်နေ



**ပေကျင်း ဇန်နဝါရီ ၁၆**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် တီယန်ကျိုး-၇ အာကာသကုန်တင်ယာဉ်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၅ ရက်သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် တီယန်ကျိုး-၇ အာကာသကုန်တင်ယာဉ်နှင့် လောင်းမတ်ချ်-၇ ဝိုင် ၈ ဒုံးပျံတို့ကို ဟိုင်နန်ပြည်နယ် ဝန်ချန်အာကာသစခန်းသို့ ပို့ဆောင်ထားကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တီယန်ကျိုး-၇ နှင့် လောင်းမတ်ချ်-၇ ဝိုင် ၈ ဒုံးပျံတို့ကို မလွှတ်တင်မီ အကြိုစစ်ဆေးစမ်းသပ်မှုများ ပြုလုပ်မည်ဖြစ်သည်ဟု တရုတ်အမျိုးသား အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

တီယန်ကျိုး-၇ မစ်ရှင်သည် တရုတ်နိုင်ငံ၏ တီယန်ကောင်း အာကာသစခန်းအတွက် စီစဉ်ထားသည့် ၁၀ ခုမြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

တီယန်ကျိုး-၇ အာကာသကုန်တင်ယာဉ်ကို မလွှတ်တင်မီ တီယန်ကောင်း အာကာသစခန်း၌ ဆိုက်ကပ်ထားသည့် တီယန်ကျိုး-၆ အာကာသ ကုန်တင်ယာဉ်သည် ဇန်နဝါရီ ၁၅ ရက်တွင် အာကာသစခန်းယာဉ်မှ ခွာထွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

တီယန်ကျိုး-၆ အာကာသကုန်တင်ယာဉ်သည် လာမည့်ရက်ပိုင်းတွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်ဝင်ရောက်လာဖွယ်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## ကိုဗစ်-၁၉ ရောဂါခံစားရပြီးနောက် ကြွက်သားတွင် ပေါ်ထွက်လာသောအပြောင်းအလဲများ ရင်ဆိုင်နေရ

**အမ်စတာဒမ် ဇန်နဝါရီ ၁၆**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးနောက် ရောဂါလက္ခဏာများ ရေရှည် ဆက်ခံစားနေရသူများ ကြွက်သားတွင်ပေါ်ထွက်လာသော အပြောင်းအလဲများ ရင်ဆိုင်နေရကြောင်း ဇန်နဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါ လက္ခဏာများ ရေရှည်ဆက်ခံစားနေကြရသူများတွင် ကြွက်သားများ၌ အပြောင်းအလဲရှိလာမှု လက္ခဏာများကို ထင်ရှားစွာတွေ့နေရကြောင်း နယ်သာလန်သုတေသနပညာရှင်များက ပြောကြားသည်။

ကိုဗစ်လူနာ ရှစ်ဦးလျှင် တစ်ဦးတွင် မောပန်းနွမ်းနယ်မှုအပါအဝင် ကိုဗစ်ရောဂါ လက္ခဏာများကို ရေရှည်လနှင့်ချီ၍ ဆက်လက်ခံစားကြရကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်ရောဂါလက္ခဏာများ ရေရှည်ခံစားနေရသော လူနာများ၏ ကြွက်သားအပြောင်းအလဲများသည် ပင်ပန်းနွမ်းနယ်မှုပြဿနာနှင့် ဆက်စပ်နေနိုင်ကြောင်း နယ်သာလန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

နယ်သာလန် သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါလက္ခဏာ ရေရှည် ခံစားနေကြရသူများ၏ ကြွက်သားဆဲလ်များနှင့် ကျန်းမာသူများ၏ ကြွက်သားဆဲလ်များကို နှိုင်းယှဉ်လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်-၁၉ လက္ခဏာရေရှည်ခံစားနေရသူများ၏ကြွက်သားဆဲလ်များတွင် မူမမှန်မှုအမျိုးမျိုး တွေ့နေရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**

## တိုင်ရန်နိုဆောရပ်စ်ဒိုင်နိုဆောများနှင့် အနီးစပ်ဆုံး ဒိုင်နိုဆောမျိုးစိတ်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို နယူးမက္ကဆီကိုပြည်နယ်၌ ရှာဖွေတွေ့ရှိထား


**ဝါရှင်တန် ဇန်နဝါရီ ၁၆**

တိုင်ရန်နိုဆောရပ်စ်ဒိုင်နိုဆောများနှင့် အနီးစပ်ဆုံး ဒိုင်နိုဆောမျိုးစိတ်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ်၌ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၁၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဒိုင်နိုဆောမျိုးစိတ်သစ်ကို အမေရိကန်သိပ္ပံပညာရှင်များက Tyrannosaurus Mcraeensis ဟူ၍ အမည်ပေးထားကြောင်း သိရသည်။

Tyrannosaurus Mcraeensis ဒိုင်နိုဆောများသည် တိုင်ရန်နိုဆောရပ်စ်များထက် ပို၍ ရှေးကျသော်လည်း အရွယ်အစားမှာ တိုင်ရန်နိုဆောရပ်စ်များ၏ အရွယ်အစားလောက်ပင်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Tyrannosaurus Mcraeensis ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရ တိုင်ရန်နိုဆောရပ်စ်များသည် ယခင်တွေးထင်ထားသည်ထက်စော၍ မြောက်အမေရိကသို့ ရောက်ရှိခဲ့ခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။



မိမိတို့၏တွေ့ရှိချက်အရ Tyrannosaurus Mcraeensis ဒိုင်နိုဆောများသည် လွန်ခဲ့သောနှစ်ပေါင်း ၇၁ သန်းနှင့် ၇၃ သန်းကြားတွင် ရှင်သန်ခဲ့သည့် ဒိုင်နိုဆောများဖြစ်ရာ တိုင်ရန်နိုဆောရပ်စ်များထက် နှစ်ပေါင်း ငါးသန်းမှ ခုနစ်သန်းထိ ပိုစောကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Tyrannosaurus Mcraeensis ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းများကို နယူးမက္ကဆီကိုပြည်နယ် ဟောလ်လိတ်ခ် ကျောက်လွှာနယ်မြေ၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## အူမကြီးရောင်ရမ်းမှုရောဂါနှစ်မျိုးက လူမျိုး၊ လိင်နှင့်မွေးဖွားရာအရပ်အလိုက် ပုံစံအမျိုးမျိုးရှိနေနိုင်

**နယူးယောက် ဇန်နဝါရီ ၁၆**

Crohn's Disease နှင့် Ulcerrative Colitis ခေါ် အူမကြီး ရောင်ရမ်းမှုရောဂါ နှစ်မျိုးသည် လူမျိုး၊ လိင်နှင့် မွေးဖွားရာအရပ်တို့အလိုက် ပုံစံအမျိုးမျိုး ရှိနေနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇန်နဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

အထက်ပါ ရောဂါနှစ်မျိုးသည် အစာခြေလမ်းကြောင်းစနစ် ရောင်ရမ်းချိန်တွင် ဖြစ်ပွားတတ်သည့် ရောဂါများဖြစ်ကြသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ရပ်ဂျားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ Crohn's Disease နှင့် Ulcerrative Colitis ရောဂါများသည် လူနာ၏လူမျိုးနှင့် လိင်တို့အလိုက် ပုံစံများကွဲသွားနိုင်ကြောင်း သိရသည်။

ထို့ပြင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ အထက်ပါရောဂါနှစ်မျိုးသည် မွေးဖွားရာနေရာကိုလိုက်၍ ပုံစံများကွဲနေနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အဆိုပါရောဂါနှစ်မျိုး ခံစားနေရသည့်လူနာပေါင်း ၅၂၅ ဦးတို့၏ ကျန်းမာရေးမှတ်တမ်းများကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ယခင်က အူမကြီးရောင်ရမ်းမှု ရောဂါများသည် ဥရောပနှင့်မြောက်အမေရိကတို့၌ ဖြစ်ပွားတတ်သည့် ရောဂါမျိုးဖြစ်သော်လည်း ယခုအခါ တစ်ကမ္ဘာလုံး၌တွေ့နိုင်သည့်ရောဂါမျိုးဖြစ်လာခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## ပစိဖိတ်သမုဒ္ဒရာမြေအောက်၌ အလွန်ကြီးမားသောမီးတောင်နယ်မြေတစ်ခု ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၁၆**

ပစိဖိတ်သမုဒ္ဒရာမြေအောက်၌ အလွန်ကြီးမားသော မီးတောင်နယ်မြေတစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

မီလန်နီးရှန်းနယ်စည်းနယ်မြေဟူ၍ အမည်ပေးထားသော အဆိုပါ မီးတောင်နယ်မြေသည် အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ၈၅၀၀ ကျော်ထိ ရှိကြောင်း၊ အမေရိကန်နိုင်ငံ နီဗားဒါးတက္ကသိုလ်မှသိပ္ပံပညာရှင်များက ပြောကြားသည်။

မီလန်နီးရှန်းနယ်စည်းနယ်မြေဝန်းကျင်မှ ရယူထားသည့် ကျောက်သားနမူနာ အထောက်အထားများအရ ၎င်းမီးတောင်နယ်မြေသည် ဒိုင်နိုဆောများရှင်သန်ခဲ့သော ဘူမိခေတ်ကပင် စတင်ပေါ်ထွက်ခဲ့ပြီး ယနေ့ထိလည်း အရွယ်အစားကြီးမားနေဆဲဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ကမ္ဘာ့သမုဒ္ဒရာများအတွင်း ပင်လယ်ရေအောက် မီးတောင်များရှိနေတတ်ပြီး ၎င်းမီးတောင်များ ပေါက်ကွဲမှုကြောင့် ဟာဝိုင်ရီကျွန်းနှင့် ဂျပန်နိုင်ငံကဲ့သို့ ကျွန်းတန်းဆက်များ ပေါ်ထွက်လာရခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် မီးတောင်လှုပ်ရှားမှုများကြောင့် ပေါ်ထွက်လာသည့် ပင်လယ်ရေအောက် မီးတောင်နယ်မြေများသည် အရွယ်အစားအားဖြင့် အချိန်နှင့်အမျှ ပို၍ကြီးမားလာတတ်ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါပင်လယ်ရေအောက် မီးတောင်နယ်မြေများ၏ သက်တမ်းမျိုးကို သိပ္ပံပညာရှင်များအနေဖြင့် ခန့်မှန်းရခက်ခဲနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

# နည်းပြမော်ရင်ဟိုကို ရာထူးမှထုတ်ပယ်ကြောင်း ရိုးမားအသင်း အတည်ပြုကြေညာ

**ရောမ ဇန်နဝါရီ ၁၆**

ရိုးမားအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ပိုင်းတည်ငြိမ်မှုမရှိသည့်အတွက် နည်းပြမော်ရင်ဟိုကို ရာထူးမှထုတ်ပယ်ခဲ့သည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

နည်းပြမော်ရင်ဟိုသည် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက ရိုးမားအသင်းကိုဦးဆောင်၍ ယူရိုပါကွန်ဖရင့်လိဂ်ချန်ပီယံဆုဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အပြင် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီကလည်း အသင်းကို ယူရိုပါလိဂ် ဖိုင်နယ်ပွဲသို့ ပို့ဆောင်နိုင်ခဲ့ကာ ဆီဗီလာအသင်းကို ပင်နယ်တီတွင် ရှုံးနိမ့်ခဲ့သဖြင့် ဒုတိယဆုသာရရှိခဲ့သည်။

သို့သော် နည်းပြမော်ရင်ဟိုသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းကို အမှတ်ပေးပြိုင်ပွဲ ၂၀ ကစားအပြီးတွင် ရမှတ် ၂၉ မှတ်သာရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အသင်းအနေဖြင့် ရလဒ်ပိုင်းတည်ငြိမ်မှုရရှိရန် ရုန်းကန်ခဲ့ရကာ ကိုပါအီတာလီယာဖလားပြိုင်ပွဲတွင် လာဇီယိုကို တစ်ဂိုး ဂိုးမရှိ၊ အမှတ်ပေးပွဲတွင် အေစီမီလန်အသင်းကို သုံးဂိုး တစ်ဂိုးတို့ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းတာဝန်ရှိသူများက နည်းပြမော်ရင်ဟိုကို ရာထူးမှ ထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရိုးမားအသင်းသည် နည်းပြမော်ရင်ဟိုနေရာတွင် အသင်းကစားသမားဟောင်းနည်းပြ ဒီရော့ဆီကိုခန့်အပ်ရန် ဆွေးနွေးမှုပြုလုပ်နေပြီး မကြာမီနည်းပြသစ်ခန့်အပ်သွားမည်ဟု အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**



# ၂၀၂၃ ခုနှစ်အတွက် ဖီဖာတစ်နှစ်တာအကောင်းဆုံးကစားသမားဆုပေးအပ်ပွဲအခမ်းအနားကျင်းပ



**လန်ဒန် ဇန်နဝါရီ ၁၆**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပခဲ့သည့် ၂၀၂၃ ခုနှစ် ဖီဖာတစ်နှစ်တာ အကောင်းဆုံးဆုပေးပွဲအခမ်းအနားတွင် အကောင်းဆုံးကစားသမားဆု၊ အကောင်းဆုံးနည်းပြဆု၊ အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးသွင်းဂိုးဆု၊ အကောင်းဆုံး ပရိသတ်ဆုနှင့် အကောင်းဆုံး အသင်းဆုစသည့်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို မက်ဆီက အမ်ဘက်ပီနှင့် ဟာလန်းတို့ကိုကျော်ဖြတ်ကာ ဆွတ်ခူးခဲ့ပြီး၊တစ်နှစ်တာအကောင်းဆုံး အမျိုးသမီးကစားသမားဆုကို ဟာမိုဆို၊ လင်ဒါတို့ကိုကျော်ဖြတ်ပြီး ဘာစီလိုနာအသင်းမှ ဘွန်မာတီက လည်းကောင်း၊ အကောင်းဆုံး ဂိုးသမားဆုကို ကော့တွိုက်၊ ဘိုနိုတို့ကိုကျော်ဖြတ်၍ အီဒါဆန်က လည်းကောင်း၊ အမျိုးသမီးဂိုးသမားဆုအတွက် ကာတိုကိုးလ်၊ အာနိုးတို့ကိုကျော်ဖြတ်ပြီး မေရီအက်ဗ်က လည်းကောင်း၊အကောင်းဆုံးနည်းပြဆုကိုနည်းပြ ဆီမွန်နီစပယ်လက်တီကိုကျော်ဖြတ်၍ နည်းပြဂွါဒီယိုလာကလည်းကောင်း၊အမျိုးသမီးနည်းပြဆုကို ဟေးရက်စ်၊ ဂီရယ်ဒက်ဗ်တို့ကို ကျော်ဖြတ်ပြီး နည်းပြဝိုင်ဂမန်းက လည်းကောင်း၊ အကောင်းဆုံးသွင်းဂိုးဆုကို ဘရာဇီးကလပ် ဘိုတာဖိုဂိုကစားသမား မာဒရူဂါကလည်းကောင်း၊ တစ်နှစ်တာအကောင်းဆုံး ပရိသတ်ဆုကို အာဂျင်တီးနားကလပ် အက်သလက်တီကိုကိုလုံးအသင်းပရိသတ် ဟူဂိုဒန်နီရယ်ကလည်းကောင်း အသီးသီး ဆွတ်ခူးခဲ့ကြသည်။

တစ်နှစ်တာ အကောင်းဆုံး အမျိုးသားအသင်းတွင် ဂိုးသမား ကော့တွိုက်၊ ခံစစ်ကစားသမား ဝေါ်လ်ကာ၊ ဂျွန်စတုန်း၊ ရူဘင်ဒီယက်ဇ်၊ ကွင်းလယ်တွင် ဘာနာဒို ဆေးဗား၊ ဒီဘရိုင်း၊ ဘယ်လင်ဟမ်၊ တိုက်စစ်တွင် မက်ဆီ၊ ဟာလန်း၊ အမ်ဘက်ပီ၊ ဗင်နီစီးယက်စ်တို့ပါဝင်ခဲ့ပြီး အမျိုးသမီးအသင်းတွင် ဂိုးသမားမေရီအက်ဗ်၊ ခံစစ်ပိုင်းတွင် လူစီ၊ အဲလက်စ်ဂရင်းဝုဒ်၊ အိုလ်ဂါ၊ကွင်းလယ်တွင် လူရန့်ဂျိမ်း၊ ဘွန်မာတီ၊ ကီယာဝက်ချ်၊ အယ်လာတွန်နီ၊ ရက်ဆို၊ တိုက်စစ်ပိုင်းတွင် ဆမ်ခါ၊ အဲလက်မော်ဂန်တို့ ပါဝင်ခဲ့သည်။

အဆိုပါ ဆုပေးပွဲအခမ်းအနားသို့ အားလုံးတက်ရောက်လက်ခံယူခဲ့သော်လည်း အမျိုးသားအကောင်းဆုံးဆုရရှိသည့် တိုက်စစ်မှူးမက်ဆီ တက်ရောက်ခြင်း မရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik**

**Trs : ML**

# နယူးကာဆယ်ကစားသမား ဂျိုလင်တန် ဒဏ်ရာခွဲစိတ်ကုသမှုကြောင့် ရာသီကုန်ထိအနားယူရမည်

**လန်ဒန် ဇန်နဝါရီ ၁၆**

နယူးကာဆယ်အသင်းတိုက်စစ်မှူး ဂျိုလင်တန်သည် ဆန်းဒါးလန်းအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်တွင် ပေါင်ကြွက်သားဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သောကြောင့် ရာသီကုန်ထိကာလရှည် အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ဂျိုလင်တန်သည် ဇန်နဝါရီ ၆ ရက်က ကစားခဲ့သည့်ပွဲစဉ်တွင် ရရှိခဲ့သည့်ဒဏ်ရာကြောင့် ကနဦးစစ်ဆေးမှုများ ပြုလုပ်ရာတွင် ရက်သတ္တပတ်ခြောက်ပတ်ခန့် အနားယူရမည်ဖြစ်သော်လည်း ယခုအခါ ဒဏ်ရာအခြေအနေမှာ သက်သာလာခြင်းမရှိသဖြင့် ထပ်မံစစ်ဆေးမှုများပြုလုပ်ခဲ့ရာ ခွဲစိတ်ကုသရမည်ဖြစ်သောကြောင့် လေးလခန့်အနားယူရမည်ဖြစ်သည့်အတွက် ယခုနှစ်ဘောလုံးရာသီကုန်ထိ နယူးကာဆယ်အသင်းပွဲစဉ်များကို လွဲချော်မည်ဖြစ်သည်။

ဂျိုလင်တန်သည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းအတွက် ပြိုင်ပွဲစုံ ၂၃ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုး သုံးဂိုးနှင့် ဂိုးဖန်တီးမှုလေးကြိမ်ထိပြုလုပ်နိုင်ခဲ့ပြီး နည်းပြဟိုဝီ၏လက်အောက်တွင် အဓိကကစားသမားတစ်ဦးအဖြစ်ပါဝင်ခွင့်ရနေသောကြောင့် ပေါင်ကြွက်သားဒဏ်ရာခွဲစိတ်မှုကို ရှောင်လွှဲနိုင်ရန် အထူးကုများဖြင့် ကုသမှုခံယူခဲ့သော်လည်း ဒဏ်ရာအခြေအနေပြင်းထန်သဖြင့် ခွဲစိတ်မှုကိုရှောင်လွှဲနိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

နယူးကာဆယ် အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့သော်လည်း အုပ်စုပွဲစဉ်များအပြီးတွင် အောက်ဆုံးတွင် ရပ်တည်ခဲ့သောကြောင့် ဥရောပပြိုင်ပွဲမှထွက်ခွာခဲ့ရပြီး အမှတ်ပေးပြိုင်ပွဲတွင်လည်း ၂၁ ပွဲကစားအပြီးတွင် ရမှတ် ၂၉ မှတ်သာရရှိခဲ့သဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန်ခက်ခဲနေသကဲ့သို့ လက်ရှိတွင်လည်း ဂျိုလင်တန်အပါအဝင် အဓိကကစားသမားများဒဏ်ရာရရှိနေမှုကြောင့်ရုန်းကန်ရနိုင်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းက ဘိုင်ယန်မြူးနစ်အသင်းတွင် ပျော်ရွှင်မှုမရှိတော့သည့်ခံစစ်ကစားသမား ဒီလိုက်ကိုခေါ်ယူနိုင်ရန် ကြိုးပမ်းနေပြီး လာမည့်နွေရာသီတွင်ခေါ်ယူနိုင်ရန် ဦးစားပေးပစ်မှတ်ထားနေကြောင်း သိရသည်။
- အေဗီလာအသင်းက ဇီဗက်ဒါအသင်း ခံစစ်ကစားသမားကိုစတာကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၇ ဒသမ ၈ သန်းဖြင့် ခေါ်ယူနိုင်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်က နည်းပြစကာလိုနီနှင့်တွေ့ဆုံခဲ့ပြီးနောက် ၎င်းအနေဖြင့် လာမည့်နွေရာသီတွင် ကျင်းပမည့် ကိုပါဖလားပြိုင်ပွဲပြီးဆုံးချိန်ထိ အသင်းတွင် ဆက်လက်ရှိနေမည်ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ML

# LIV Golf ကိုစွန့်ခွာပြီး DP World Tour နှင့် ဂျိုအာကွင်း ပြန်လည်ပူးပေါင်း

**ဆန်တီယာဂို ဇန်နဝါရီ ၁၆**

ချီလီဂေါက်သီးရိုက်ကစားသမား ဂျိုအာကွင်းသည် LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နေရာမှ DP World Tour ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ပြန်လည်ပူးပေါင်းရန် ဆုံးဖြတ်ခဲ့သည်ဟု ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

PGA Tour နှင့် DP World Tourဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နေသည့်ကစားသမားများကိုသာ ကမ္ဘာ့အဆင့်သတ်မှတ်ချက်၌ထည့်သွင်းတွက်ချက်ပေးမည့် ဆုံးဖြတ်ချက်မှာ မျှတမှုမရှိကြောင်း ဂျိုအာကွင်းက ဝေဖန်ခဲ့သည်။

ဂျိုအာကွင်းသည် LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်၌ ယှဉ်ပြိုင်နေရသည်ကိုသဘောကျသော်လည်း ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ထည့်သွင်းတွက်ချက်ခံရမည်မဟုတ်သည့်အခြေအနေကို ရှောင်လွှဲနိုင်ရေးအတွက် LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်ကို စွန့်ခွာခဲ့ခြင်းဖြစ်ပြီး LIV Golf အဖွဲ့ချုပ်သို့ မကူးပြောင်းမီက ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့အဆင့်(၂၀)အတွင်းရပ်တည်နိုင်ခဲ့သော ကစားသမားတစ်ဦးဖြစ်သည်။

LIV Golf အဖွဲ့ချုပ်၏ ကော်မရှင်နာ ဂရေ့နော်မန်က ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် LIV Golf အဖွဲ့ချုပ်တွင် ယှဉ်ပြိုင်နေသည့်ပြိုင်ပွဲဝင်များကို ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ထည့်သွင်းပေးရန် Official World Golf Ranking (OWGR)အဖွဲ့အစည်းဖြင့် ဆွေးနွေးမှုပြုလုပ်ခဲ့သည်။

LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကျင်းပသည့်ပြိုင်ပွဲများသည် စုစုပေါင်း ၅၄ ကျင်းသာယှဉ်ပြိုင်ရပြီးရလဒ်ပေါ်မူတည်ကာ Cut လုပ်သည့်စနစ် မပါဝင်သည့်အတွက် အရည်အချင်းမပြည့်မီသည့် ပြိုင်ပွဲကျင်းပပုံစနစ်ဖြစ်ကြောင်း ဗြိတိန်အခြေစိုက် Official World Golf Ranking(OWGR)အဖွဲ့အစည်းကထုတ်ပြန်ခဲ့ပြီး သတ်မှတ်စံနှုန်းနှင့်ကိုက်ညီမှုမရှိသော ပြိုင်ပွဲမှဂေါက်သီးရိုက်ကစားသမားများကို ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ထည့်သွင်းပေးရန်မဖြစ်နိုင်ကြောင်းလည်း Official World Golf Ranking (OWGR)အဖွဲ့အစည်းက တရားဝင်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**



## အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# SKYNET ဖိတ်ခေါ်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇန်နဝါရီ ၂၁ ရက်မှ ၂၈ ရက်ထိ ရန်ကုန်မြို့တွင် ကျင်းပသွားမည်




**ရန်ကုန် ဇန်နဝါရီ ၁၆**

ပိုက်ကျော်ခြင်းအားကစား ဖွံ့ဖြိုးတိုးတက်စေရေး၊ မျိုးဆက်သစ်ပိုက်ကျော်ခြင်းအားကစားသမားသစ်များပေါ် ပေါက်လာစေရေး ရည်ရွယ်၍ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူးပြီး ရွှေသံလွင်မီဒီယာမှစီစဉ်ကျင်းပမည့် SKY NET ဖိတ်ခေါ် ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇန်နဝါရီ ၂၁ ရက်မှ ၂၈ ရက်ထိ ရန်ကုန်မြို့ အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ရွှေထွဋ်တင်ဝင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကျင်းပရေးအတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ရွှေထွဋ်တင်ဝင်းတွင်ကျင်းပခဲ့ပြီး SKYNET ဖိတ်ခေါ် ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးအစား သုံးမျိုးပါဝင်မည်ဖြစ်ပြီး အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲ၊ အမျိုးသားလေးယောက်တွဲပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် USL Club အသင်း၊ Ko Paing Club အသင်း ၊Kyaung Sayer Team အသင်း၊ Late Thone Kaung Club အသင်း၊ Shwe Kyung Thar Club အသင်း၊ Khit Kyaung Thar Club အသင်း၊AKM Clubအသင်းစသည့်အသင်းများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသမီးပြိုင်ပွဲတွင် Apple Clubအသင်း၊ Huamei Myanmar Club အသင်း၊ Grand Mekong Club အသင်း၊ Gusto Clubအသင်းစသည့်အသင်းလေးသင်းယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ထိပ်တန်းပိုက်ကျော်ခြင်းအားကစားသမားများအပြင် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအပြင် လူငယ်ကစားသမားများလည်း ပါဝင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင်ဆုကြေးငွေများအဖြစ် အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် ပထမဆုကို ငွေကျပ်သိန်း ၃၀ ၊ ဒုတိယဆုကို ငွေကျပ်သိန်း ၂၀၊ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုကို ငွေကျပ် ၂၅ သိန်း၊ ဒုတိယဆုကို ငွေကျပ် ၁၅ သိန်း၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုကို ငွေကျပ် ၁၂ သိန်းဒုတိယဆုကို ငွေကျပ် ရှစ်သိန်း ချီးမြှင့်ပေးအပ်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ပြည်တွင်းရုပ်သံလိုင်းဖြစ်သည့် Sky Net Sports-4၊ Sky Net Sports-HD ရုပ်သံလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

STA

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် နာအိုမီအိုဆာကာ ပထမအဆင့်မှ ထွက်ခွာခဲ့ရ

**မဲလ်ဘုန်း ဇန်နဝါရီ ၁၆**

ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်ဟောင်း ဂျပန်တင်းနစ်မယ် နာအိုမီအိုဆာကာသည် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ကျင်းပနေသည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ပထမအဆင့်ပွဲစဉ်အဖြစ် ပြင်သစ်တင်းနစ်မယ် ဂါစီယာနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ နာအိုမီအိုဆာကာက (၄-၆၊ ၆-၇)ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ပထမအဆင့်မှပင် ထွက်ခွာခဲ့ရကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နာအိုမီအိုဆာကာသည် ကလေးမွေးဖွားပြီးနောက် ခြောက်လအကြာတွင် တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ပြီး ကိုယ်ဝန်ဆောင်နေစဉ်နှင့် ကလေးမွေးဖွားပြီး ၁၅ လထိအနားယူခဲ့ရသည်။

နာအိုမီအိုဆာကာသည် ကြံ့ခိုင်မှုပိုင်းရာနှုန်းပြည့်ကောင်းမွန်ခြင်းမရှိသေးဘဲ အနားယူခဲ့သည့်ကာလကြာမြင့်ခဲ့ခြင်းကြောင့် ပြင်ဆင်လေ့ကျင့်မှု ပိုမိုလုပ်ဆောင်ရန် လိုအပ်နေကြောင်း ပြောကြားခဲ့သည်။

နာအိုမီအိုဆာကာကို အနိုင်ရရှိခဲ့သည့် ဂါစီယာသည် ဒုတိယအဆင့်တွင် ပိုလန်တင်းနစ်မယ် မက်ဒါလီနာနှင့် ကစားသွားရမည်ဖြစ်ပြီး မက်ဒါလီနာသည် ပထမအဆင့်တွင် ဩစတြေးလျတင်းနစ်မယ် ဒါရီယာကို (၆-၇ ၊ ၆-၃ ၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# The Great Lethwei TGL 6 မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် သွေးသစ်ဝင်းလှိုင်နှင့် ကျော်စွာဝင်းတို့ ထိုးသတ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၆**


The Great Lethwei TGL 6 မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို ဇန်နဝါရီ ၂၈ ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့၌ကျင်းပသွားမည်ဖြစ်ပြီး အဓိက တွဲဆိုင်းအဖြစ် မြန်မာထိပ်တန်းလက်ဝှေ့သမားများဖြစ်ကြသည့် သွေးသစ်ဝင်းလှိုင်နှင့် ကျော်စွာဝင်းတို့ ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် စုစုပေါင်း တွဲဆိုင်း ရှစ်ဆိုင်းထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး သွေးသစ်ဝင်းလှိုင်နှင့် ကျော်စွာဝင်းတို့က ၇၁-၇၅ ကီလိုတန်း မစ်ဒယ်ဝိတ်တန်းပွဲစဉ်အဖြစ် ထိုးသတ်သွားမည်ဖြစ်ပြီး ဒုတိယခေါင်တွဲဆိုင်းအဖြစ် ၆၃ ဒသမ၅-၆၇ ကီလိုတန်း ဝယ်လ်တာဝိတ်တန်းပွဲစဉ်အဖြစ် စိန်လုံးချောနှင့် မိုးထက်အောင်တို့ထိုးသတ်သွားမည်ဖြစ်သည်။

ထို့ပြင် အခြားတွဲဆိုင်းများအဖြစ် တွဲဆိုင်း(၁) ၅၄-၅၇ ကီလိုတန်း ဖယ်လ်သာဝိတ်တန်း ပွဲစဉ်အဖြစ် ကျားရိုင်းနှင့်စိုးလင်းအောင်၊တွဲဆိုင်း(၂) ၅၁-၅၄ဘန်တမ်ဝိတ်တန်းပွဲစဉ်အဖြစ် ဆလိုင်းထန်ခ်ီးရှိန်နှင့် တိုင်းကျော်၊ တွဲဆိုင်း(၃) ၇၁-၇၅ ကီလိုတန်း မစ်ဒယ်ဝိတ်တန်းပွဲစဉ်အဖြစ် ညီလှိုင်ဝင်းနှင့် သူရ၊ တွဲဆိုင်း (၄) ၅၄-၅၇ ကီလိုတန်းဖယ်လ်သာဝိတ်တန်းပွဲစဉ်အဖြစ် စောကဲဒိုနှင့် စောသန်းစိုး၊တွဲဆိုင်း(၅) ၆၃ ဒသမ ၅-၆၇ ကီလိုတန်းဝယ်လ်တာဝိတ်တန်းပွဲစဉ်အဖြစ် စောဘဟိန်းနှင့် အာရှနဂါး၊တွဲဆိုင်း(၆) ၆၃ ဒသမ ၅-၆၇ ကီလိုတန်းဝယ်လ်တာဝိတ်တန်းပွဲစဉ်အဖြစ် စောဂျွန်နှင့် မင်းကျော်ဇတို့ ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

STA

# Yonex Sunrise India Open 2024 ပြိုင်ပွဲတွင် သက်ထားသူဇာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဂျပန်ကြက်တောင်မယ်နှင့် စတင်ကစားရမည်



**ရန်ကုန် ဇန်နဝါရီ ၁၆**

ကမ္ဘာ့ ကြက်တောင်အဖွဲ့ချုပ်(BWF) အသိအမှတ်ပြုပြိုင်ပွဲဖြစ်ပြီး အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပလျက်ရှိနေသည့် Yonex Sunrise India Open 2024ပြိုင်ပွဲ၌ မြန်မာကြက်တောင်မယ် သက်ထားသူဇာဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဂျပန်ကြက်တောင်မယ်နှင့် စတင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရှိရန် ပစ်မှတ်ထားနေသည့် သက်ထားသူဇာသည် ကမ္ဘာ့အဆင့် သတ်မှတ်ချက်များမြင့်တက်လာစေရန်အတွက် ယခုနှစ်အတွင်း ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်(BWF)အသိအမှတ်ပြုနိုင်ငံတကာပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်လျက်ရှိနေပြီး ယခုနှစ်အတွင်း ပထမဆုံးပြိုင်ပွဲအဖြစ် ဇန်နဝါရီ ၉ရက်မှ ၁၄ ရက်ထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပခဲ့သည့် မလေးရှားအိုးပင်း၂၀၂၄ ကြက်တောင်ပြိုင်ပွဲတွင်စတင်ကစားခဲ့ရာ ၃၂ ဦးရှုံးထွက်အဆင့်တွင် ထိုင်းကြက်တောင်မယ်အင်တာနွန်ကိုရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

သက်ထားသူဇာသည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များ မြင့်တက်လာစေရန်အတွက် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်(BWF)အသိအမှတ်ပြုပြိုင်ပွဲများကို ဝင်ရောက်ကစားသွားမည်ဖြစ်ပြီး ယခုနှစ်အတွင်း ဒုတိယမြောက်ပြိုင်ပွဲအဖြစ် Yonex Sunrise India Open 2024ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Yonex Sunrise India Open 2024ပြိုင်ပွဲတွင် လက်ရှိကမ္ဘာ့အဆင့် ၄၇ နေရာတွင် ရပ်တည်နေသည့် သက်ထားသူဇာသည် ကမ္ဘာ့အဆင့် ၃၇နေရာတွင် ရပ်တည်နေသည့် ဂျပန်ကြက်တောင်မယ် အိုကူဟာရာနှင့် ၃၂ ဦးရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် စတင်ကစားရမည်ဖြစ်ကြောင်းသိရသည်။

STA

# WBA စထရောဝိတ်တန်းချန်ပီယံခါးပတ်ကို စွန့်လွှတ်ကြောင်း အဲရစ်ရိုဆာ ထုတ်ပြန်ကြေညာ

**ဆန်တိုဒိုမင်ဂို ဇန်နဝါရီ ၁၆**

WBA စထရောဝိတ်တန်းကမ္ဘာ့ချန်ပီယံ ဒိုမေနီကန်လက်ဝှေ့သမား အဲရစ်ရိုဆာသည် လိုက်ဖလိုင်းဝိတ်တန်းသို့ ရွှေ့ပြောင်းမည်ဖြစ်သည့်အတွက် WBA စထရောဝိတ်တန်း ချန်ပီယံခါးပတ်ကို လက်လွှတ်ခဲ့ပြီဟု ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဲရစ်ရိုဆာသည် WBA စထရောဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို နှစ်နှစ်ကြာ ထိန်းသိမ်းနိုင်ခဲ့ပြီးနောက် ဝိတ်တန်းမြှင့်တင်ရန် ဆုံးဖြတ်ခဲ့ပြီး လိုက်ဖလိုင်းဝိတ်တန်းသို့ရွှေ့ပြောင်းရန် ဆုံးဖြတ်ခဲ့သည်။

အဲရစ်ရိုဆာသည် မတူညီသောဝိတ်တန်းများတွင် ကမ္ဘာ့ချန်ပီယံဖြစ်ခွင့်ရရေးအတွက် ပစ်မှတ်ထားနေသူတစ်ဦးဖြစ်ပြီး လိုက်ဖလိုင်းဝိတ်တန်းတွင်လည်း ကမ္ဘာ့ချန်ပီယံဆုကိုဆွတ်ခူးနိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကာ စိန်ခေါ်မှုအသစ်များနှင့်လည်းရင်ဆိုင်သွားရန် ပြင်ဆင်နေသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အဲရစ်ရိုဆာ၏Promotionကုမ္ပဏီဖြစ်သည့် Shuan Boxingကလည်း အဲရစ်ရိုဆာ၏ဆန္ဒအတိုင်း ဝိတ်တန်းမြှင့်တင်ရန်ခွင့်ပြုပေးခဲ့ပြီး WBA အဖွဲ့ချုပ်ထံဆက်သွယ်ကာ WBA စထရောဝိတ်တန်းကမ္ဘာ့ချန်ပီယံကို စွန့်လွှတ်ကြောင်းအသိပေးခဲ့သည်။

Shuan Boxing မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက "အဲရစ်ရိုဆာကို အခွင့်အရေးကောင်းတွေ ဖန်တီးပေးခဲ့တဲ့ WBA အဖွဲ့ချုပ်ကိုကျေးဇူးတင်ပါတယ်။ အဲရစ်ရိုဆာအနေနဲ့ စထရောဝိတ်တန်းမှာ ထိုးသတ်ခဲ့တဲ့ ကာလတစ်လျှောက် အစစအရာရာ အဆင်ပြေခဲ့ပါတယ်။ ကူညီပေးခဲ့တဲ့ WBA အဖွဲ့ချုပ်ဥက္ကဋ္ဌ မန်ဒိုဇာကိုလဲ ကျေးဇူးတင်ပါတယ်။ အဲရစ်ရိုဆာက စထရောဝိတ်တန်းမှာ ထိုးသတ်ခဲ့တဲ့ကာလတစ်လျှောက်ဂုဏ်ယူစရာအောင်မြင်မှုတွေ ဆွတ်ခူးနိုင်ခဲ့ပြီး ကမ္ဘာ့ချန်ပီယံကိုလဲ နှစ်နှစ်ကြာထိန်းသိမ်းနိုင်ခဲ့ပါတယ်။ အဲရစ်ရိုဆာဟာလိုက်ဖလိုင်းဝိတ်တန်းကို ရွှေ့ပြောင်းဖို့ဆုံးဖြတ်ခဲ့တဲ့အတွက် စထရောဝိတ်တန်းကမ္ဘာ့ချန်ပီယံဆုကို စွန့်လွှတ်လိုက်ပါတယ်။ အဲရစ်ရိုဆာဟာ လိုက်ဖလိုင်းဝိတ်တန်းမှာလဲ WBA လိုက်ဖလိုင်းဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးနိုင်ဖို့ ပစ်မှတ်ထားနေပါတယ်"ဟုပြောကြားခဲ့ကြောင်းသိရသည်။

Ref : Xinhua

Trs : AZL

# တိုက်လေယာဉ်များ အပြိုင်အဆိုင်ဝယ်ယူဖြည့်တင်းလျက်ရှိသော ပါကစ္စတန်နှင့်အိန္ဒိယ




ပါကစ္စတန်နိုင်ငံသည် တရုတ်နိုင်ငံထုတ် Shenyang FC-13 Gyrfalcon အမျိုးအစား ပဉ္စမမျိုးဆက်တိုက်လေယာဉ်များ လက်ခံရရှိတော့မည်ဖြစ်သည့်အတွက် လက်နက်အပြိုင်အဆိုင် တပ်ဆင်လျက်ရှိသော တောင်အာရှဒေသရှိ အိန္ဒိယနှင့် ပါကစ္စတန်တို့ကြားတွင် ပြိုင်ဆိုင်မှုပိုမိုမြင့်တက်လာလျက်ရှိသည်။

ပါကစ္စတန်လေတပ်(PAF)ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဇာဟီရာဘာဘာစီဒူက တရုတ်နိုင်ငံထုတ် တိုက်လေယာဉ်များဖြစ်သည့် F-60 သို့မဟုတ် J-21 Snowy Owls သည် မကြာမီအချိန်အတွင်း ပါကစ္စတန်လေတပ်၌ တာဝန်ထမ်းဆောင်နိုင်မည်ဟု မျှော်မှန်းထားရှိကြောင်း တရုတ်နိုင်ငံထုတ် K-10C Firebird တိုက်လေယာဉ်များ တပ်တော်ဝင်အခမ်းအနား၌ ပြောကြားသွားခဲ့သည်။

အမှန်တော့ ကုန်ကျစရိတ်သက်သာပြီး ပဉ္စမမျိုးဆက်ဖြစ်သည့် တရုတ်နိုင်ငံ၏ FC-31/J-35 တိုက်လေယာဉ်အစီအစဉ်သည် နိုင်ငံတကာဈေးကွက်၌ အမေရိကန်ထုတ် F-35 နှင့် စတုတ္ထမျိုးဆက်အလွန် ဥရောပနိုင်ငံများမှတိုက်လေယာဉ်များကို ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ သို့သော် စတင်တာဝန်ထမ်းဆောင်နိုင်မည့်အချိန်နှင့် FC-31 ၏ ကိုယ်ပျောက်စွမ်းရည်၊ အာရုံခံစနစ်များနှင့်စပ်လျဉ်း၍ မေးခွန်းများထွက်ပေါ်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ ပါကစ္စတန်သည် အိန္ဒိယ၏စစ်ဘက်ဆိုင်ရာစွမ်းဆောင်ရည်များမြင့်တက်လာမှုအပေါ် တုံ့ပြန်နိုင်ရေးအတွက် တရုတ်နိုင်ငံထံမှ တိုက်လေယာဉ်များဝယ်ယူရေး အစီအစဉ်ကို အရှိန်မြှင့်တင် လုပ်ဆောင်သွားဖွယ်ရာရှိနေသည်။

ပါကစ္စတန်၏ လက်ရှိ JF-17၊ J-10 နှင့် F-16s တိုက်လေယာဉ်များသည် အိန္ဒိယနှင့်နှိုင်းယှဉ်မည်ဆိုလျှင် လေကြောင်းလွှမ်းမိုးမှုစစ်ဆင်ရေးများအတွက် လုံလောက်မှုရှိသည်ဟု သတင်းများတွင်ဖော်ပြထားမှုများရှိနေသည်။ ထို့ကြောင့် စီးပွားရေးတိုးတက်မှုနှေးကွေးပြီး ဘဏ္ဍာရေးအကျပ်အတည်းဖြစ်နေသည့်အချိန်တွင် ပါကစ္စတန်အနေဖြင့် FC-31s တိုက်လေယာဉ်များ ထပ်မံဝယ်ယူသွားရန် လိုအပ်သလားဆိုသော မေးခွန်းများလည်း ထွက်ပေါ်လျက်ရှိသည်။

မည်သို့ပင်ဆိုစေ ပါကစ္စတန်သည် တရုတ်နိုင်ငံထုတ် တိုက်လေယာဉ်များကို ဝယ်ယူအားပေးလျက်ရှိသော ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ မြောက်ကိုရီးယားနှင့် အချို့သော အာဖရိကနိုင်ငံများအနက် ပုံမှန်ဝယ်ယူလျက်ရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်လျက်ရှိသည်။

ပါကစ္စတန်သည် တရုတ်နိုင်ငံထုတ် ဘက်စုံသုံး J-10 တိုက်လေယာဉ်များအနက်မှ ပထမဆုံးသော တိုက်လေယာဉ်ကို ၂၀၂၂ ခုနှစ် မတ်လအတွင်း လက်ခံရရှိခဲ့သည်။ အိန္ဒိယလေတပ် (IAF) သည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ပါကစ္စတန်နိုင်ငံဘာလာကွတ်ရှိ အကြမ်းဖက်အုပ်စုများ၏ လေ့ကျင့်ရေးကွင်းဟုဆိုသည့်နေရာကို လေကြောင်းမှတိုက်ခိုက်ချေမှုန်းခဲ့သည့်ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ပါကစ္စတန်သည် PAF ၏ စွမ်းဆောင်ရည်များကိုမြှင့်တင်ရန် ရည်မှန်းလျက် ဘက်စုံသုံးတရုတ်တိုက်လေယာဉ်များကို ဝယ်ယူဖြည့်တင်းလျက်ရှိသည်။

PAF ၏ J-10 တိုက်လေယာဉ်ဝယ်ယူမှုသည် အိန္ဒိယ၏ပြင်သစ်နိုင်ငံထုတ် Dassault Rafale ဘက်စုံသုံးတိုက်လေယာဉ်များ ဝယ်ယူမှုကိုတုံ့ပြန်ဆောင်ရွက်ခြင်းလည်းဖြစ်သည်။ အဆင့်မြင့်ရေဒါပုံ့ပိုးထိန်းလမ်းညွှန်ပါရှိသော PL-15 ဝေဟင်မှဝေဟင်ပစ် ဒုံးကျည်များနှင့် အီလက်ထရွန်နစ်စကင်ရေဒါ (AESA) တပ်ဆင်ထားရှိသော J-10 တိုက်လေယာဉ်သည် အိန္ဒိယနိုင်ငံနှင့်နှိုင်းယှဉ်ရာတွင် လိုအပ်လျက်ရှိသော မဟာဗျူဟာမြောက် ကွာဟချက်ကို အတိုင်းအတာတစ်ခုထိ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ယခင်က ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့သည် JF-17 အပေါ့စားတိုက်လေယာဉ်ကို ပူးတွဲတည်ဆောက်ခဲ့သဖြင့် နောက်ဆုံးတွင် ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ်ဈေးကွက်ကို ထိုးဖောက်နိုင်သည်ထိ တရုတ်နိုင်ငံ၏ ကံကြမ္မာကို မြှင့်တင်ပေးနိုင်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် စတင်ပျံသန်းခဲ့သော JF-17 သည် ပါကစ္စတန်၊ မြန်မာနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့တွင်သာ အသုံးပြုလျက်ရှိပြီး ၂၀၂၁ ခုနှစ်ထိ ၁၄၅ စင်း တည်ဆောက်ထားရှိပြီးဖြစ်သည်။ ၂၀၃၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် ၁၈၅ စင်းထိ တည်ဆောက်နိုင်မည်ဖြစ်သည့်အတွက် ကမ္ဘာတစ်ဝန်းတွင် တရုတ်နိုင်ငံထုတ် တိုက်လေယာဉ်များစွာအနက် JF-17 သည် အများဆုံးအသုံးပြုမှုအဖြစ် ရပ်တည်လာမည်ဖြစ်သည်။

အစောပိုင်းက JF-17 ကို တရုတ်နိုင်ငံတွင်သာ သီးသန့်တည်ဆောက်ခဲ့သော်လည်း လက်ရှိအချိန်တွင် ပါကစ္စတန်နိုင်ငံ၌ အများဆုံးတည်ဆောက်လာခဲ့ပြီး လေယာဉ်အစိတ်အပိုင်း ၅၈ ရာခိုင်နှုန်းခန့်ကို ပါကစ္စတန်တွင်လည်းကောင်း၊ ၄၂ ရာခိုင်နှုန်းခန့်ကို တရုတ်နိုင်ငံတွင်လည်းကောင်း တည်ဆောက်လာခဲ့သည်။ JF-17 တစ်စင်း၏တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၅ သန်းမှ ၂၅ သန်းသာရှိသည့်အတွက် ဈေးကွက်အတွင်းရှိ အခြားသောစတုတ္ထမျိုးဆက်တိုက်လေယာဉ်များထက် ဈေးနှုန်းချိုသာလျက်ရှိသည်။ ထို့ကြောင့် JF-17 တိုက်လေယာဉ်များသည် ငွေကြေးအခက်အခဲကြောင့် အနောက်နိုင်ငံထုတ်လေယာဉ်များကို ဝယ်ယူဖြည့်တင်းနိုင်ခြင်းမရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ပိုမိုဆွဲဆောင်လျက်ရှိသည်။

JF-17 တိုက်လေယာဉ်သည် အမေရိကန်နိုင်ငံထုတ် F-22 နှင့် F-35 တိုက်လေယာဉ်များကို ယှဉ်ပြိုင်နိုင်ရန် ဒီဇိုင်းရေးဆွဲထားခြင်းမရှိသော်လည်း သောင်းကျန်းသူများ ချေမှုန်းရေးနှင့်ရန်သူ၏လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ချေမှုန်းနိုင်သည့် လက်နက်စနစ်များ တပ်ဆင်ထားရှိသည်။ မည်သို့ပင်ဆိုစေ တရုတ်တိုက်လေယာဉ်များကို ကမ္ဘာ့အခြားနိုင်ငံများထက် ပါကစ္စတန်နိုင်ငံသို့ပိုမိုတင်ပို့ရောင်းချရလျက်ရှိသည်။ ထို့ပြင် တရုတ်နိုင်ငံသည် ခေတ်မီအဆင့်မြင့်လက်နက်များ ရောင်းချမှုများမှတစ်ဆင့် အုပ်ချုပ်ထောက်ပံ့မှုများပေးအပ်ကာ ပါကစ္စတန်နှင့် ရင်းနှီးခိုင်မာသောဆက်ဆံရေးကို ထူထောင်ထားရှိသည်။

စင်စစ်အားဖြင့် တရုတ်နိုင်ငံအနေဖြင့်လည်း အမေရိကန်တို့ကျင့်သုံးသည့်နည်းလမ်းအတိုင်းပင် ပါကစ္စတန်ကို ၎င်း၏လက်နက်များ တင်ပို့ရောင်းချမည့်နေရာအဖြစ် သတ်မှတ်ထားဖွယ်ရာရှိသည်။ ထို့မှတစ်ဆင့် တရုတ်နိုင်ငံသည် နည်းပညာအထောက်အကူအတွက် လေ့ကျင့်သင်တန်းပေးသွားမည်ဖြစ်ပြီး ၎င်း၏စစ်လက်နက်ပစ္စည်းများတင်ပို့ရာတွင် ဈေးနှုန်းပိုမိုရရှိလာမည့်အပြင် အဆင့်မြင့်လက်နက်များကိုပင်လျှင် ပိုမိုတင်ပို့ရောင်းချခွင့်ရရှိလာမည်ဖြစ်သည်။

အမှန်တော့ ပါကစ္စတန်သည် အိန္ဒိယနိုင်ငံနှင့် ကာလရှည်ကြာ ပဋိပက္ခဖြစ်ပွားလျက်ရှိသည့်အတွက် ဈေးနှုန်းချိုသာသည့် တရုတ်နိုင်ငံ၏ အဆင့်မြင့်လက်နက်များအပေါ် တိုးမြှင့်မှီခိုအားထားလာရလျက်ရှိရာ ၎င်း၏နိုင်ငံခြားရေးနှင့် ကာကွယ်ရေးမူဝါဒများသည် တရုတ်နိုင်ငံ၏အကျိုးစီးပွားကို အထောက်အကူပြုလျက်ရှိသည်ဆိုသော ဝေဖန်မှုများနှင့်ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ ထို့ကြောင့် ပါကစ္စတန်သည် တိုက်လေယာဉ်များရရှိရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးဆောင်ရွက်လျက်ရှိသည်။ ပါကစ္စတန်နှင့်တူကီယဲနိုင်ငံတို့သည် သက်တမ်းကြာမြင့်နေပြီဖြစ်သည့် အမေရိကန်ထုတ် F-16 တိုက်လေယာဉ်အုပ်များ နေရာတွင် အစားထိုးနိုင်ရေးအတွက် ပဉ္စမမျိုးဆက်ကိုယ်ပျောက်တိုက်လေယာဉ်များကို တည်ဆောက်ရန် ပူးတွဲလုပ်ဆောင်လျက်ရှိသည်။

**❖ ပါကစ္စတန်၏ လက်ရှိ JF-17၊ J-10 နှင့် F-16s တိုက်လေယာဉ်များသည် အိန္ဒိယနှင့်နှိုင်းယှဉ်မည်ဆိုလျှင် လေကြောင်းလွှမ်းမိုးမှုစစ်ဆင်ရေးများအတွက် လုံလောက်မှုရှိသည်ဟု သတင်းများတွင်ဖော်ပြထားမှုများရှိနေသည်။ ထို့ကြောင့် စီးပွားရေးတိုးတက်မှုနှေးကွေးပြီး ဘဏ္ဍာရေးအကျပ်အတည်းဖြစ်နေသည့်အချိန်တွင် ပါကစ္စတန်အနေဖြင့် FC-31s တိုက်လေယာဉ်များ ထပ်မံဝယ်ယူသွားရန် လိုအပ်သလားဆိုသော မေးခွန်းများလည်း ထွက်ပေါ်လျက်ရှိသည်။ ❖**

တူကီယဲ တိုက်လေယာဉ်တည်ဆောက်ရေးစီမံကိန်း (TF-X)သည် ဝေဟင်မှဝေဟင်စွမ်းဆောင်ရည်များနှင့် ဝေဟင်မှမြေပြင် အခန်းကဏ္ဍများတွင် တာဝန်ထမ်းဆောင်နိုင်မည့် အင်ဂျင်နှစ်လုံးတပ် ဘက်စုံသုံးတိုက်လေယာဉ်ကို တည်ဆောက်လျက်ရှိသည်။ တူကီယဲအာကာသစက်မှုလုပ်ငန်း (TAI) သည် TF-X ၏ တည်ဆောက်မှု အစောပိုင်းအဆင့်များကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ဗီဒီယိုမှတ်တမ်းထုတ်ပြန်ခဲ့သည်။

မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံက ကျောထောက်နောက်ခံပေးထားသည့် ပါကစ္စတန်၏လေတပ်အဆင့်မြှင့်တင်မှုလုပ်ငန်းသည် အိန္ဒိယနိုင်ငံကို သတိပေးတပ်လှန့်လာလျက်ရှိသောကြောင့် အိန္ဒိယအနေဖြင့် ပြည်တွင်းထုတ် တိုက်လေယာဉ်တည်ဆောက်ရေးအစီအစဉ်ကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လာရလျက်ရှိသည်။

အိန္ဒိယနိုင်ငံ၏ အပေါ့စားတိုက်လေယာဉ် (LCA Mk1 A) သည် ယခုနှစ်အတွင်း စတင်တာဝန်ထမ်းဆောင်သွားမည်ဖြစ်ပြီး LCA Mk2 သည် ၂၀၂၅ ခုနှစ်ခန့်တွင် ပထမဆုံး စတင်ပျံသန်းနိုင်မည်ဖြစ်သည်။ ထိုအတောအတွင်း အိန္ဒိယ၏ ပြည်တွင်းထုတ် ပဉ္စမမျိုးဆက် တိုက်လေယာဉ်ဖြစ်သည့် အဆင့်မြင့် အလတ်စားတိုက်လေယာဉ် (AMCA) သည် ၂၀၂၈ ခုနှစ်၊ ၂၀၂၉ ခုနှစ်ခန့်တွင် တာဝန်ထမ်းဆောင်နိုင်မည်ဟု မျှော်မှန်းထားရှိသည်။ AMCM ကို မူကွဲနှစ်မျိုးဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး AMCM Mk1 သည် ကိုယ်ပျောက်စွမ်းရည် တစ်စိတ်တစ်ဒေသ ပါဝင်မည်ဖြစ်သည်။ အထူးသဖြင့် AMCA Mk2 သည် ကိုယ်ပျောက်စွမ်းရည်အပြည့်အဝပါရှိမည်ဖြစ်ပြီး ၂၀၃၂ ခုနှစ်ခန့်တွင် တာဝန်ထမ်းဆောင်နိုင်ရန် မျှော်မှန်းထားရှိသည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံထုတ် Su-57 အစီအစဉ်များဖြင့်သော်လည်းကောင်း၊ ဂျပန်သို့မဟုတ် ဥရောပပဉ္စမမျိုးဆက်တိုက်လေယာဉ်အစီအစဉ်များဖြင့်သော်လည်းကောင်း ပူးတွဲအကောင်အထည်ဖော်နေစဉ်တွင်ပင် ကြားကာလအစီအမံတစ်ရပ်အနေဖြင့် F-35s တိုက်လေယာဉ်များဝယ်ယူသွားဖွယ်ရာရှိနေသည်။ မည်သို့ပင်ဆိုစေ အိန္ဒိယနိုင်ငံအတွက် အကောင်းဆုံးသော အခွင့်အလမ်းသည် AMCM အစီအစဉ်ကို အရှိန်အဟုန်မြှင့်တင်ပြီး F-35 တိုက်လေယာဉ် ၃၆ စင်းခန့် ဝယ်ယူသွားရန်ပင်ဖြစ်သည်။

ဆိုရလျှင် လက်ရှိအချိန်ထိ အိန္ဒိယလေတပ်(IAF) သည် ကမ္ဘာ့အဆင့် (၆) ရှိသော်လည်း ပါကစ္စတန်လေတပ် (PAF) သည် အဆင့် (၁၈) နေရာတွင်သာ ရပ်တည်နေဆဲဖြစ်သည်။ IAF သည် တပ်ဖွဲ့ဝင်ဦးရေ ၁၇၀၀၀၀ ကျော်အပြင် လေယာဉ်နှင့် ရဟတ်ယာဉ်မျိုးစုံ အစင်းရေ ၁၆၈၀ ကျော် ပိုင်ဆိုင်ထားရှိပြီး PAFသည် တပ်ဖွဲ့ဝင်ဦးရေ ၇၈၀၀၀ ခန့်နှင့် လေယာဉ်၊ ရဟတ်ယာဉ်မျိုးစုံ အစင်းရေ ၈၁၀ ကျော်သာပိုင်ဆိုင်ထားရှိသည်။ ထို့ကြောင့် ပါကစ္စတန်အနေဖြင့် လေကြောင်းစွမ်းရည်တွင် အိန္ဒိယကို အမီလိုက်နိုင်ရေးအတွက် တရုတ်နိုင်ငံထံမှ အကူအညီများရယူခြင်းအပါအဝင် ကြိုးပမ်းမှုများစွာ လုပ်ဆောင်ရဦးမည်ဖြစ်ပေသည်။

**ကိုးကား**

- China fueling Pakistan-India stealth fighter race By Asia Times.
- Indian Air Force vs Pakistan Air Force, Full Comparison (adda247.com)
- Comparison of Air Force of India, China and Pakistan (unacademy.com)

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# သဃ်န်းကျွန်းမြို့နယ် မဟာပန်းချီပြခန်းတွင် ရွှေရောင်အလင်းတန်းပန်းချီပြပွဲ ဇန်နဝါရီ ၂၀ ရက်မှ ဇန်နဝါရီ ၂၇ ရက်ထိ ပြသသွားမည်



**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ မဟာပန်းချီပြခန်းတွင် ရွှေရောင်အလင်းတန်း ပန်းချီပြပွဲကို ဇန်နဝါရီ ၂၀ ရက်မှ ဇန်နဝါရီ ၂၇ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲ တာဝန်ခံ ပန်းချီ ငွေအောင်က ပြောပြ၍ သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ပါဝင်သည့် ပန်းချီဆရာများသည် ရန်ကုန်တိုင်းဒေသကြီး တစ်ခုတည်းမှမဟုတ်ဘဲ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ပန်းချီဆရာများလည်း ပါဝင်ကြောင်း၊ ပန်းချီပြပွဲတွင် ပြသထားသည့် ပန်းချီကားများအနေဖြင့် ရောင်းချခြင်းထက် မဟာပန်းချီပြခန်းမှ စုဆောင်းထားသည့် ပန်းချီကားများကို ပန်းချီချစ်သူများ ခံစားကြည့်ရှုစေရန် ဖြစ်ကြောင်း သိရသည်။

"ဒီပန်းချီပြပွဲကတော့ ကျွန်တော်တို့ ပန်းချီပြခန်းက သီးသန့်ဝယ်ယူစုဆောင်းထားတဲ့ ပန်းချီကားတွေကို စုစည်းပြသမှာပါ။ ပန်းချီဆရာ၊ ဆရာမ ၄၅ ယောက်ရဲ့ ပန်းချီကားပေါင်း ၁၃၅ ကားဖြစ်ပါတယ်။ အဲဒီအထဲမှာ ပန်းချီဆရာမ ရှစ်ယောက်ပါဝင်ပါတယ်။ ၂၀၂၀ ပြည့်နှစ်က စုဆောင်းထားတဲ့ ပန်းချီကားတွေဖြစ်ပါတယ်"ဟု ပန်းချီ ငွေအောင်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၁ ဒသမ ၅× ၂) ပေ၊ (၃× ၄) ပေ၊ (၂×၃)ပေ ပန်းချီကားများပါဝင်ပြီး ပန်းချီကားအများစုသည် တောတောင်ရေမြေသဘာဝ၊ လူပုံ၊ မြန်မာ့လေ့ မြန်မာ့ရှုခင်းနှင့် စိတ်ကြိုက်ရေးဆွဲထားသည့် ပန်းချီကားများ ပါဝင်ကြောင်း၊ ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ် နှစ်သိန်းမှ အများဆုံးငွေကျပ် သိန်း ၃၀ ထိရှိကြောင်း သိရသည်။ ASH

# Dunki ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၅၅ သန်းရရှိ

**နယူးဒေလီ ဇန်နဝါရီ ၁၆**

မင်းသားကြီး ရှာရွတ်ခန်း၏ Dunki ဇာတ်ကားသည် ရုပ်ရှင်ဈေးကွက်နောက်ဆုံး ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၅၅ သန်းရရှိခဲ့ကြောင်း ဇန်နဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

ဟာသအက်ရှင် ဇာတ်ကားအမျိုးအစားဖြစ်သည့် Dunki ဇာတ်ကားသည် ရုံတင်ပြီး သီတင်းသုံးပတ်ကျော် ကြာမြင့်ချိန်တွင် ရုပ်ရှင်ဈေးကွက်နောက်ဆုံးဝင်ငွေမှတ်တိုင်ကို ကျော်လွန်ဖြတ်သန်းနိုင်ခဲ့သည်။

အဆိုပါ ဝင်ငွေပမာဏသည် ရုံတင်ကာလအတွင်း Dunki ဇာတ်ကားရရှိနိုင်သည့်အမြင့်ဆုံးဝင်ငွေ ဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် အိန္ဒိယနှင့် နိုင်ငံတကာ ရုပ်ရှင်ဈေးကွက်များ၌ စတင်ရုံတင်ခဲ့သည့် Dunki ဇာတ်ကားမှာ မကြာမီအတွင်း ရုံတင်ကာလ ကုန်ဆုံးတော့မည်ဖြစ်သည်။

Dunki ဇာတ်ကားကို အိန္ဒိယနာမည်ကျော် ဒါရိုက်တာ ရပ်ကူးမားဟီရာနီက ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ရှာရွတ်ခန်းနှင့်အတူ မင်းသမီး တာပဆီပန်နူး၊ မင်းသား ဗစ်ကီကူရှဲ တို့လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# ဂီတပညာရှင် အဆိုတော် မောင်မောင်ကြီး လူကြီးရောဂါဖြင့် ကွယ်လွန်

**ရန်ကုန် ဇန်နဝါရီ ၁၆**

ဂီတပညာရှင် အဆိုတော် မောင်မောင်ကြီးသည် ဇန်နဝါရီ ၁၅ ရက် ညနေ ၃ နာရီ မိနစ် ၃၀ က ရန်ကုန်တိုင်းဒေသကြီးရှိ နေအိမ်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဂီတအစည်းအရုံးအတွင်းရေးမှူး ဦးနေဝင်းက ပြောပြ၍ သိရသည်။

အဆိုတော် မောင်မောင်ကြီးသည် ကွယ်လွန်ချိန်တွင် အသက် ၉၃ နှစ်ရှိပြီဖြစ်ပြီး ၎င်းသည် ထင်ရှားသော မြန်မာသံသီချင်းများနှင့် ရုပ်ရှင်နောက်ခံတေးပေါင်းများစွာ သီဆိုအောင်မြင်ခဲ့သော အဆိုတော်တစ်ဦး ဖြစ်ကြောင်း သိရသည်။

"အဆိုတော် မောင်မောင်ကြီး ဇန်နဝါရီ ၁၅ ရက် ညနေ ၃ နာရီ မိနစ် ၃၀ က နေအိမ်မှာပဲ လူကြီးရောဂါနဲ့ ကွယ်လွန်သွားပါပြီ။ ဂီတလောကအတွက် ဆုံးရှုံးမှုတစ်ခုပါ။ မြန်မာသံ တေးဂီတလောကမှာ ထင်ရှားတဲ့ ဂီတပညာရှင်ကြီးတစ်ယောက်ဖြစ်သလို ဂီတလောကက ဂီတတာဝန်တွေကို ထမ်းဆောင်သွားသူဖြစ်တဲ့အတွက် အလွန်ပဲ စိတ်မကောင်း ဖြစ်ရပါတယ်"ဟု ဦးနေဝင်းက ပြောပြသည်။




ဂီတပညာရှင် အဆိုတော် မောင်မောင်ကြီးကို ၁၉၃၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဦးခင်စိန်-ဒေါ်ခင်ညွန့်ရင်တို့က ရန်ကုန်မြို့၌ မွေးဖွားခဲ့ပြီး ငယ်မည်မှာ မောင်မောင်ဖြစ်ကြောင်း၊ ဂီတနယ်သို့ ၁၉၄၇ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ကာ ဂီတလက်ဦးဆရာများမှာ ဆရာကြီး ဦးလှဖေနှင့် ဆရာကြီး ဦးအလီတို့ဖြစ်ပြီး အဆိုပါဆရာကြီးများထံတွင် မဟာဂီတကို လေ့လာဆည်းပူးခဲ့ကြောင်း သိရသည်။

အဆိုတော် ဦးမောင်မောင်ကြီး၏ အောင်မြင်ကျော်ကြားလူကြိုက်များသော တေးသီချင်းတချို့မှာ တစ်ခုတည်းသောရည်မှန်းချက်၊ နှစ်ဆင့်မေတ္တာ၊ နွဲ့နှောင်း၊ ရွှေညာဆီသွားမယ်၊ အကျည်းတန်ချစ်သူ၊ ကွမ်းတောင်ကိုင်၊ အိပ်မက်နိုင်ငံ၊ မေတ္တာဇာတ်လမ်း၊ ပင်တိုင်ကျော့မှူး၊ ဝေးပြီမွေ့ရယ်၊ မေတ္တာနုနုစေလာရင်ကွယ်၊ စိမ်းလဲ့ညို၊ အချစ်ကို ဘယ်လိုပြောရမယ်၊ ကျမျက်ရည် မကြေညာစတမ်း၊ ကျိုက္ကမီသောင်ယံမှ မောင်းမကန် အိပ်မက် စသည့်သီချင်းများဖြစ်ကြောင်း သိရသည်။ ASH

# ဝါနာဘရားသားကုမ္ပဏီ၏ Wonka ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေကန်ဒေါ်လာသန်း ၅၀၀ ကျော်ရှိလာ

**နယူးယောက် ဇန်နဝါရီ ၁၆**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Wonka ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရှိလာခဲ့ပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

Wonka ဇာတ်ကားသည် ဇန်နဝါရီ ၁၄ ရက်ထိ နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၃၂၉ ဒသမ ၁ သန်းထိရရှိခဲ့ပြီး အမေရိကပြည်တွင်းဈေးကွက်တွင်မူ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၇၆ သန်းထိရရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ Wonka ဇာတ်ကား၏ လက်ရှိကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅၀၅ သန်းထိရှိလာခဲ့ပြီဖြစ်သည်။

ဝါနာဘရားသားကုမ္ပဏီသည် Wonka ဇာတ်ကားကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၈ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ပေါကင်းက ရိုက်ကူးပေးခဲ့ပြီး မင်းသား တင်မိုသီချားလမက်၊ ဟက်ဂရန့်၊ ရိုစင်အက်ကင်ဆင်နှင့် မင်းသမီး အိုလီဗီရာကိုးမင်းတို့ ပါဝင်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# ပုသိမ်မြို့နယ် မြင်းကကွင်းကျေးရွာ၌ ဆိပ်ခံတံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ပုသိမ် ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းကကွင်းကျေးရွာ၌ ဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှုကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်၊ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဦးစိုးမိုးသူနှင့် တာဝန်ခံ အင်ဂျင်နီယာများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မြင်းကကွင်းကျေးရွာ၌ ဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မြင်းကကွင်းကျေးရွာ၌ အရှည် ပေ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ ဆိပ်ခံတံတား တည်ဆောက်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၄၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဇေါ်ကုမ္ပဏီက ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဆိပ်ခံတံတား တည်ဆောက်နိုင်မှုကြောင့် မြင်းကကွင်းကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် သွားလာရေးပိုမိုကောင်းမွန်၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing receives delegation led by Chairman of Advisory Board of Royal Thai Army

**Nay Pyi Taw January 16**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing received a delegation led by Chairman of the Advisory Board of Royal Thai Army and Chief of Army Operations Center, Neighboring Countries Coordination Center (NCCC) General Kittisak Boonprathamchai at the parlour of Zeyathiri Villa here this morning.



Senior General Min Aung Hlaing receives the delegation led by Chairman of the Advisory Board of Royal Thai Army and Chief of Army Operations Center, Neighboring Countries Coordination Center (NCCC) General Kittisak Boonprathamchai.

At the meeting, views on promotion of the existing friendship and cooperation between the two countries and the armed forces, exchange of goodwill visits and cultural programs between the two armed forces, continuation of bilateral cooperation in ensuring peace and stability and the rule of law, and launching anti-terrorism operations and information exchange programs in border areas were cordially exchanged.

After the meeting, the Senior General and the Thai general exchanged commemorative gifts and posed for documentary photos.

Also present together with the Senior General were Lt-Gen Ye Win Oo and senior military officers from the Office of the Commander-in-Chief. The Thai general was accompanied by senior military officers from Royal Thai Army and Thai Military Attaché Senior Colonel Thanwit Yomchinda.



Senior General Min Aung Hlaing and General Kittisak Boonprathamchai pose for a group photo.

100

# Livestock loans boost Emerald Green meat sector in Mandalay

**Mandalay January 16**

Five villages in four townships in Mandalay Region have received 150 million kyats in loans from the union government to develop the Emerald Green meat sector.

Dr. Khin Zaw, head of Mandalay Region Livestock and Veterinary Department, said that the loans are part of a project to improve the quality and quantity of meat production in the region.

"The loans are not lost capital. They are an investment to develop the meat sector, improve living conditions, and reduce poverty. We have a supervisory committee and village supervision to monitor the progress of the project. We will work to develop livestock in the villages," he said.

The project started in December, with each village receiving 30 million kyats in loans. The villages were selected based on their potential for livestock farming. The project activities include breeding cows and goats, which are in high demand in the market.

The Emerald Green meat sector is a key component of the region's economy and food security. The project aims to enhance the sector's competitiveness and sustainability. The five villages are located in Sinku, Kyaukse, Pyawbwe, and Myitha townships. 185

# Organizations issue statements over terrorist insurgent destruction of pagodas, zedis, stupas, religious edifices dedicated by Buddhists

**Nay Pyi Taw January 16**

Terrorist insurgents have committed terrorist acts by destroying pagodas, zedis, stupas and religious edifices with drop-bombs and heavy weapons and by building defence positions near them in some regions and states.

As such evil destruction of religion devoted by Buddhists by terrorist insurgent is unacceptable, the Young Men's Buddhist Association (Headquarters), the Interfaith Dialogue Group (Headquarters), the Myanmar Evangelical Alliance, the Myanmar Methodist Church (Lower Myanmar), the Faith Evangelical Church (Bago), the Deliverance Church (Yangon), the All Myanmar Hindu Council, the All Myanmar Tamil Hindu Foundation (Headquarters), the Sandhadhammapalaka (Hindu) Association, the All Myanmar Islam Association, the Painnegon Rakhine Jamae Mosque, the Buthidaung-Maungtaw Development Association, the Myanmar War Veteran Association, the Myanmar News Media Council, the Myanmar Sports Media Association, the Myanmar Motion Pictures Association, the Myanmar Art and Sculpture Association (Headquarters), the Myanmar Thabin Association (Headquarters), the Myanmar Comedians Association and the Myanmar Writers Association strongly condemned such acts by issuing their statements.

100

## Myanmar War Veterans Organization Statement
**16 January 2024, Tuesday**

1. Skirmishes are happening in some regions and states in the territory of the Republic of the Union of Myanmar due to attacks of armed insurgents. It can be seen that those armed insurgents drop bombs to destroy non-military pagodas, stupas, religious buildings, and temples of Myanmar Buddhists with the use of drones and heavy weapons and destroy Buddha images as inhumane acts.

2. The Myanmar War Veterans Organization strongly condemns all armed insurgents who are committing violent destructions with an intention of fueling religious and racial riots and cause instability of the internal affairs by destroying religious buildings and churches including pagodas, stupas and temples.

**Myanmar War Veterans Organization**

## Myanmar Writers' Association Statement
**16 January 2024**

1. Terrorists are destroying the pagodas, stupas, temples and other religious buildings of Buddhists by dropping bombs, shooting with heavy weapons for demolishing in some regions and states.

2. The Myanmar Writers' Association strongly condemns the actions of terrorist organizations that are insulting and destroying pagodas, stupas, Buddha images and religious buildings of ethnic people.

**Myanmar Writers' Association**

## Statement of Myanmar Motion Pictures Organization Statement
**16 January 2024**

1. Due to the teachings of Buddhism, Myanmar has been enjoying prosperity and peace for thousands of years, constructing pagodas rich in delicate culture and valuable traditions.

2. Presently, owing to the attacks by terrorists, numerous religious structures, including temples and stupas, have been destroyed.

3. The Myanmar Motion Pictures Organization strongly condemns the acts of terrorists who have bombed and destroyed Buddhist pagodas and stupas enshrined with culture and customs of Myanmar.

**Myanmar Motion Pictures Organization**

## Myanmar Press Council Statement
**(1/2024)**

1. The Myanmar Press Council has learnt that the terrorists destroyed and bombed the religious buildings and temples of other religions including pagodas and stupas which are scared to the Buddhists.

2. The demolishing of pagodas and stupas including religious buildings of other religions sadden and insult the Buddhists from not only Myanmar but from all over the world, and Myanmar Press Council released this statement strongly condemning the such doings of terrorists.

**Myanmar Press Council**

## Myanmar Comedians' Association Statement
**16 January 2024**

Terrorists are destroying the Buddhist temples, pagoda, churches, and religious buildings by throwing bombs, shooting with heavy weapons and it has been seen that various other terrorist attacks are being committed.

The Myanmar Comedians' Association strongly condemns the actions of terrorists that are insulting and destroying the Buddhism.

**Myanmar Comedians' Association**

## Myanmar Sports Media Federation Statement
**16 January 2024**

The terrorists destroyed and bombed the religious buildings and temples of other religions including pagodas and stupas which are sacred to Buddhists and launched various kinds of terrorist attacks. The Myanmar Sports Media Federation released this statement condemning such activities of terrorists.

**Myanmar Sports Media Federation**

## Statement on strong condemnation issued by Young Men's Buddhist Association-YMBA (Central)
**16 January 2024**

Terrorists intentionally destroy pagodas, stupas, temples and religious buildings, which are hearts of Buddhists in Myanmar. Moreover, a video clip on destroying a Buddha image spread on the social media network in the first week of January.

The YMBA (Central) issued a statement that it is very regrettable for the acts of terrorists in insulting the Buddhism; and the association does not totally accept the terrorist organizations which tarnished image of the Buddhism and strongly condemned it.

**Young Men's Buddhist Association-YMBA (Central)**

*See Page 14*

*From Page 13*

## Republic of the Union of Myanmar
## Myanmar Interfaith Dialogue Group (Central) Statement
## 16 January 2024

The Myanmar Interfaith Dialogue Group (Central) hereby issued a statement that it strongly condemned the acts of terrorists intentionally destroying religious buildings of various religions including pagodas, stupas and temples of Buddhists.

**Executive Committee**
**Myanmar Interfaith Dialogue Group (Central)**

မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်
Myanmar Evangelical Christian Alliance
MEMBER BODY OF: AEA Asia Evangelical Alliance WEA

## Myanmar Evangelical Christian Alliance Statement
## 16 January 2024

We see and hear that terrorists are destroying religious buildings and temples of various religions including pagodas and stupas of Buddhists with violent attacks in some regions and states.

Hence, the Myanmar Evangelical Christian Alliance does not totally accept such destructions of terrorists on religious buildings, pagodas and stupas and hereby strongly condemns such acts.

**Myanmar Evangelical Christian Alliance**

## Union of Myanmar Methodist Church (Lower Myanmar) Statement
## 16 January 2024

The Union of Myanmar Methodist Church (Lower Myanmar) does not totally accept the destructions of terrorists over pagodas and stupas in some regions and states, and it issued a statement on a strong condemnation over such acts.

**Union of Myanmar Methodist Church (Lower Myanmar)**

## Faith Evangelical Church (Bago) Statement
## 16 January 2024

The Evangelical Christian Church (Bago) issued a statement, stating that it hereby strongly condemned the destructive acts of terrorists on pagodas, stupas and temples as well as religious buildings of Buddhists in some regions and states.

**Evangelical Christian Church (Bago)**

## Deliverance Church (Yangon)Statement
## 16 January 2024

As terrorists are committing demolishing and destroying pagodas, stupas and religious buildings, the Deliverance Church (Yangon) issued a statement that it did not totally accept and strongly condemned such acts.

**Deliverance Church (Yangon)**

ALL MYANMAR TAMIL HINDU FOUNDATION (H.Q.)

## All Myanmar Tamil Hindu Foundation (HQ) Statement
## 16-1-2024

1. It is sorrowful to hear that terrorists and PDF terrorists are demolishing pagodas and stupas of Buddhists and firing to religious buildings.
2. Their terror acts intend to insult faith and religion of Buddhists, discriminate races and destroy the Buddhism. So, the statement was issued that the All Myanmar Tamil Hindu Foundation (HQ) hereby strongly condemned these terrorist organizations.

**All Myanmar Tamil Hindu Foundation (HQ)**

## Thananta Dhamma Palaka (Hindu) Association Statement
## 16 January 2024

It can be seen that terrorists commit destroying pagodas, stupas, temples and religious buildings of Buddhists, and Thananta Dhamma Palaka (Hindu) Association cannot accept it and strongly condemns such acts.

**Thananta Dhamma Palaka (Hindu) Association**

## Islamic Religious Affairs Council Myanmar Statement
## 16 January 2024

1. It was heard that terrorists demolished pagodas, stupas, Buddha images and religious buildings with firing of small arms, heavy weapons and bombs in some townships.
2. The Islamic Religious Affairs Council Myanmar hereby strongly condemns those terrorists for their terror acts.

**Islamic Religious Affairs Council Myanmar**

PINNAYGONE YAKHINE JAAME MOSQUE
No 1 , 130th Street ,Mingala Taungnyunt Township ,Yangon,Myanmar,Tel: 01 – 291122

## Pinnaygone Rakhine Jaame Mosque Statement
## 16-1-2024

1. Terrorists are destroying pagodas, stupas, Buddha images, temples and religious buildings by throwing bombs and shooting with heavy weapons for demolishing in some regions and states.
2. As such acts insult faith of Buddhists, the Pinnaygone Rakhine Jaame Mosque strongly condemns the actions of terrorists.

**Pinnaygone Rakhine Jaame Mosque**

*See Page 15*

*From Page 14*

ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း

E-mail: bmrdamm@gmai.com Web Site : www.bmrdamm.org

## Buthidaung-Maungtaw Development Association Statement
## 16-1-2024

Terrorists are destroying the pagodas, stupas, Buddha images, and religious buildings by throwing bombs, shooting with heavy weapons to demolish in some regions and states.

The Buthidaung-Maungtaw Development Association does not totally accept those terrorists and strongly condemns the actions of terrorists destroying the religious buildings.

**Buthidaung-Maungtaw Development Association**

## Myanmar Artists Organization (Central) Statement

Terrorists are destroying pagodas, stupas, Buddha images and religious buildings by throwing bombs, shooting with heavy weapons for demolishing in some regions and states.

The Myanmar Artists Association (Central) strongly condemns the actions of terrorists insulting faith of Buddhists.

**Myanmar Artists Association (Central)**

ALL MYANMAR HINDU CENTRAL COUNCIL

## All Myanmar Hindu Central Council Statement
## 16 January 2024

1. Terrorists are committing terror acts in various ways on firing and demolishing religious buildings with bombs and heavy weapons, including pagodas, stupas and Buddha images of Buddhists in some regions and states.
2. In issuing the statement, the All Myanmar Hindu Central Council strongly condemned those terrorists.

**All Myanmar Hindu Central Council**

## Myanmar Theatrical Association (Central)Statement
## 16 January 2024

1. Terrorists are destroying the pagodas, stupas and temples as well as other religious buildings of Buddhists by bombing and shooting with heavy weapons in some regions and states with various terror acts.
2. The Myanmar Theatrical Association (Central) strongly condemns the actions of terrorists destroying pagodas, stupas, Buddha images and religious buildings.

**Myanmar Theatrical Association (Central)**

## Statement of Myanmar Music Association (Central) on destruction of terrorists over pagodas, stupas and religious buildings of Buddhists
## 16 January 2024

Terrorists are committing terror acts on bombing and firing pagodas, stupas, religious buildings and temples with heavy weapons in some regions and states in addition to taking pagodas and stupas as covers and defensive camps.

As acts of terrorists rudely insulting religions and faith of Buddhists are unacceptable in any ways, the Myanmar Music Association (Central) hereby strongly condemns it.

**Myanmar Music Association (Central)**


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ ဖူးမြော်ကြည်ညို

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်ဦးရေ ၉၀၊ အုပ်ချုပ်သူလေးဦး စုစုပေါင်း ၉၄ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ ဖူးမြော်ကြည်ညိုစဉ်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာအခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကို ပြသသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။

ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများပြောကြားကြသည်။ ထို့နောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများနှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် ဂေါပကအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများကို ယခုကဲ့သို့ကြားသိခဲ့ရပါသည်-







"ဒီဘုရားကြီးစပြီးဖူးတဲ့အခါမှာ ခေတ်အဆက်ဆက်က မြန်မာမှုတွေကိုလည်း အများကြီးလေ့လာတွေ့ရှိရတယ်။ ကမ္ဘာကို ရင်ပေါင်တန်းနိုင်တဲ့ သိပ္ပံပညာတို့၊ နည်းပညာတို့ အဲဒါတွေကိုလည်းတွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာလူမျိုးဖြစ်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ နောက်ပြီး မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေကို မပျောက်ကွယ်အောင် ထိန်းသိမ်းဖို့အတွက် ကျွန်တော်တို့ မြန်မာလူမျိုးအားလုံးမှာ တာဝန်ရှိတယ်လို့ ကျွန်တော်အနေနဲ့ ပြောချင်ပါတယ်။ ဘုရားကြီးကို လာရောက်ဖူးမြော်တဲ့အချိန်မှာ ဒီမှာရှိတဲ့ တာဝန်ရှိသူတွေက ဒီဘုရားကြီးအကြောင်းကို အသေးစိတ်လိုက်လံရှင်းပြပေးတဲ့အတွက် ဗဟုသုတတွေလည်းရပါတယ်။ ယခုလိုလာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် စီစဉ်ပေးသူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်"။

"ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး ၂၆ မြို့နယ်မှာရှိတဲ့ ဘုရားစေတီဂေါပကအဖွဲ့ဝင်များအားလုံးကို ဒီမာရဝိဇယဘုရားကြီးအား လာရောက်ဖူးမြော်နိုင်ရေး စီစဉ်ပေးတဲ့အတွက် ကျွန်တော်တို့ လာရောက် ဖူးမြော်ကြတာဖြစ်ပါတယ်။ ဒီအတွက်လည်း နိုင်ငံတော်ဝန်ကြီးချုပ်နဲ့တကွ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့များအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ဒီဘုရားကြီးကို ဖူးမြော်ပြီးနောက် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲ မြို့နယ်ကိုပြန်ရောက်တဲ့အခါမှာ မြို့သူ၊ မြို့သား၊ နယ်သူ၊ နယ်သားအပေါင်းတို့ကိုလည်း နေပြည်တော်မှာရှိတဲ့ ဒီဘုရားကြီးနဲ့ပတ်သက်လို့ ကြည်နူးဝမ်းမြောက်စရာများရှိတဲ့အကြောင်းကိုလည်း ပြန်လည်ပြောပြပေးသွားမှာဖြစ်ပါတယ်။ ကျောက်စာချပ်ပေါင်း များစွာကိုလည်း များစွာတွေ့ရတဲ့အတွက် ဗုဒ္ဓဘာသာထွန်းကားရေးအတွက်ကို ဒီလောက်ဆောင်ရွက်ထားတဲ့အတွက် များစွာဝမ်းသာဂုဏ်ယူမိပါတယ်။ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျာ"။

အခုလို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်အစီအစဉ်နဲ့ ပထမဦးဆုံးအကြိမ် လာရောက် ဖူးမြော်ခွင့်ရခြင်းဖြစ်ပါတယ်။ ဒီရောက်တော့လည်း ဘုရားကြီးကို ဖူးမြော်ရတာ အားလုံးအံ့မခန်းဖြစ်မိပါတယ်။ ဘယ်ကိုကြည့်ကြည့် မြန်မာမှုလက်ရာတွေနဲ့ အပြည့်ဖြစ်နေတာကို တွေ့ရတဲ့အခါမှာ ဘုရားကြီးကို အခုလိုလာရောက်ဖူးမြော်ရတာမှာ အင်မတန်မှ တန်ဖိုးရှိလှပါတယ်။ အင်မတန်လည်း ကျေးဇူးတင်ပါတယ်။ ဒီဘုရားကြီးကို တည်ထားကိုးကွယ်နိုင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးတဲ့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ တာဝန်ရှိသူအားလုံးရယ် ပြီးတော့ ရှင်းလင်းဆောင်မှာ ဘုရားကြီးရဲ့သမိုင်းကို ရက်ပေါင်းတစ်ထောင်ကျော်တည်ဆောက်ခဲ့ပုံအဆင့်ဆင့်ကို ရှင်းပြတဲ့အခါ ဘုရားကြီးနဲ့ပတ်သက်ပြီး သိရသည်များမှာ တော်တော်ကြီးကိုအံ့မခန်းဖြစ်မိပါတယ်။ ဒီဘုရားကြီးနဲ့ပတ်သက်ပြီး ကမ္ဘာမှာ မြန်မာအနေနဲ့ ဂုဏ်ယူဝင့်ကြွားလို့ရတာပေါ့။ မည်သည့်နိုင်ငံခြားပညာရှင်များမှ မပါဘဲ မြန်မာအင်ဂျင်နီယာပညာရှင်တွေနဲ့ပဲ စုပေါင်းလုပ်ကိုင်တည်ထားတဲ့ ဒီဘုရားကြီးဟာ အင်မတန်အံ့မခန်းလောက်ပါတယ်"။

# ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ချီးမြှင့်ခဲ့ပြီးဖြစ်သည့်ဂုဏ်ထူးဆောင်ဘွဲ့များကို အဝေးရောက်လက်ခံယူသည့် ဆရာတော်ကြီးများနှင့် ဆရာတော်များ သီတင်းသုံးရာနေရာများသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်ဆက်ကပ်









**မန္တလေး ဇန်နဝါရီ ၁၆**

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို အောင်မြင်စွာကျင်းပကာ အခမ်းအနားတက်ရောက်လာကြသည့် ဘွဲ့ခံပုဂ္ဂိုလ်များထံ သက်ဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကိုယ်တိုင်တစ်ဦးချင်းစီ ချီးမြှင့်အပ်နှင်းခဲ့ပြီးဖြစ်သည်။

အဆိုပါဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်းအခမ်းအနားသို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက် ရယူနိုင်ခဲ့ခြင်းမရှိသည့် အဝေးရောက်လက်ခံယူသည့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့မှ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဆရာတော်များထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ဂုဏ်ထူးဆောင်ဘွဲ့များကို အဝေးရောက်လက်ခံယူသည့် ဆရာတော်ကြီးများနှင့် ဆရာတော်များ သီတင်းသုံးရာနေရာများသို့ ယနေ့ညနေပိုင်းက သွားရောက်ဆက်ကပ်လှူဒါန်းပူဇော်သည်။

ထိုသို့ဆက်ကပ်ရာတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာဘွဲ့နှင်းသဘင်ခန်းမတွင် သီရိပျံ့ချီ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသည့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကေသရ၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏာလင်္ကာရာဘိဝံသ၊ မော်ကွန်းထိန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမုဒ၊ ကထိကဆရာတော် ဘဒ္ဒန္တပဏ္ဍိတနှင့် ဆရာတော်များအား ဖူးမြော်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာတော်ကြီးတစ်ပါးချင်းစီထံသို့ သီရိပျံ့ချီဂုဏ်ထူးဆောင်ဘွဲ့များကို ဆက်ကပ်လှူဒါန်းပူဇော်ပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ ဓမ္မစကြာကျောင်းတိုက်သို့ သွားရောက်ကာ သီရိပျံ့ချီ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသည့် ဓမ္မစကြာကျောင်းတိုက်၏ ပဓာန နာယက ဘဒ္ဒန္တဉာဏသာမိအား ဖူးမြော်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာတော်ကြီးထံ သီရိပျံ့ချီဂုဏ်ထူးဆောင်ဘွဲ့ကို ဆက်ကပ်လှူဒါန်းပူဇော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း(ရွှေနတ်တောင်)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

မွန်ပြည်နယ် မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ တေဇဆောင်၌ ကျင်းပရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများ၏ "စုံညီပွဲတော်တို့နွဲပျော်" တေးသီချင်းဖြင့် ဖွင့်လှစ်၍ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက စုံညီပွဲတော်ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးက ကျောင်းဘက်စုံလုပ်ငန်း တိုးတက်စေရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြပြီး ကျောင်းသား၊ ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း ထူးချွန်ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကန့်ကွက်ရှုတ်ချပွဲများပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၆**

အကြမ်းဖက် သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များကို ဖျက်ဆီးစော်ကားမှုအား ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နှင့် လင်းခေးမြို့တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌လည်းကောင်း အသီးသီး ကျင်းပပြုလုပ်ကြသည်။ ဦးစွာ ကန့်ကွက်ရှုတ်ချပွဲများသို့ တက်ရောက်လာကြသူများသည် သတ်မှတ်နေရာအသီးသီးမှ ချီတက်စုဝေးကြပြီး သံဃာတော်များနှင့် မျိုးချစ်ပြည်သူဦးဆောင်သူများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန်လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။



ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကန့်ကွက်ရှုတ်ချပွဲများပြုလုပ်စဉ်။

ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့တက်ရောက်လာကြသူများက “အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အားပေးထောက်ခံသူများ (ဆန့်ကျင်ကြ)၊ အပြစ်မဲ့သံဃာနှင့် ပြည်သူများအပေါ် ယုတ်မာကောက်ကျစ်မှုများ(အလိုမရှိ)၊ စေတီပုထိုးနှင့် ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများနှင့် သာသနာဖျက်များအား (ဆန့်ကျင်ကြ)၊ ဗုဒ္ဓဘာသာကို စော်ကားဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများအား (ဆန့်ကျင်ကြ)၊ အကြမ်းဖက်အားပေး လောကကောင်များအား(အလိုမရှိ)၊သာသနာဖျက်အကြမ်းဖက်သမားများအား (အလိုမရှိ)၊ ဗုဒ္ဓသာသနာကို ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သမားများ(ကျရှုံးပါစေ)၊ လူမျိုးရေးခွဲခြား၊ သာသနာကို စော်ကားဖျက်ဆီးနေသူများအား(ဆန့်ကျင်ကြ)၊ စေတီပုထိုး၊ ဆင်းတုတော်များကို ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများ (ကျရှုံးပါစေ)” စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ နှစ်နိုင်ငံအကြား ရွေးကောက်ပွဲဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr.Iskander Azizov ဦးဆောင်သောအဖွဲ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည်မှာ ၁၉၄၈ ခုနှစ်မှစ၍ နှစ်ပေါင်း ၇၆ နှစ်တိုင် ရှိပြီဖြစ်ပြီး ရွေးယခင်ထက် စည်းလုံးညီညွတ်စွာဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေမှုများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်တို့အကြား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး နှစ်နိုင်ငံရွေးကောက်ပွဲကော်မရှင်တို့အနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများ၊ ၂၀၂၃ ခုနှစ် စက်တင်ဘာလက ရုရှားနိုင်ငံသို့ ဒေသန္တရရွေးကောက်ပွဲသွားရောက်လေ့လာခဲ့မှုများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရွေ့လုပ်ငန်းစဉ်များနှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက လာမည့်မတ်လတွင်ကျင်းပမည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်မှ အဆင့်မြင့်ကိုယ်စားလှယ်များ လာရောက်လေ့လာနိုင်ရေး ဖိတ်ကြားခဲ့ပြီး လေ့လာရေးခရီးစဉ်အတွက် ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ နှစ်နိုင်ငံအကြား ရွေးကောက်ပွဲဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် သိရှိလိုသည်များကို အသေးစိတ်မေးမြန်းဆွေးနွေးပြီး ဆွေးနွေးမေးမြန်းမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းပြောကြား၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“ရပေါင်းကာကွယ် ကောလာဟလအန္တရာယ်”**ခေါင်းစဉ်ဖြင့် ၁၇-၁-၂၀၂၄ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“လက်နက်ကိုင်သောင်းကျန်းသူများ၏ ဘုရားပုထိုးများ ဖျက်ဆီးမှုများအပေါ် ကန့်ကွက်ရှုတ်ချ”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အကြမ်းဖက်သောင်းကျန်းသူများက ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား ဖျက်ဆီးမှုများနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၁၆**

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို ဗုံးများ ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုရားစေတီများကို အကာအကွယ်ယူပြီး ခံစစ်စခန်းများပြုလုပ်ကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်းစသည်တို့ကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်ရာ ဘာသာ၊ သာသနာကို ယုတ်မာရိုင်းစိုင်းစွာ စော်ကားဖျက်ဆီးနေသည့် လုပ်ရပ်များသည် မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော် (ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော် (ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင် မောင်တော ဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်များ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

မြန်မာနိုင်ငံအတွင်းရှိဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများနှင့်ဘာသာရေးဆိုင်ရာအဆောက်အအုံများကို အကြမ်းဖက်သောင်းကျန်းသူများက ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးမှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိပါသည်။ ထို့ပြင် ဇန်နဝါရီလ ပထမပတ်တွင် ဘုရားဆင်းတုတော်ကို ဖျက်ဆီးနေသည့် ဗီဒီယိုဖိုင်များကိုလည်း လူမှုကွန်ရက်တွင် တွေ့မြင်နေရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများက ဗုဒ္ဓဘာသာသာသနာကို စော်ကားနေသည့် လုပ်ရပ်များအတွက် များစွာ စိတ်မကောင်းဖြစ်ရပါကြောင်း၊ ဗုဒ္ဓသာသနာကို ညှိုးနွမ်းအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်အဖွဲ့အစည်းများကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စု မြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဘုရား၊ စေတီ၊ ပုထိုးအား ဖျက်ဆီးခြင်းကို ပြည်ထောင်စု မြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) မှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စု မြန်မာနိုင်ငံ မက်သဒစ်အသင်းတော်**
**(အောက်မြန်မာပြည်)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

၁။ တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့ရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဆင်းတုတော်များ အပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကြမ်းဖက်သောင်းကျန်းသူများက ဗုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် ဖြိုချဖျက်ဆီးခြင်းအပါအဝင် အကြမ်းဖက်လုပ်ရပ်ပေါင်းစုံကို ပြုလုပ်လျက်ရှိသည်။

၂။ ထိုသို့ ပြုလုပ်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများအား မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

အကြမ်းဖက်သမားများအနေဖြင့် ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်နေသည့် ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် ဘာသာအသီးသီးနှင့်သက်ဆိုင်သော ဘာသာရေးအဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးသည့်လုပ်ရပ်များအား ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့တွင် အကြမ်းဖက်သမားများအနေဖြင့် ဗုဒ္ဓဘာသာဝင်များအထွတ်အမြတ်ထားရာ ဘုရား စေတီ ပုထိုးများ၊ ဘာသာရေးအဆောက်အအုံများအား ဖျက်ဆီးခဲ့သည့်လုပ်ရပ်အား ယုံကြည်ခြင်းဧဝံဂေလိအသင်းတော်(ပဲခူး)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

၁။ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ဗုဒ္ဓဘာသာဝင်များအထွတ်အမြတ်ထားရာ ဘုရားစေတီများအား ဖြိုချဖျက်ဆီးခြင်း၊ သာသနာရေးအဆောက်အအုံများအား ပစ်ခတ်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်ကို စိတ်မကောင်းဖွယ်ရာ မြင်တွေ့ကြားသိနေရပါသည်။

၂။ ယင်းအကြမ်းဖက်လုပ်ဆောင်မှုသည် ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်ကိုးကွယ်ရာ ဘာသာ၊ သာသနာကို လှောင်ပြောင်စော်ကားခြင်း၊ လူမျိုးရေးခွဲခြားခြင်းနှင့် သာသနာဖျက်ဆီးခြင်းများဖြစ်ပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို)က အကြမ်းဖက်အဖွဲ့အစည်းများကို ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

အကြမ်းဖက်သောင်းကျန်းသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို အကြမ်းဖက်တိုက်ခိုက်မှုပေါင်းစုံကိုပြုလုပ်၍ တိုက်ခိုက်ဖျက်ဆီးလျက်ရှိသည်ကို တွေ့မြင်ကြားသိနေရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများအနေဖြင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများနှင့် ဘုရား၊ စေတီ၊ ပုထိုးများအား ဖျက်ဆီးမှုများကို မြန်မာနိုင်ငံ ဧဝံဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဘုရား၊ စေတီ ပုထိုးနှင့် ဘာသာရေးအဆောက်အဦများအား ဖြိုချဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိခြင်းကို လွတ်မြောက်ခြင်းအသင်းတော် (ရန်ကုန်) က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**

## သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီပုထိုးများ၊ သာသနိကအဆောက်အဦများကို ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပြီး မိမိတို့ သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်အနေဖြင့် ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကို လုံးဝ လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်**

၁။ မြို့နယ်အချို့ရှိ ဘုရားစေတီများ၊ ရုပ်တုတော်များနှင့် ဘာသာရေးဆိုင်ရာအဆောက်အဦများကို အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များ၊ ဗုံးများဖြင့် ပစ်ခတ်ဖောက်ခွဲပြီး ဖြိုချဖျက်ဆီးခဲ့ကြောင်း ကြားသိရပါသည်။

၂။ အဆိုပါလုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ တွဲထားလက်များ ခိုင်မြဲစို့။**

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၏ သဘောထားထုတ်ပြန်ချက်

(၁၆-၁-၂၀၂၄)

၁။ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘာသာရေးဆိုင်ရာအဆောက်အဦများနှင့် ဘုရားရှိခိုးကျောင်းများကို အကြမ်းဖက်သောင်းကျန်းသူများက ဗုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်၊ ဖြိုချဖျက်ဆီးခြင်းများ လုပ်ဆောင်နေကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ အကြမ်းဖက်လုပ်ဆောင်မှုသည် ဗုဒ္ဓဘာသာဝင်များ၏ ကိုးကွယ်ယုံကြည်မှုကို စော်ကားသောလုပ်ရပ်ဖြစ်သောကြောင့် ပိန္နဲကုန်းရခိုင်ဂျာမေဗလီက အကြမ်းဖက်သောင်းကျန်းသူများကို ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

## မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁၆ရက်၊ အင်္ဂါနေ့

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နယ်နိမိတ်အတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် စစ်သွေးကြွလက်နက်ကိုင်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုများကြောင့် စစ်မက်များဖြစ်ပွားလျက်ရှိပြီး ၎င်းစစ်မက်ဖြစ်ပွားရာဒေသများမှ စစ်သွေးကြွလက်နက်ကိုင်သောင်းကျန်းသူများသည် စစ်ရေးနှင့်မသက်ဆိုင်သော ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို Drone များအသုံးပြု၍ Drop bomb များ ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဖြိုချဖျက်ဆီးခြင်းများနှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဖျက်ဆီးခြင်းစသည်တို့ကို လူမဆန်စွာ ပြုလုပ်လျက်ရှိကြောင်း တွေ့မြင်ကြားသိနေရပါသည်။

၂။ ထိုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် အခြားဘာသာရေးဆိုင်ရာအဆောက်အဦများနှင့် ဘုရားရှိခိုးကျောင်းများကို ဖျက်ဆီးခြင်းအားဖြင့် ဘာသာရေးအဓိကရုဏ်းများ၊ လူမျိုးရေးအဓိကရုဏ်းများ ဖြစ်ပေါ်စေရန်နှင့် ပြည်တွင်းရေးတည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်ဖျက်ဆီးမှုများ လုပ်ဆောင်နေသည့် စစ်သွေးကြွလက်နက်ကိုင် သောင်းကျန်းသူများအားလုံးကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် သဘောထားထုတ်ပြန် ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် အခြားဘာသာရေးဆိုင်ရာအဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို အကြမ်းဖက်သောင်းကျန်းသူများက ဗုံးများပစ်ချခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဖြိုချဖျက်ဆီးခြင်းများအပါအဝင် အခြားအကြမ်းဖက်တိုက်ခိုက်မှုပေါင်းစုံကို ပြုလုပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်

## ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၏ သဘောထားထုတ်ပြန်ချက်

(၁၆-၁-၂၀၂၄)

ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများ၊ ရုပ်ပွားတော်များနှင့် ဘာသာရေးဆိုင်ရာအဆောက်အဦများကို အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများ၊ ဗုံးများဖြင့် ပစ်ခတ်ဖြိုချဖျက်ဆီးမှုများ လုပ်ဆောင်နေသည်ကို တွေ့ရှိရသည်။

ယခုကဲ့သို့ ဖြိုချဖျက်ဆီးခဲ့သည့် အကြမ်းဖက်သောင်းကျန်းသူများအား ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန် ကြေညာချက်

(၁/၂၀၂၄)

၁။ ယခုအခါ အကြမ်းဖက်သောင်းကျန်းသူများသည် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဆင်းတုတော်များအပါအဝင် အခြားဘာသာရေးဆိုင်ရာအဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို ဗုံးခွဲတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ဖြိုချဖျက်ဆီးခြင်းများအပါအဝင် အခြားအကြမ်းဖက်တိုက်ခိုက်မှုများကို ပြုလုပ်လျက်ရှိကြောင်း မြင်တွေ့ကြားသိနေရပါသည်။

၂။ ထိုကဲ့သို့ ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီပုထိုးများ၊ ဆင်းတုတော်များအပါအဝင် ဘာသာရေးဆိုင်ရာအဆောက်အဦများကို ရိုင်းစိုင်းကြမ်းတမ်းစွာ ဖြိုချဖျက်ဆီးနေခြင်းသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားဗုဒ္ဓဘာသာဝင်များကိုသာမက ကမ္ဘာပေါ်ရှိ အခြားဗုဒ္ဓဘာသာဝင်များကိုပါ စိတ်နှလုံးမချမ်းမြေ့အောင် စော်ကားနေခြင်းဖြစ်သဖြင့် အဆိုပါလုပ်ရပ်များ လုပ်ဆောင်နေသော အကြမ်းဖက်သောင်းကျန်းသူများအား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားကြေညာချက် ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

၁။ အကြမ်းဖက်သောင်းကျန်းသူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို ဗုံးများပစ်ချခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဖြိုချဖျက်ဆီးခြင်းများအပါအဝင် အခြားအကြမ်းဖက်တိုက်ခိုက်မှုပေါင်းစုံကို ပြုလုပ်လျက်ရှိသည်ကို တွေ့မြင်ကြားသိနေရသည်။

၂။ ယခုကဲ့သို့ ဘုရားစေတီများ၊ ရုပ်ပွားတော်များနှင့် ဘာသာရေးဆိုင်ရာအဆောက်အဦများကို အကြမ်းဖက်ဖျက်ဆီးမှုများ ပြုလုပ်နေသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများအား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ သဘောထား ထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

၁။ ဗုဒ္ဓဘာသာတရား၏ အဆုံးအမများကြောင့် မြန်မာနိုင်ငံသည် သိမ်မွေ့သောယဉ်ကျေးမှု၊ တန်ဖိုးရှိသောရိုးရာဓလေ့ထုံးစံများဖြင့် ဘုရားတည် ကျောင်းဆောက်ကာ နှစ်ပေါင်းထောင်ချီ သာယာဖွံ့ဖြိုးငြိမ်းချမ်းစည်ပင်ခဲ့ပါသည်။

၂။ ယခုအခါ အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုများကြောင့် ဘုရားကျောင်းကန်စေတီပုထိုးအပါအဝင် ဘာသာရေးအဆောက်အဦများစွာ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။

၃။ ယဉ်ကျေးမှုဓလေ့ထုံးစံများ ထွန်းကားရာ ဗုဒ္ဓဘာသာစေတီပုထိုးများကို ဗုံးခွဲထုနှက်ချေဖျက်ခုတ်ထစ်ခဲ့ကြသော အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ပြတ်သားစွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## အကြမ်းဖက် သောင်းကျန်းသူများက ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများအား ဖျက်ဆီးမှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန် ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို ဗုံးများပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုရားစေတီများကို အကာအကွယ်ယူပြီး ခံစစ်စခန်းများပြုလုပ်ကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း စသည့်တို့ကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်ရာ ဘာသာသာသနာကို ယုတ်မာရိုင်းစိုင်းစွာ စော်ကားဖျက်ဆီးနေသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များသည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

၁။ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ပုထိုးများအပါအဝင် အခြားဘာသာရေးဆိုင်ရာအဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို အကြမ်းဖက်သောင်းကျန်းသူများက ဗုံးများပစ်ချခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဖြိုချဖျက်ဆီးခြင်းများအပါအဝင် အခြားအကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရပါသည်။

၂။ ထိုသို့ တိုင်းရင်းသားပြည်သူများ အလေးအမြတ်ထား ဆည်းကပ်ကိုးကွယ်နေကြသည့် ဘုရားစေတီများ၊ ရုပ်ပွားတော်များနှင့် ဘာသာရေးဆိုင်ရာအဆောက်အဦများကို အကြမ်းဖက်ဖျက်ဆီးမှုများပြုလုပ်လျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများအား မြန်မာနိုင်ငံစာရေးဆရာအသင်းက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့မှ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဆင်းတုတော်များနှင့် ဘာသာရေးဆိုင်ရာအဆောက်အဦများကို အကြမ်းဖက်သောင်းကျန်းသူများက ဗုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဖြိုချဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ အကြမ်းဖက်သမားများသည် ဗုဒ္ဓဘာသာဝင်များ၏ ကိုးကွယ်ယုံကြည်မှုအပေါ် စော်ကားသည့်လုပ်ရပ်များအား မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

(၁၆-၁-၂၀၂၄)

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

မြန်မာနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားသည့် စေတီတစ်ဆူကို ဖြိုချဖျက်ဆီးခြင်းနှင့် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကြမ်းဖက်သောင်းကျန်းသူများက ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ယခုကဲ့သို့ ဗုဒ္ဓဘာသာကို ညှိုးနွမ်းအောင်ပြုလုပ်နေသည့် အကြမ်းဖက်သမားများအား မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးက လုံးဝလက်မခံနိုင်ပါကြောင်းနှင် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

# လွိုင်ကော်မြို့ရှိ သမိုင်းဝင်မြို့နာမ်ရွှေစေတီတော်အား KNPP အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၁၆**

အကြမ်းဖက်သမားများအနေဖြင့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်၊ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်နှင့် အစိုးရအုပ်ချုပ်မှုယန္တရားများပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့်စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူပိုင်အဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လမ်းတံတားများကို ဖောက်ခွဲဖျက်ဆီးခြင်းများလုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ဗုဒ္ဓဘာသာဝင်များအတွက် အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများ အပါအဝင် အခြားဘာသာဝင်များ၏ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဘုရားရှိခိုးကျောင်းများအား Drop Bomb များ ပစ်ချခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးခြင်းများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။




လွိုင်ကော်မြို့ရှိ သမိုင်းဝင်မြို့နာမ်ရွှေစေတီတော်အား KNPP အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိ လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ကယားပြည်နယ်အတွင်းရှိ KNPP အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဒေသခံပြည်သူ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ လွိုင်ကော်မြို့ရှိ သမိုင်းဝင်မြို့နာမ်ရွှေစေတီတော်အား အဝေးမှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးမှုများ လုပ်ဆောင်ခဲ့ကြောင်းသိရှိရပြီး အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည်များသည် စေတီတော်ပရိဝုဏ်အတွင်းကျရောက်ပေါက်ကွဲခဲ့မှုကြောင့် စေတီတော်၏ကိုယ်လုံးတော်နှင့် အခြားသာသနိက အဆောက်အအုံများတွင် လက်နက်ကြီးကျည် ထိမှန်ပျက်စီးမှု အချို့ရှိခဲ့ကြောင်းသိရှိရသည်။

ယင်းသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ ဘုရားစေတီများနှင့် ဘာသာရေးဆိုင်ရာအဆောက်အုံများကို မိုက်ရိုင်းစော်ကားစွာဖျက်ဆီးနေမှုများကို ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများက လုံးဝလက်မခံနိုင်ဘဲ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတို့တွင် ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် အဖွဲ့အစည်းအသီးသီးကလည်း ကန့်ကွက်ရှုတ်ချသည့် ကြေညာချက်များထုတ်ပြန်ထားရှိကြောင်း သတင်းရရှိသည်။

# မတ္တရာမြို့နယ်တွင် တပ်မတော်ကပစ်ခတ်သည့် လက်နက်ကြီးကျည်ကြောင့် ဒေသခံနှစ်ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် အုန်းကုန်းကျေးရွာတွင် ဇန်နဝါရီ ၁၅ ရက် ညနေပိုင်းက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တပ်မတော်ကပစ်ခတ်သည့် လက်နက်ကြီးကျည်ကြောင့် ဒေသခံနှစ်ဦး သေဆုံးပြီး ကလေးငယ်တွေအပါအဝင် ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန် သတင်းများကို လူမှုကွန်ရက်စာမျက်နှာတွင် အကြမ်းဖက်အားပေးမီဒီယာ DVB က ရေးသားဖြန့်ဝေလျက်ရှိသည်ကိုတွေ့ရရသည်။

ဖြစ်စဉ်အမှန်အား သက်ဆိုင်ရာဒေသရှိ နယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦးထံ မေးမြန်းရာ ဇန်နဝါရီ ၁၅ ရက်တွင် မတ္တရာမြို့နယ် အုန်းကုန်းကျေးရွာဝန်းကျင်အနီး တပ်မတော်စစ်ကြောင်းများ နယ်မြေလုံခြုံရေးတာဝန်ဆောင်ရွက်စဉ် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လက်နက်ကြီးများဖြင့် အဝေးမှပစ်ခတ်တိုက်ခိုက်ခဲ့ပြီး အနီးဝန်းကျင် အုန်းကုန်းကျေးရွာသို့ ကျရောက်ပေါက်ကွဲမှုများရှိခဲ့ကြောင်းနှင့် ဒေသခံအပြစ်မဲ့အရပ်သားပြည်သူအချို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းသိရှိရသည်။ ဤသို့အကြမ်းဖက်သမားများ၏ လုပ်ရပ်များကိုပြည်သူများ အထင်အမြင်လွဲမှားအောင် ပြည်ဖျက်မီဒီယာများက သတင်းမှားများကို ရေးသားဖြန့်ဝေ နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၄၄ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၁ ဘီလီယံ တန်ဖိုးရှိဘိန်းဖြူ ၄၄ ကီလို ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၁၃၈ လမ်း၊ ၆၂ လမ်းထောင့်တွင် ဇင်မင်းထွန်းမောင်းနှင်လာသည့် TOYOTA HIACE မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ပလတ်စတစ်ဆပ်ပြာခွက် ၄၄၀၀ ဖြင့် ထည့်လျက် ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၄၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူများကို ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ဖြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသတင်းရရှိသည်။

**(သတင်းစဉ်)**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၁၅ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Myat Kyaw Thu"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကြာပို့ကျေးရွာနေ မြတ်ကျော်သူအား ညနေ ၃ နာရီတွင် ကျော်ဇီနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီဖမ်းဆီး ထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်း ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၁၇-၁-၂၀၂၄ (ဗုဒ္ဓဟူးနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၃း၀၀ | ပြည်သူကြားက ပြည်သူစကား |
| ၄။ | ၁၆း၂၀ | K Pop |
| ၅။ | ၂၁း၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ။ |



# ထွန်းတောက်လာမည့်ကြယ်တစ်ပွင့်

ဖူးစွာလွှင်

(၁)

"ကိုရင် ဘယ်တော့ထွက်မှာလဲ"

သင်္ကန်းဝတ်ထားသော ၁၁ နှစ်အရွယ် သားကိုရင်လေးကို ဒေါ်မယ်လှမေးလိုက်၏။ စိမ်းနေသော ဦးရေတော်၊ ဖြူဝင်းနေသော အသားအရေ၊ ရုပ်ဆင်းအင်္ဂါကလည်း အပြစ်ပြောစရာမလိုအောင် သပ္ပာယ်နေသောကြောင့် သားကိုရင်က သင်္ကန်းဝတ်နှင့် အလွန်ကြည်ညိုဖွယ် ကောင်းလှသည်။

"ကိုရင် လူမထွက်ချင်ဘူး မယ်တော်။ ကိုရင် ဘုန်းကြီးကျောင်းမှာနေရတာပျော်တယ်"

"ကိုရင်ကလဲ ဘုန်းကြီးကျောင်းမှာ ဘာပျော်စရာရှိလို့လဲ။ အိမ်မှာလိုကစားစရာတွေလဲ အစုံမရှိ၊ အစားအသောက်ကလဲ ဆင်းရဲကဆင်းရဲနဲ့။ မယ်တော်ကတော့ အိမ်မှာတစ်ယောက်တည်းပျင်းလို့ ကိုရင်ကိုအမြန်ဆုံးလူထွက်စေချင်ပြီ။ ကိုရင်ရဲ့ ခမည်းတော်ကလဲ ခဏခဏမေးနေတယ်။ ဘယ်နေ့ ကိုရင်လူထွက်မှာလဲတဲ့။ လူထွက်မဲ့နေ့ကျရင် ကိုရင့်အတွက် မြို့ကိုတက်ပြီး ဖုန်းအကောင်းစားဝယ်ပေးမလို့ ပြောနေတယ်"

"ကိုရင့်အတွက်အခုဖုန်းမလိုတော့ပါဘူး ဒကာမကြီး။ ကိုရင် စာကျက်စရာတွေရှိသေးတယ်"ဟုပြောပြီး အနားကနေ သားကိုရင်က လှစ်ခနဲ ဘုန်းကြီးကျောင်းအောက်ကိုဆင်းသွားသည်။ ဒေါ်မယ်လှ တားမြစ်ချိန်ပင်မရလိုက်ပါ။ ဘုန်းဘုန်းအနားမှာရှိနေသောကြောင့် ဒေါ်မယ်လှ သားကိုရင်နောက်လည်း မလိုက်နိုင်ပေ။

"ဒကာမ ကိုရင်ဇဝနက ဘုန်းဘုန်းကို မနေ့က ပြောတယ်။ သူ သာသနာ့ဘောင်မှာ နေရတာပျော်လို့ ရာသက်ပန် သင်္ကန်းဝတ်ချင်တယ်လို့ပြောတယ်။ အဲဒါ ဒကာမတို့ မိဘတွေကိုခွင့်ပြုပေးဖို့ ကိုရင်လေးက မပြောချင်လို့ ဘုန်းဘုန်းကိုမိန့်ခိုင်းလိုက်တယ်"

ဘုန်းဘုန်းစကားကြောင့် ဒေါ်မယ်လှရင်ထဲ ဟာခနဲဖြစ်သွားသည်။ လူက မူးမိုက်ချင်သလိုလို ဖြစ်သွားသည်။

"အရှင်ဘုရား တပည့်တော်တို့မှာက ဒီသားလေး တစ်ယောက်ပဲရှိတာပါ။ သားရဲ့ဆန္ဒကို တပည့်တော်တို့မိဘနှစ်ပါး လုံးဝခွင့်မပြုပေးနိုင်ပါဘူး။ ပြီးတော့ တပည့်တော်တို့ရဲ့ အမွေအနှစ်တွေကို သားကိုရင်ပဲ ဆက်ခံဖို့လူရှိပါတယ်ဘုရား"

"အေးကွယ် ဘုန်းဘုန်းလဲ ဒီအကြောင်းတွေ သိသလို ကိုရင်ဇဝနကို ပြောပြပါတယ်။ ခက်တာက ကိုရင်လေးက သူ့ဆုံးဖြတ်ချက်ကိုမပြင်တော့ဘူးဆိုပြီး ပြောနေတယ်။ ကိုရင်လေးက ဉာဏ်ရည်ထက်မြက်တော့ သင်သမျှစာတွေကိုခဏလေးနဲ့ ရလွယ်တယ်။ အခြားကိုရင်တွေလို မဟုတ်ဘူးကွယ်။ ဒီကိုရင်လေးသာ သာသနာမှာရှိနေရင် သာသနာမှာထွန်းလင်းမဲ့ကြယ်လေးတစ်ပွင့်ဖြစ်လာမှာ မလွဲဘူးဒကာမ"

ဘုန်းဘုန်းစကားများကို ဒေါ်မယ်လှ ဘယ်လိုအကြောင်းနှင့်မှ လက်မခံနိုင်ပါ။ သားလေးတစ်ယောက်တည်းရှိသောကြောင့် ဘယ်လိုမှ သားကိုရင်နှင့်ခွဲပြီး မနေနိုင်ပါ။ ဦးကျောက်အိုးကလည်း အလုပ်ကပြန်လာသည်နှင့် သားမျက်နှာကိုမမြင်ရလျှင် တစ်ခုခုလိုနေသလို ခံစားရသည်ဟု သည်ရက်ပိုင်းပြောနေသည်။ ထို့ကြောင့် ယခုပင် သားကိုရင်ကိုပြန်ခေါ်သွားရန် စဉ်းစားထားသည်။

"ဘုန်းဘုန်းဘုရား တပည့်တော် အခုပဲ ကိုရင်လေးကို အိမ်ပြန်ခေါ်တော့မယ်ဘုရား"

"အေးကွယ် ဘုန်းဘုန်းလဲ ကိုရင်လေးနဲ့ ဒကာမတို့ကြားမှာ အဆင်ပြေစေချင်တယ်"ဟု ပြောပြီး ဘုန်းဘုန်းက ကျောင်းအောက်သို့ဆင်းသွားသည်။

ဒေါ်မယ်လှလည်း သားကိုရင်ကို ကျောင်းအောက်မှာရှာရန် ဆင်းလာလိုက်သည်။

(၂)

စာသင်နေသည့် ကိုရင်များ၊ ဦးပဉ္စင်းများ အခန်းတွင် ကိုရင်လေး စာသင်နေမလားတွေးပြီး ထိုအခန်းထဲမှာ ဝင်ရှာသော်လည်း မတွေ့ပေ။ ဒေါ်မယ်လှ အိမ်ကပါလာသည့် ကားမောင်းသမားနှင့်အတူ ဘုန်းကြီးကျောင်းတစ်ဝင်းလုံး သားကိုရင်ကို လိုက်ရှာသော်လည်း မတွေ့ပေ။

"ဘုန်းဘုန်းဘုရား ကိုရင်ဇဝနကို တွေ့သေးလားဘုရား။ တပည့်တော်ရှာနေတာ ကျောင်းတစ်ဝင်းလုံးနေရာနှံ့နေပြီ မတွေ့ဘူးဘုရား"

"ဟေ ဟုတ်လား။ ကိုရင်လေးက ဒကာမနောက် အိမ်ပြန်လိုက်ရမှာကြောက်လို့ ပုန်းနေတယ်ထင်တယ်။ ခဏ ဘုန်းဘုန်းရှာပေးမယ်"

"တင်ပါဘုရား။ တပည့်တော်လဲရှာနေတာ ဖတ်ဖတ်မောနေပါပြီ"

သားကိုရင်ကို သွားရှာရန် ဘုန်းဘုန်း အနားကနေ ထွက်သွားမှ နဖူးပေါ်ကချွေးများကို ဒေါ်မယ်လှ သုတ်လိုက်၏။

ခဏအကြာ သားကိုရင်ကိုလက်ဆွဲပြီး ဘုန်းဘုန်းက ခေါ်လာခဲ့သည်။

"ကိုရင် အိမ်မပြန်ချင်ဘူး။ မယ်တော်ဘာသာပြန်ပါ။ ကိုရင်က ဘုန်းကြီးကျောင်းမှာပဲ သင်္ကန်းအပြီးဝတ်တော့မှာ။ ကိုရင့်ကို သာသနာ့ဘောင်အပြီးဝင်ဖို့ ခွင့်ပြုပေးပါ"

သားကိုရင်က မျက်ရည်များဝဲလျက်ပြောလာသောကြောင့် ဒေါ်မယ်လှ ရင်ကွဲပက်လက်ဖြစ်သွားသည်။

"ကိုရင်က မယ်တော်နဲ့ခွဲနေနိုင်လို့လား"

"အခု ခွဲမနေလဲ နောက်ခွဲနေရမှာပါမယ်တော်။ ကိုရင်သော်လည်းကောင်း၊ မယ်တော်သော်လည်းကောင်း တစ်ယောက်ယောက်မရှိတော့ရင်ဆိုတဲ့အတွေးမျိုးကို တွေးပါမယ်တော်"

သားကိုရင်က တရားပြသလို ဒေါ်မယ်လှကို ပြောလာသည်။

"အသက်ကြီးမှ သာသနာ့ဘောင်ပြန်ဝင်လဲ ရတာပဲ ကိုရင်ရယ်။ လာပါ အခုတော့အိမ်လိုက်ခဲ့ပါ"

"သာသနာ့ဘောင်ကို ဝင်လိုက်ထွက်လိုက် မလုပ်ချင်ဘူး မယ်တော်။ ကိုရင်စာပေကျမ်းဂန်တွေကို အခုအရွယ်ကတည်းက လေ့လာမှတ်သားသင်ယူချင်တယ်။ ခွင့်ပြုပေးပါ"

ဒေါ်မယ်လှ ဘယ်လိုမှပြောမရသည့် သားကိုရင်ကို ဘယ်လိုလုပ်ပြီး အိမ်ပြန်ခေါ်သွားရမည်မသိပေ။

"ဒကာမ ကိုရင်က အခုတော့ အိမ်ပြန်ဖို့လုံးဝပြောလို့ရမှာမဟုတ်ဘူး။ နောက် သူ စိတ်ပြောင်းသွားရင်လဲ ပြောင်းသွားမှာပါ။ အဲတော့မှ တစ်ခါလာခေါ်ပေါ့ ဒါပဲရှိတယ်"

"တင်ပါဘုရား။ ဘုန်းဘုန်းကလဲ ကိုရင်ကို လူထွက်ဖို့ တိုက်တွန်းပေးပါဘုရား"

ကိုရင်လေးမယ်တော့်စကားကြောင့် ဘုန်းဘုန်းမျက်ခုံးပင့်သွားသည်။ ကြားကနေ သားအမိနှစ်ယောက်ကြား စိတ်မောသွားရသည်။ သည်လွန်ဆွဲပွဲမှာ ကိုရင်ဇဝနက နိုင်မလား၊ သူ့မယ်တော်ကပဲ နိုင်မလား မသိနိုင်ပေ။ ဒေါ်မယ်လှအိမ်သို့ သားကိုရင်မပါဘဲ ပြန်လာရတော့ မျက်နှာကမလှပေ။ သားကိုရင်နှင့်အတူသာ အိမ်ပြန်လာရလျှင် ဘယ်လောက်တောင်ပျော်စရာကောင်းလိမ့်မလဲဟုတွေးပြီး မျက်ရည်ပူတို့က စီးကျလာသည်။

"မယ်လှ မျက်နှာလဲ မကောင်းပါလား။ နေမကောင်းဘူးလား။ ဒါနဲ့သားလေးကော ကိုရင်ထွက်လာပြီလား။ ဘယ်မှာလဲ"

ဟိုကြည့်သည်ကြည့်နှင့် သားဖြစ်သူအရိပ်အယောင်များမမြင်၍ ဦးကျောက်အိုး အိမ်ထဲရှာလိုက်၏။

"သားလေးကို ကျွန်မသွားခေါ်တာ ဒီနေ့လဲ ပြန်မလိုက်လာဘူး ကိုကျောက်အိုး"

"ဘာလို့သားက ပြန်လိုက်မလာတာလဲ။ သူပြောတော့ ဒီနေ့လူထွက်မယ်ဆို"

"ကျွန်မတော့ စိတ်ညစ်တယ် ကိုကျောက်အိုးရယ်"

"ဘာဖြစ်လို့လဲ မယ်လှရဲ့ ရှင်းရှင်းလင်းလင်း ပြောစမ်းပါကွ"

"သားက လူမထွက်တော့ဘူးတဲ့။ သာသနာ့ဘောင်ကို အပြီးဝင်တော့မယ်လို့ပြောလာတယ်"

ဒေါ်မယ်လှ စကားကြောင့် ဦးကျောက်အိုး ပါးစပ်အဟောင်းသားဖြစ်သွားသည်။ သာသနာ့ဘောင်ဝင်ရအောင် သားက ယခုမှ ၁၁ နှစ်သားလေးပဲ ရှိသေးသည်။ မိဘရင်ခွင်နွေးနွေးလေးမှာနေရမည့် ကလေးတစ်ယောက်ဖြစ်သည်။

"မဟုတ်သေးပါဘူးမယ်လှရာ။ သားကို ငါ ဘယ်နည်းနဲ့မှ သာသနာ့ဘောင်ထဲ အပြီးအဝင်မခံနိုင်ဘူး။ မရ ရအောင် နောက်ရက် ငါကိုယ်တိုင်သွားပြီး လူထွက်ခိုင်းမှရမယ်"

"ကိုကျောက်အိုး ကျွန်မလဲ သားနဲ့မခွဲနိုင်ဘူး။ သားကို ရှင်သွားခေါ်ရင် အိမ်အပါခေါ်လာနော်။ ကျွန်မ သားမရှိဘဲ မနေနိုင်ဘူး"

"အေးပါ မယ်လှရယ် သားမရှိဘဲမင်းမနေနိုင်သလို ငါလဲ မနေနိုင်ပါဘူးဟာ"

ဦးကျောက်အိုး သားဖြစ်သူကို နောက်တစ်ရက် ဘုန်းကြီးကျောင်းသို့ သွား၍ခေါ်သည်။

သို့သော် ကိုရင်ဇဝန မလိုက်ပေ။

"ကိုကျောက်အိုး ရှင် တစ်ယောက်ထဲပြန်လာတာလား။ သားလေးကော ပြန်ပါမလာဘူးလား"

ကားရပ်ရပ်ချင်း ဒေါ်မယ်လှ ကားနားသို့သွားပြီး မေးလိုက်၏။

"မယ်လှ သားကသူ့ကိုအနှောင်အဖွဲ့ကင်းကင်းနဲ့ သာသနာ့ဘောင် ဝင်ခွင့်ပြုပါတဲ့။ သူကန့်လန့်မတိုက်ချင်ဘူး။ ငရဲမပေးပါနဲ့တဲ့ကွာ။ သူ့ဆုံးဖြတ်ချက်ကိုလဲ မပြင်နိုင်ဘူးလို့ပြောတယ်"

(၃)

နေ့ရှိသမျှ သားဖြစ်သူ၏ အခန်းထဲသွားကာ ယောကျ်ားလုပ်သူမသိအောင် ခိုးငိုပြီး အဝတ်အစားလေးများ နမ်းပြီး အလွမ်းဖြေရသည်။ သားရှိစဉ်က အသုံးပြုခဲ့သည့် ပစ္စည်းလေးများကို ကောက်ကိုင်ကြည့်ပြီး တစ်ချိန်ကပုံရိပ်များပြန်မြင်ယောင်နေမိသည်။

"ကိုကျောက်အိုး ရှင် ထမင်းစားတော့မလား။ ကျွန်မခူးလိုက်မယ်"

"မစားချင်ဘူး မယ်လှ။ မင်းပဲစားလိုက်တော့"

ဦးကျောက်အိုး သားစိတ်ကြောင့် မစားနိုင် မသောက်နိုင်သော်လည်း မိန်းမလုပ်သူလို အခြေအနေမဆိုးပါ။ သားကိုသတိရနေသော်လည်း နာသည့်စိတ်နှင့်ဖြေနေသည်။

"ကိုရင်ဇဝနက စာတအားတော်လို့ မြို့က စာသင်တိုက်ကို စာသွားသင်ရမှာတဲ့"

အိမ်နီးနားချင်းများ ပြောစကားကြောင့် ဒေါ်မယ်လှ သားဖြစ်သူအကြောင်းကိုသိရသည်။ မြို့စာသင်တိုက်သွားလျှင် စာအုပ်ဖိုးနှင့် အခြားလိုအပ်သည်များ သုံးရန် ဝတ္ထုငွေလိုမည်ဆိုသည်ကို ဒေါ်မယ်လှသိသည်။

"မပုည ကျွန်မအကူအညီတစ်ခု တောင်းချင်လို့ပါ။ ကူညီနိုင်မလား"

"ဘာလဲ ဒေါ်မယ်လှရဲ့ ကူညီနိုင်ရင်ကူညီမှာပေါ့"

"အခြားမဟုတ်ပါဘူး ကျွန်မသားကိုရင်က မြို့စာသင်တိုက်ကိုသွားမှာဆိုတော့ သူ့အတွက်လိုအပ်တဲ့ အသုံးအဆောင်နဲ့ဝတ္ထုငွေလေး ကပ်ချင်လို့ပါ။ ဒါပေမဲ့ ကျွန်မလှူတယ်လို့ သူ့ကိုမသိစေချင်ဘူး။ ကျွန်မယောကျ်ားကိုလဲ မသိစေချင်လို့။ မပုည လှူတယ်လို့

စာမျက်နှာ ၂၅ သို့ ➤

# ပုသိမ်မြို့နယ်တွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ဧက ၂၅၀၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပိုက်ဆန်လျှော်စိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ဧက ၂၅၀၀ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ဧက ၂၅၀၀ ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်လျာထားစိုက်ပျိုးခဲ့ကြောင်း၊ယနေ့တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) လျာထား ဧက ၂၅၀၀ အားလုံး ရာနှုန်းပြည့်စိုက် ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပိုက်ဆန်လျှော်ကို လက်ရှိစိုက်ပျိုးတာကလာမဲ့ မိုးသီးနှံစိုက်ပျိုးရာသီမှာ မြေဩဇာအဖြစ်အသုံးပြုဖို့အတွက်ပါ။ စပါးစိုက်တဲ့အခါ ပိုက်ဆန်လျှော်ကို မြေဩဇာအဖြစ် ထည့်သွင်းစိုက်ပျိုးတာက အကျိုးကျေးဇူးအများကြီးရှိပါတယ်။ ဓာတုဓာတ်မြေဩဇာတွေ သုံးစွဲမှုလျော့နည်းသွားမယ်၊ ဓာတ်မြေဩဇာတွေကြောင့် မြေဆီလွှာပျက်စီးမှုလျော့နည်းသွားမှာဖြစ်ပါတယ်။ ဒါပြင် ပိုက်ဆန်လျှော်ထည့်သွင်းစိုက်ပျိုးတဲ့အတွက် ထွက်လာသောသီးနှံတွေမှာလဲ ဓာတုဓာတ်ကြွင်းများပါရှိမှု လျော့ကျသွားမှာဖြစ်ပါတယ်။ မြေဩဇာစရိတ်လဲ သက်သာသွားမယ်။ ဒါကြောင့် ပိုက်ဆန်လျှော်စိုက်ပြီး သဘာဝမြေ ဩဇာအဖြစ်အသုံးပြုတာက ကောင်းမွန်တဲ့ အကျိုးကျေးဇူးတွေရရှိပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးဦးစိုးဝင်းက ပြောပြသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

နာမည်ခံပေးစေချင်တယ်။ ကျွန်မက ဝတ္ထုငွေနဲ့ ပစ္စည်းတွေဝယ်ပေးမယ်။ မပုညက သွားလှူပေးဖို့ပါ"

"ဒေါ်မယ်လှရယ် သားကိုရင်ကို လှူချင်တာများ ကိုယ်တိုင်သွားလှူလိုက်တာမဟုတ်ဘူး။ သူ့မယ်တော် လာလှူတယ်လို့သိရင် ကိုရင်ဇဝနက အားပိုရှိပြီး စာတွေပိုကြိုးစားမှာ"

"မပုညရယ် ကျွန်မတို့က သားကိုသာသနာ့ဘောင် မဝင်စေချင်ဘူး။ ကျွန်မတို့မှာ ဒီသားလေးတစ်ယောက်ပဲရှိတာလေ။ ကျွန်မတို့ရဲ့ ခံစားချက်ကို မပုည နားလည်မှာပါ။ တစ်နေ့နေ့ သားကိုရင် နောင်တရပြီးလူထွက်လာမလားလို့ မျှော်လင့်ခဲ့မိတယ်။ ဒါပေမဲ့လဲ သားကိုရင်က သူ့ဆုံးဖြတ်ချက်အတိုင်း မပြင်ဘူးလေ။ စာပေကျမ်းဂန်တွေကို လိုက်စားနေတော့သူမပြည့်မစုံဖြစ်နေမှာကိုလဲ မွေးထားတဲ့အမေဖြစ်တဲ့ ကျွန်မစိုးရိမ်မိပြန်တယ်"

"အေးပါ ကိုရင်ဇဝနမသိအောင် ငါလှူတယ်ပဲပြောမယ်"

မြို့ကစာသင်တိုက်မှာ စာသွားသင်ရတော့မှာမို့ ခမည်းတော်နှင့်မယ်တော်များ စိတ်ဆိုးပြေပြီး လာတွေ့မလားဆိုသည့်စိတ်နှင့် ကိုရင်ဇဝနကား မထွက်ခင် လမ်းကိုမျှော်နေမိသည်။ သို့သော် ကားသာထွက်သွားသည် ခမည်းတော်နှင့်မယ်တော်က စိတ်နာပြီးလာတောင်မတွေ့ကြပေ။ စိတ်မကောင်းသော်လည်း ကားပေါ်တွင်မျက်လုံးမှိတ်ပြီး ဘုရားဂုဏ်တော်ကိုးပါးသာ စိတ်မပြန့်လွင့်အောင် ရွတ်နေမိသည်။

ဒေါ်မယ်လှ ရွာထိပ်ကညောင်ပင်ကြီးဘေးမှာကွယ်ပြီး သားကိုရင်ကို ချောင်းကြည့်နေသည်။ သားကိုရင်က စာအလွန်ကြိုးစား၍လား၊ အစားအသောက်ပျက်၍လားမသိ။ အတော်လေးပိန်သွားသည်ကိုမြင်ရသောကြောင့် စိတ်မကောင်းပေ။ ဒေါ်မယ်လှသားကိုရင်ကို ကွယ်ရာကကြည့်ပြီး အိမ်သို့ပြန်လာသည်။

မိန်းမဖြစ်သူက သားကိုရင်အတွက် အသုံးအဆောင်ပစ္စည်းနှင့်ဝတ္ထုငွေများ မပုညနှင့်လှူခိုင်းသည်ကို ဦးကျောက်အိုး ဟိုတစ်နေ့ကတည်းက သိသည်။ သည်နေ့လည်း မြို့စာသင်သွားမည့် သားကိုရင်ကို ရွာထိပ်က ညောင်ပင်နားမှာသွားချောင်းကြည့်နေသည်ကို မြင်ခဲ့သည်။ သူသည်လည်း ထိုနည်းတူစွာ ရွာအလွန်က ညောင်ပင်နားမှာ သားကိုရင်ကို ချောင်းကြည့်နေမိသည်။ သားကိုရင် မြို့သွားခါနီး မိဘများ ကိုမျှော်နေပုံရသည်။ ကားပေါ်တွင် သားကိုရင်ကမျက်နှာမကောင်းသည်ကို ဦးကျောက်အိုးတွေ့ခဲ့သည်။

(၄)

ကိုရင်ဇဝနလိုအပ်သည့် ဝတ္ထုငွေနှင့်အသုံးအဆောင်များကို လစဉ်လတိုင်းဘုန်းကြီးကျောင်းသို့ ရွာထဲက ဒါယိကာမဒေါ်ပုညလာလှူကြောင်း ဘုန်းဘုန်းက ဖုန်းဆက်ပြောပြသည်။ ထို့ကြောင့်သာ မြို့မှာ စာသင်ရသည်က အသက်ရှုချောင်သေးသည်။ လိုအပ်သည့်ဈေးကြီးလွန်းလှသည့် စာအုပ်များကိုလည်း ထိုဝတ္ထုငွေကြောင့်သာဝယ်ပြီးစာများလေ့လာနိုင်ခဲ့သည်။ ရာသီအလီလီပြောင်း နှစ်တွေတစ်နှစ်ပြီးတစ်နှစ်ကုန်လွန်လာလျှင် ဖခမည်းတော်နှင့်မယ်တော်က စိတ်ဆိုးပြေသွားမည်ဟု ကိုရင်ဇဝန စိတ်ထဲတွေးထားခဲ့သည်။ သို့သော် စာသင်နှစ် ခုနစ်နှစ်အတွင်းမှာ ဘွဲ့များစွာကို ကိုရင်ဇဝန ပိုင်ဆိုင်မှုရခဲ့သော်လည်း မိဘများထံက ဆက်သွယ်မှုမရခဲ့ပါ။ အသက် ၁၉ နှစ်တွင် စာအလွန်တော်သည့် ကိုရင်ဇဝန ရှင်သာမဏေကျော်ဘွဲ့ထူးကို ထူးထူးချွန်ချွန်ဆွတ်ခူးနိုင်ခဲ့သည်။ ရွာပြန်ပြီး အပူဇော်ခံရန် ရွာကလူအားလုံးမြို့ပေါ်သို့တက်လာကာ ကားဖြင့်လာပြီး ပင့်ဆောင်ကြသည်။ ထိုအထဲတွင် ဖခမည်းတော်နှင့်မယ်တော်ပါလာမလားဟု၍ ကိုရင်ဇဝန ရှာကြည့်သော်လည်းမတွေ့ရပေ။

"ဒကာမဒေါ်ပုညကြောင့်သာ ကိုရင်လိုအပ်တဲ့စာအုပ်တွေဝယ်နိုင်ခဲ့တာ။ ဒကာမကျေးဇူးတွေကြောင့် ကိုရင်ဒီသာမဏေကျော်ဘွဲ့ကို ရခဲ့တာပါ"

ကားပေါ်သို့မတက်ခင် ဒေါ်ပုညနှင့်တွေ့၍စကားရပ်ပြောမိသည်။

"မဟုတ်ဘူးဘုရား။ တပည့်တော် မပြောမဖြစ်လို့သာ ပြောရမှာပါ။ တကယ် တော့ လတိုင်း ဝတ္ထုငွေကပ်လှူခဲ့တဲ့သူက ဒကာမ မဟုတ်ပါဘူး။ ကိုရင်ရဲ့ မယ်တော်အရင်း ဒေါ်မယ်လှပါ။ ဒီအကြောင်းတွေကို ဒေါ်မယ်လှက မပြောဖို့မှာထားပေမဲ့ အခုချိန်မှာပြောသင့်တယ်ထင်လို့ အရှင်ဘုရား ကိုပြောပြတာပါ"

"ဟင် ဟုတ်လား။ ဒါဆို ကိုရင်မှားသွားပြီ။ စာသင်တိုက်မှာ နေခဲ့တဲ့ တစ်လျှောက်လုံး မိဘတွေကပြန်မကြည့်လို့ စိတ်ခုနေမိခဲ့တာ။ ဒါဆို ကိုရင်တော့မှားပြီပေါ့"

ထိုအခါမှ ရွာအပြန်ကားပေါ်မှာ ကိုရင်ဇဝနရင်ထဲ အလွန်ခံစားသွားရသည်။ ဆိုင်းသံဗုံသံများ ဆူညံနေအောင်ရွာအဝင်မှာ တီးပြီးကြိုဆိုနေသော်လည်း စိတ်ထဲပျော်မနေပါ။

ရွာအဝင်က ညောင်ပင်ကြီးအောက်တွင် ဦးကျောက်အိုးနှင့်ဒေါ်မယ်လှ သားကိုရင်ရှင်သာမဏေကျော်ဘွဲ့ရလာသည်မို့ ပူဇော်ကန်တော့ချင်၍ ညောင်ပင်အောက်အကွယ်မှာထိုင်နေကြသည်။ ညောင်ပင်အောက်သို့ ကားကအဖြတ် ဖျက်ခနဲဆို ကိုရင်ဇဝနကားပေါ်ကနေ ညောင်ပင်အောက်မှာ လက်အုပ်ကလေးချီနေကြသည့် မိဘနှစ်ပါးကိုမြင်လိုက်ရသည်။

"ကားခဏရပ်ပေးပါ"ဟု ကိုရင်ဇဝနပြောလိုက်သည်။ ကားရပ်လိုက်သည်နှင့် ညောင်ပင်အောက်တွင် လက်အုပ်ကလေးချီနေကြသည့် ခမည်းတော်နှင့် မယ်တော်ကို မြင်လိုက်ရသည်။

"ကိုရင်"

"မယ်တော် နေကောင်းတယ်နော်။ ခမည်းတော်ကော နေကောင်းတယ်နော်"

"တင်ပါဘုရား နေကောင်းပါတယ်"

ခမည်းတော်အသံက တုန်ယင်နေသည်။

"မယ်တော်နဲ့ ခမည်းတော် ကိုရင့်ကို ခွင့်လွှတ်ပေးပါ။ ကိုရင်မသိဘဲနဲ့ ဒီနှစ်တွေမှာ မယ်တော်နဲ့ခမည်းတော်ကို စိတ်ခုနေခဲ့မိတယ်"

"ကိုရင့်ကိုသာ မယ်တော်တို့ကခွင့်လွှတ်ပေးဖို့တောင်းပန်သင့်တာပါ။ မယ်တော်တို့မိဘနှစ်ပါးစလုံး ကိုယ့်အတွက်ကိုယ်အတ္တကြီးခဲ့မိတယ်။ အခုလို သာသနာ့ကြယ်ပွင့်လေး ဖြစ်လာအောင်လုပ်ဖို့ တားမြစ်ခဲ့မိတယ်"

"ဟုတ်တယ်ကိုရင် ခမည်းတော်တို့မှားသွားတယ်။ ကိုယ့်အကျိုးအတွက်ပဲ ကိုယ်ကြည့်ပြီး သာသနာ့အကျိုးအတွက်မငဲ့ကြည့်ခဲ့မိဘူး။ အခုတော့ နောင်တရနေပါပြီဘုရား။ တအားကိုနောင်တရမိပါတယ်"

ဦးကျောက်အိုးဝမ်းနည်းလွန်း၍ မျက်ရည်များစီးကျလာသည်။

"ခမည်းတော်နဲ့ မယ်တော့်နေရာမှာ အခြားမိဘတွေဆိုလဲ အခုလို ကန့်ကွက်မိမှာပါ။ သာသနာအတွက် အခုလိုကြယ်ပွင့်လေးဖြစ်ခွင့်ရဖို့ ခမည်းတော်နဲ့မယ်တော်က သားတစ်ယောက်ကိုစွန့်လွှတ်လိုက်ရတဲ့ မိဘတွေပါ။ အဲဒီအတွက်လဲ ခမည်းတော်နဲ့မယ်တော်မွန်မြတ်ပါပေတယ်။ နှစ်ယောက်စလုံး နောင်တမရပါနဲ့တော့။ အခုဆို ခမည်းတော်နဲ့ မယ်တော်က ရှင်သာမဏေကျော်ဇဝနရဲ့ ခမည်းတော်နဲ့မယ်တော်ဖြစ်နေပြီလေ"

သားကိုရင့်စကားကိုကြားလိုက်ရသောကြောင့် ဦးကျောက်အိုးနှင့်ဒေါ်မယ်လှ သားကိုရင်ရှင်သာမဏေကျော်အတွက် ဂုဏ်ယူစွာပြုံးလိုက်ကြသည်။ ရှင်သာမဏေကျော်ဇဝနနှင့် မိဘနှစ်ပါး ပြန်ပြေလည်မှုရသွားသောကြောင့် အနီးနားရှိပရိသတ်များလည်း ပီတိပြုံးများဝေဖြာကုန်ကြပါတော့သည်။

## စည်းလုံးကြပါ ပြည်မြန်မာ

\- ကိုယ်နဲ့မတူ မူကွဲပြားတာနဲ့
လူခွဲခြား အပြစ်မြင်၊
တစ်ကိုယ်စာ အတွေးသိမ်
ချိုးနှိမ်လို့ပင်၊
ကိုယ့်ဘက်ယက် လိပ်အသွင်
ကိုယ်ထင်ရာ ကြံဖန်ပြော၊
ဒီမိုကရေစီ လမ်းကြောင်းမှားတဲ့
များလှလှပေါ့။

\- မြစ်ချောင်းအင်းနဲ့ အဖိုးတန်တော
အသက်သွေးကြော တို့နိုင်ငံ၊
လူမျိုးတွေ စုံလင်များလည်း
တစ်သားတည်း အမှန်၊
ဖွံ့ဖြိုးရေး စိတ်ရည်သန်
စိတ်သန္တာန် သင့်ရာတွေး၊
လူတိုင်းဟာ သူ့အကြိုက်နဲ့
နေထိုက်တယ်လေး။

\- တို့တစ်တွေ နိုင်ငံရေးအတွက်
ဆွေးနွေးလို့ ကြိုးစားပါ၊
အပြစ်ကို ကြံဖန်ကြည့်ရင်
အားလုံးရှိမှာ၊
အပုပ်ချခြင်း ရှောင်ကြဉ်ကာ
တို့မြန်မာတွေ အေးချမ်းဖို့၊
ပြည်ထောင်စု ရွှေ့ချီလှမ်းမယ်
(ကဲ. . . တိုင်းရင်းသားတို့ရေ)
ကမ်းလက်မြဲစို့။

**မောင်စိုးငွေ(ကသစ်မြေ)**

# သံတောင်ကြီးမြို့နယ် သစ်ခွတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး ဇန်နဝါရီ ၁၆**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်ခွတောင်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြစေ လိုကြောင်း မှာကြားသည်။

ထို့နောက် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက သစ်ခွတောင်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၅ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၄၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဒိုဒို**

# သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ (၄၂)နှင့် (၃၉) သိကောင်းစရာ

စိန်လှိုင်ပိုင်

တရားစီရင်ရေးနယ်ပယ်တွင် တရားမဥပဒေသည် ရာဇဝတ်ဥပဒေထက် ပိုမို၍ နက်နဲသိမ်မွေ့ကြောင်း၊ ကျယ်ဝန်းနက်ရှိုင်းကြောင်း ဥပဒေလောကသားများ အားလုံး သိရှိကြပြီးဖြစ်ပါသည်။ သာမန်ပြည်သူများ အနေဖြင့် သိရှိနိုင်ရန် လွန်စွာခက်ခဲလှပါသည်။ မူလရုံး၊ ပထမအယူခံရုံး၊ တရားရုံးချုပ်မှသည် အထူးအယူခံရုံးထိ တက်ရောက်ပြီးမှ ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့ရသည့် အမှုများစွာအနက်မှ အများပြည်သူ သိသင့်သိထိုက်သောအမှုတစ်ခုကို ရည်ညွှန်းကိုးကား၍ ရေးသားဖော်ပြပါဦးမည်။

မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ရှိ မြေကွက်နှင့် ၎င်းမြေပေါ်ရှိ အောက်လမ်းမကြီး အမှတ်(၁၉၃)ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံ၏ မူလပိုင်ရှင်မှာ ဒေါ်ပုလေး ခေါ် ဒေါ်အမ်ရာခါတွန်ဖြစ်ကြောင်း၊ ၎င်းကွယ်လွန်သည့်အခါ ဒေါ်သန်းကြည်၊ ဒေါ်စိန်စိန်၊ ဒေါ်မမနှင့် ဒေါ်ကစ်တီ ခေါ် ဒေါ်ခတီစာဘီဘီတို့ တူမလေးဦးကျန်ရစ်ခဲ့ကြောင်း၊ ဒေါ်ကစ်တီ ခေါ် ဒေါ်ခတီစာဘီဘီနှင့် ဒေါ်မမတို့မှာ ကွယ်လွန်ကြပြီးဖြစ်ကြောင်း၊ မွန်ပြည်နယ်တရားရုံး တရားမကြီးမှုအမှတ်-၅ (မ)/၈၇ ၏ ဒီကရီအရ ဒေါ်သန်းကြည်၊ ဒေါ်စိန်စိန်နှင့် ဒေါ်သန်းကြည်၏မိခင် ဒေါ်မေတို့ သုံးဦးသည် အချင်းဖြစ်မြေနှင့် နေအိမ်ကို ပိုင်ဆိုင်လာခဲ့ကြပါသည်။

ဒေါ်ကစ်တီ ခေါ် ဒေါ်ခတီစာဘီဘီ၏ မွေးစားသမီး ဒေါ်သန်းသန်းအေးက ၎င်းမြေကွက်နှင့်နေအိမ်ကို ဒေါ်ကစ်တီက ၎င်းအား မေတ္တာဖြင့်ပေးကမ်းခဲ့သည်ဟုဆိုကာ မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး စာချုပ်အမှတ်-၃၀၂/၁၉၈၆ ကို ချုပ်ဆိုခဲ့ပါသည်။ ထို့နောက် ဒေါ်သန်းသန်းအေးသည် ၎င်းမြေကွက်နှင့် နေအိမ်ကို နှစ်ပိုင်းခွဲ၍ ဦးရွှေလေးယုန်နှင့် ဒေါ်ခင်ထွေးတို့အား အိမ်နှင့် မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်-၃၂၃/၁၉၈၆ ချုပ်ဆို၍လည်းကောင်း၊ ကျန်တစ်ပိုင်းကို ဦးစိန်လှနှင့် ဒေါ်ဘေဘီညွန့်တို့ကို အိမ်နှင့် မြေအရောင်းအဝယ်စာချုပ်-၃၂၄/၁၉၈၆ ချုပ်ဆိုလွှဲပြောင်းရောင်းချခဲ့ပါသည်။

ဒေါ်သန်းကြည်တို့က ဒေါ်သန်းသန်းအေးအပေါ် ဒေါ်ကစ်တီ ခေါ် ဒေါ်ခတီစာဘီဘီထံမှ ၎င်းရယူထားသည့် မေတ္တာဖြင့် အပိုင်ပေးကမ်းသည့်စာချုပ်အမှတ်-၃၀၂/၈၆ သည် တရားမဝင်သွေးဆောင်ဖြားယောင်းလှည့်ဖြား၍ ရယူခဲ့ခြင်းကြောင့် စာချုပ်တရားမဝင်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးရန် မွန်ပြည်နယ်တရားရုံးတွင် စွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့သည်။ စာချုပ်တရားမဝင် ပျက်ပြယ်ပြီးဖြစ်၍ ဒေါ်သန်းသန်းအေးသည် မြေကွက်နှင့် နေအိမ်ကို အမှန်တကယ်ပိုင်ဆိုင်သည့် ပိုင်ရှင်ဖြစ်မလာတော့ကြောင်း၊ ပိုင်ရှင်အစစ်အမှန်မဟုတ်သူ ဒေါ်သန်းသန်းအေးက ဦးရွှေလေးယုန်တို့အား ရောင်းချသည့် နေအိမ်နှင့် မြေအရောင်းအဝယ်စာချုပ်အမှတ်-၃၂၃/၈၆ သည်လည်းကောင်း၊ ဦးစိန်လှတို့အား ရောင်းချသည့် အိမ်နှင့် မြေအရောင်းအဝယ်စာချုပ်-၃၂၄/၈၆ သည်လည်းကောင်း တရားမဝင်ပျက်ပြယ်နေပြီးဖြစ်ကြောင်း အဆိုပြု၍ ၎င်းစာချုပ်များကို ပယ်ဖျက်ပေးစေလိုမှုကို ဒေါ်သန်းကြည်တို့က ရောင်းသူ ဒေါ်သန်းသန်းအေး၊ ဝယ်ယူကြသူများဖြစ်ကြသော ဦးရွှေလေးယုန်နှင့် ဒေါ်ခင်ထွေးတို့အပေါ် မွန်ပြည်နယ်တရားရုံး ၁၉၉၁ ခုနှစ် တရားမကြီးမှုအမှတ်-၂၃ (မော်လမြိုင်ခရိုင်)တွင်လည်းကောင်း၊ ဒေါ်သန်းကြည်တို့ သုံးဦးကပင် ဒေါ်သန်းသန်းအေး၊ ဦးစိန်လှနှင့် ဒေါ်ဘေဘီညွန့်တို့အပေါ် အထက်ပါရုံး၌ပင် အိမ်မြေအရောင်းအဝယ်စာချုပ်အမှတ်-၃၂၄/၈၆ မှာ တရားမဝင်ပျက်ပြယ်ပြီးဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် ၎င်းစာချုပ်ကို ပယ်ဖျက်ပေးစေလိုမှုစွဲဆိုရာ ပြည်နယ်တရားရုံးက အမှုနှစ်မှုစလုံးကို ဒေါ်သန်းကြည်တို့ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ပေးခဲ့သည်။

ဦးရွှေလေးယုန်နှင့် ဦးစိန်လှ၊ ဒေါ်ဘေဘီညွန့်တို့က တရားရုံးချုပ်သို့ အယူခံမှု အသီးသီးတင်သွင်းကြရာ တရားရုံးချုပ်က တစ်ပေါင်းတည်းကြားနာပြီးနောက် အယူခံမှုနှစ်မှုစလုံးကို ပလပ်ခဲ့ပါသည်။ ထို့ကြောင့် ဦးရွှေလေးယုန်နှင့် ဦးစိန်လှတို့က တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီများကို ၁၉၈၈ ခုနှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ-၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ်အထူးခုံရုံးက လျှောက်ထားမှုနှစ်မှုစလုံးတွင် အောက်ပါပြဿနာများကို ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့ပါသည်။

(၁) အချင်းဖြစ်ဥပစာကို မူလရုံးတရားပြိုင်များဖြစ်ကြသည့် ဝယ်ယူသူတို့ လက်ရှိဖြစ်နေသည့်အခြေအနေတွင် ထိုသူတို့ဝယ်ယူထားသောစာချုပ် ပျက်ပြယ်ကြောင်း **မြွက်ဟကြေညာသည့်ဒီကရီ**ကို မူလရုံးတရားလိုက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၄၂ အရ တောင်းဆိုရာ၌ အကျိုးဆက်သက်သာခွင့်အဖြစ် ဥပစာလက်ရောက်မတောင်းဘဲ စာချုပ်ပယ်ဖျက်ပေးရန်သာ တောင်းဆိုခြင်းသည် ဥပဒေအရ မှန်၊ မမှန်။

(၂) မူလရုံးတရားလို စွဲဆိုသောအမှုတွင် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၄၂ အရ မြွက်ဟကြေညာပေးရန်အကြောင်း ပေါ်ပေါက်ခြင်းရှိ၊ မရှိ။


**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ပြည်နယ်တရားရုံးက တရားမကြီးမှုအမှတ်-၁၅၂/ ၈၉ တွင် ဒေါ်ကစ်တီက ဒေါ်သန်းသန်းအေးအား အချင်းဖြစ်မြေနှင့်အိမ်ကို မေတ္တာဖြင့် အပိုင်ပေးခဲ့သည့် မှတ်ပုံတင်စာချုပ်အမှတ်-၃၀၂/၈၆ သည် ပျက်ပြယ်ကြောင်း ဒီကရီချမှတ်ထားပြီးဖြစ်ရာ ၎င်းဒီကရီ အတည်ဖြစ်နေသမျှ ဒေါ်သန်းသန်းအေးသည် အချင်းဖြစ်ပစ္စည်းတွင် ပိုင်ရေးပိုင်ခွင့်မရှိတော့ကြောင်း၊ ပစ္စည်းကိုမပိုင်သူ ဒေါ်သန်းသန်းအေးထံမှ ဝယ်ယူခဲ့ကြသူ တရားပြိုင်များနှင့် ဒေါ်သန်းသန်းအေးတို့ကြား ချုပ်ဆိုထားသည့် စာချုပ်အမှတ်-၃၂၃/၈၆ နှင့် ၃၂၄/၈၆ တို့မှာလည်း မူလကပင်ပျက်ပြယ်နေပြီးဖြစ်သည်မှာ ထင်ရှားကြောင်းသုံးသပ်ပြီး ၎င်းစာချုပ်များကို ပယ်ဖျက်စေရန် ဒီကရီချမှတ်ကြောင်း အထူးအယူခံခုံရုံးက စိစစ်ဖော်ထုတ်ခဲ့ပါသည်။

တရားလိုတို့က အချင်းဖြစ်အိမ်နှင့် မြေကိုပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန် တောင်းဆိုထားခြင်းမရှိသဖြင့် ပိုင်ဆိုင်မှုအပေါ် အကျိုးဆိုက်ရောက်အောင် လက်ရောက်ရလိုမှု တရားစွဲဆိုရန်မလိုကြောင်း၊ တရားပြိုင်အချင်းချင်းချုပ်ဆိုသည့် အရောင်းအဝယ်စာချုပ်များ ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးရုံမျှဖြင့် တရားလိုတို့သည် အချင်းဖြစ်မြေနှင့် အိမ်ကို လက်ရောက်ရနိုင်မည်မဟုတ်ရာ လက်ရောက်ပေးအပ်သည့် သက်သာခွင့်သည် စာချုပ်များ တရားမဝင်ပျက်ပြယ်ခြင်းမှ ပေါ်ပေါက်သည့် အကျိုးဆက်သက်သာခွင့်မဟုတ်ကြောင်း အထူးအယူခံခုံရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

အဆိုလွှာအပိုဒ်-၁၂ တွင် အောက်ပါအတိုင်း အဆိုပြုထားသည်။

၁၂။ ၎င်းအိမ်နှင့် အိမ်ရာမြေအရောင်းအဝယ်စာချုပ်မှာ မူလကပင် တရားမဝင်ပျက်ပြယ်နေသည့်အပြင် ၎င်းစာချုပ်ကို မဖျက်သိမ်းဘဲထားရှိပါက တရားလိုများ၏ ၎င်းမြေကွက်နှင့် နေအိမ်၌ အမွေဆက်ခံပိုင်ခွင့်အပေါ် အကြီးအကျယ် ထိခိုက်နစ်နာဟန့်တားနေမည်ဖြစ်၍ ၎င်းနေအိမ်နှင့် အိမ်မြေရာကွက်အရောင်းအဝယ်စာချုပ်ကို မူလကပင် တရားမဝင်ပျက်ပြယ်နေပြီးဖြစ်ကြောင်း တရားစွဲဆိုရန် လိုအပ်လာပါသည်။



တရားလိုတို့က စာချုပ်များသည် မူလကပင် တရားမဝင်ပျက်ပြယ်ကြောင်း မြွက်ဟဒီကရီကို တောင်းဆိုခဲ့ရာ **တိုင်းတရားရုံးက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို တရားမဝင်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးရန် သက်သက်စွဲဆိုနိုင်ပါသလား** ဟူသည့်ငြင်းချက်ကို ကြားနာပြီးနောက် တရားလိုများသည် **အရောင်းအဝယ်မှတ်ပုံတင်စာချုပ်များကို တရားမဝင်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးရန် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ-၄၂ အရ တရားစွဲဆိုရန်မဟုတ်ဘဲ ၎င်းဥပဒေပုဒ်မ-၃၉ အရ စာချုပ်ကိုပယ်ဖျက်ပေးရန် တရားစွဲဆိုရမည်ဖြစ်ကြောင်း** သုံးသပ်ပြီး အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို တရားမဝင်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးရန် သက်သက်တရားစွဲဆိုနိုင်ခြင်းမရှိကြောင်း ဖြေဆိုပြီးနောက် တရားလိုများအား အဆိုလွှာကို ပြင်ဆင်ခွင့်ပြုခဲ့ကြောင်း စိစစ်ဖော်ထုတ်ခဲ့ပါသည်။

တရားလိုတို့၏ ပြင်ဆင်အဆိုလွှာအရ အရောင်းအဝယ်စာချုပ်များသည် မူလကပင် **တရားမဝင်ပျက်ပြယ်ပြီးဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် ၎င်းစာချုပ်များကို ပယ်ဖျက်ပေးရန် တရားစွဲဆိုခဲ့သည်။** သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၃၉ အရ စာချုပ်ချုပ်ဆိုရာတွင် မပါဝင်သူတစ်ဦးဦးသည်လည်း စာချုပ်ကို ပယ်ဖျက်ပေးရန် တောင်းဆိုနိုင်သည်။ ပယ်ဖျက်ပေးစေလိုသောစာချုပ်သည် တရားလို၏ အကျိုးနှင့်ဆန့်ကျင်လျှင် သို့မဟုတ် မပယ်ဖျက်ဘဲထားပါက တရားလိုကို အကြီးအကျယ်ထိခိုက်နစ်နာစေမည်ဖြစ်ပါက စာချုပ်ကို ပယ်ဖျက်ပေးရန် စွဲဆိုနိုင်ကြောင်း ရုံးတော်က စိစစ်သုံးသပ်ခဲ့ပါသည်။

အချင်းဖြစ်စာချုပ်များကို မပယ်ဖျက်ဘဲထားရှိပါက တရားလိုတို့၏ စာချုပ်ပါပစ္စည်းအပေါ် အမွေဆက်ခံပိုင်ခွင့်ကို ထိခိုက်နစ်နာစေနိုင်သည်ဖြစ်၍ တရားလိုတို့သည် စာချုပ်ပယ်ဖျက်ပေးရန် တရားစွဲဆိုရမည်ဖြစ်ကြောင်း၊ တရားလိုတို့က အရောင်းအဝယ်စာချုပ်များသည် မူလကပင်ပျက်ပြယ်ပြီးဖြစ်ကြောင်း၊ မြွက်ဟကြေညာပေးရန် ထည့်သွင်းတောင်းခံခဲ့သော်လည်း အမှန်အားဖြင့် ၎င်းအကြိုတောင်းခံသည့် သက်သာခွင့်ကို တောင်းခံရန်မလိုဘဲ စာချုပ်များ ပယ်ဖျက်ပေးရန် တရားစွဲဆိုနိုင်ကြောင်း၊ သို့ရာတွင် အချင်းဖြစ်စာချုပ်များကို ပယ်ဖျက်ပေးရုံမျှဖြင့် တရားလိုတို့သည် ဥပစာကို လက်ရောက်ရခွင့်မရှိရာ ဦးရွှေလေးယုန်နှင့် ဦးစိန်လှတို့သည် မူလက အချင်းဖြစ်နေအိမ်တွင် အိမ်ငှားများအဖြစ် နေထိုင်ခဲ့ကြသည်ဖြစ်ရာ အိမ်ငှားများကို ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရသာ ပယ်ရှားနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တရားလိုတို့က လက်ရောက်ပေးအပ်ရန် သက်သာခွင့်ကို မတောင်းဆိုခဲ့ခြင်းသည် မှားယွင်းသည်ဟုမဆိုနိုင်ကြောင်း အထူးအယူခံခုံရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

ထို့ကြောင့် ကြားနာလျက်ရှိသော ပြဿနာများနှင့်စပ်လျဉ်း၍

(၁) မူလရုံးတရားလိုတို့သည် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၄၂ အရ မြွက်ဟကြေညာသည့်ဒီကရီကို တောင်းခံရန်မလိုဘဲ စာချုပ်ပယ်ဖျက်ပေးစေလိုမှု စွဲဆိုနိုင်သည်ဖြစ်၍ အကျိုးဆက်သက်သာခွင့် ဥပစာလက်ရောက်မတောင်းဘဲ စာချုပ်ပယ်ဖျက်ပေးရန်သာတောင်းဆိုခြင်းသည် ဥပဒေအရ မှန်ကန်ကြောင်း

(၂) မူလရုံးတရားလိုတို့က စာချုပ်ပယ်ဖျက်ပေးရန် သက်သာခွင့်တောင်းဆိုထားသဖြင့် သီးခြားသက်သာခွင့်ဥပဒေ-၄၂ အရ မြွက်ဟကြေညာသည့် ဒီကရီတောင်းခံရန်မလိုကြောင်း ဖြေဆိုပြီးနောက် အထူးအယူခံမှုနှစ်မှုစလုံးကို တရားရုံးအဆင့်ဆင့်စရိတ်အသီးသီးနှင့်တကွ အထူးအယူခံခုံရုံးက ပလပ်လိုက်ပါသည်။

သာမန်အားဖြင့် တစ်ကြိမ်၊ တစ်ခေါက်ဖတ်ရုံမျှဖြင့် သဘောပေါက်သိရှိနားလည်ရန် မလွယ်လှပါ။ အမွေဆက်ခံပိုင်ခွင့်ရှိသူ လေးဦးအနက် တစ်ဦးက အမွေပုံပစ္စည်းအားလုံးကို ၎င်း၏ မွေးစားသမီးသို့ မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ မေတ္တာဖြင့် ပေးကမ်းခဲ့သည်။ ထို့နောက် ပေးကမ်းသူကွယ်လွန်သည်။ မွေးစားသမီးက အမွေပိုင်ပစ္စည်းအား အချင်းဖြစ်အိမ်တွင် ငှားရမ်းနေသူနှစ်ဦးကို နှစ်ပိုင်းပိုင်း၍ ရောင်းချခဲ့သည်။ သို့ဖြစ်ရာ ကျန်အမွေဆိုင်သုံးဦးတို့က ၎င်းတို့၏ အမွေဆိုင်မြေနှင့်အိမ်ကို ရောင်းချသူနှင့် ဝယ်ယူကြသူအိမ်ငှားများကို ၎င်းတို့ချုပ်ဆိုထားသော အရောင်းအဝယ်စာချုပ်နှစ်စောင်ကို ပယ်ဖျက်ပေးစေလိုမှု တရားစွဲဆိုခြင်းဖြစ်သည်။

ကျန်ပြဿနာများမှာ ဥပဒေပြဿနာများဖြစ်သည်။ တိုင်းတရားရုံးက တရားလိုများသည် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်များကို တရားမဝင်ပျက်ပြယ်ကြောင်း **မြွက်ဟကြေညာပေးရန် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၄၂ အရ တရားစွဲဆိုရန်မဟုတ်ဘဲ ၎င်းဥပဒေပုဒ်မ-၃၉ အရ စာချုပ်ကို ပယ်ဖျက်ပေးရန် တရားစွဲဆိုရမည်ဖြစ်ကြောင်း အမိန့်ချမှတ်သည်။ မူလရုံးတရားလိုက အဆိုလွှာကိုပြင်ဆင်၍ တရားစွဲသည်။ အနိုင်ရရှိသည်။** ရောင်းချခွင့်မရှိသူထံမှ ဝယ်ယူကြသော အိမ်ငှားများအပေါ် မူလရုံးတရားလိုသုံးဦးတို့သည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရ ဖယ်ရှားရန် ဆက်လက်၍ တရားစွဲဆိုကြရဦးမည်ဖြစ်ကြောင်း ရှင်းလင်းဖော်ပြလိုက်ရပါသည်။

ဒေါ်ကျင်ရီ (ကွယ်လွန်သူ ဦးရွှေလေးယုန်၏ တရားဝင်ကိုယ်စားလှယ်)၊ ဦးစိန်လှပါ-၂ နှင့် ဒေါ်သန်းကြည်ပါ-၄ ၁၉၉၇ ခုနှစ် တရားမအထူးအယူခံမှုအမှတ်-၅၆ နှင့် ၅၇ စီရင်ထုံးကို ရည်ညွှန်းကိုးကား ရေးသားဖော်ပြလိုက်ရပါသည်။

# ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၅၀၇၄ ဧက စိုက်ပျိုးပြီးစီး



**ကသာ ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၅၀၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲပုပ် ၅၂၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၀၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ ပဲပုပ် ၅၂၅၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ပဲပုပ် ၅၀၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်ကေပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ပညာပေးတာတွေလဲ ဆောင်ရွက်နေပါတယ်။ လိုအပ်တဲ့ မျိုးစေ့ရရှိဖို့နဲ့ တောင်သူတွေ သိရှိနိုင်ဖို့အတွက် နှိုးဆော်ထားပြီးလဲ ဖြစ်ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၃၁ ဧက၊ အင်းတော်မြို့နယ်တွင် ဧက ၂၀၀၊ ထီးချိုင့်မြို့နယ်တွင် ၄၅၃၇ ဧက၊ ဗန်းမောက်မြို့နယ်တွင် ၁၈၇ ဧက စုစုပေါင်း ၅၂၅၅ ဧကတို့ဖြစ်ကြောင်း၊ ပဲပုပ်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၂၆၉ ဧက၊ အင်းတော်မြို့နယ်တွင် ၆၃ ဧက၊ ထီးချိုင့်မြို့နယ်တွင် ဧက ၄၆၅၀ နှင့် ဗန်းမောက်မြို့နယ်တွင် ၉၂ ဧက စုစုပေါင်း ၅၀၇၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ပဲမျိုးစုံသီးနှံ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ငပဲမြို့နယ် အိုးမြေခံကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငပဲ ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငပဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မင်းလွင်ကျေးရွာအုပ်စု အိုးမြေခံကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငပဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငပဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၆၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အိုးမြေခံကျေးရွာ၌ ပဉ္စမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၂၂၇ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၉၆ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ်သိန်း ၃၀၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ်ခြောက်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၂ ဦးကို ငွေကျပ်သိန်း ၃၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဝင်းမာ**

# စလင်းမြို့နယ် ကုန်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**စလင်း ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျိုးခင်းကုန်းကျေးရွာအုပ်စု ကုန်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကုန်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

စလင်းမြို့နယ် ကုန်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဒုတိယနှစ်စက်ဝန်းတွင် အသင်းသား၊ အသင်းသူ ၈၄ ဦးကို ငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ပြီး မိသားစုစီးပွားရေးလုပ်ငန်းများ တစ်ပိုင်တစ်နိုင် ဆောင်ရွက်နိုင်ရေး၊ ကျေးလက်နှင့် မြို့ပြကွာဟမှုလျော့ချနိုင်ရေးအတွက် လိုအပ်သောငွေကြေးနှင့်ဝန်ဆောင်မှုများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းရီ**



# ဘားအံမြို့နယ် မင်းဇီကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ဘားအံ ဇန်နဝါရီ ၁၆**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် မင်းဇီကျေးရွာအုပ်စု မင်းဇီကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ မင်းဇီကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

မင်းဇီကျေးရွာတွင် အရှည်လေးဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၂၆ ဒသမ ၅၄၃ သန်း အသုံးပြု၍ တင်ဒါအောင်မြင်သည့် ထူးထူးထက်ကုမ္ပဏီက ၂၀၂၃ ခုနှစ် မေလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ကျေးရွာရှိ အိမ်ခြေ ၃၆၅ အိမ်နှင့် လူ ၂၃၆၅ ဦးတို့အတွက် ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ပြောပြ၍ သိရသည်။ **ဆက်လူ**

# ပုသိမ်မြို့နယ် စိုင်ခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ် ဇန်နဝါရီ ၁၆**


ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ စိုင်ခြံကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်နှင့် ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုင်ခြံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀ ကို ငွေကျပ် ၁၇ ဒသမ ၄၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၃ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၅ ဒသမ ၆ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀ ကို ငွေကျပ် ၇ ဒသမ ၃၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦးကို ရန်ပုံငွေကျပ် ၃၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# မောင်သာရ၏မတ်တပ်ရပ်လို့ လမ်းမှာငို

**ပုသိမ်အောင်သန်းဦး**

စိုးကျော်က ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာနမှ အငှားယာဉ်မောင်းသမားဖြစ်သည်။ လခငွေကျပ် ၁၇၀ ရသည်။ မိဘမရှိ၊ အစ်မနှင့်နေသည်။ အစ်မက အလယ်တန်းပြဆရာမ၊ ယောက်ဖက ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာန ကုန်စည်ဌာနမှ လက်ထောက်အုပ်ချုပ်ရေးမှူးဖြစ်သည်။ သားသမီးမရှိ၊ အိမ်ပိုင် မြေပိုင်ရှိသည်။ တယ်လီဖုန်း၊ ရေခဲသေတ္တာ၊ ကားရှိသည်။

စိုးကျော်က သူ့အစ်မအိမ်တွင် အိပ်ရုံသာအိပ်သည်။ ရေပင်မသောက်၊ ထမင်းဆိုင်တွင် လခပေးစားသည်။ အရက်မသောက်၊ ဆေးလိပ်မသောက်၊ ထမင်းလခ ငွေကျပ် ၆၀ သာကုန်သည်။ လက်ဖက်ရည်ဖိုး၊ မုန့်ဖိုးကို ခရီးသည် ပြန်အမ်းငွေမှရသည်။ စားဝတ်နေရေးအတွက် ပူစရာမရှိ၊ သားသမီးများသောယာဉ်မောင်းများက ငွေချေးလျှင် လွယ်လွယ်ပေးပစ်သည်။

စိုးကျော်တွင် လှပလိမ္မာသောချစ်သူရှိသည်။ ထမင်းလခ ပေးစားသောဆိုင်မှဖြစ်သည်။ ခင်မဟု အမည်ရှိသည်။ ခင်မက ထမင်းဆိုင်ရှင်အမျိုးသမီး၏ တူမဖြစ်သည်။ ခင်မ၏ မိခင်မှဆိုးမမှာ မကျန်းမာ၍ မိတ္ထီလာရှိ မောင်ငယ်ထံသွားနေသည်။ သမီးအရောင်းအဝယ်တတ်ရန် ရန်ကုန်ရှိ ညီမထံတွင်ထားခြင်းဖြစ်သည်။ တစ်ချိန်တွင် ကိုယ်ပိုင်ဆိုင်တည်ထောင်ရန် ဆန္ဒရှိသည်။ ခင်မ သူ့အဒေါ်ဆီရောက်နေသည်မှာ နှစ်နှစ်ရှိပြီ။

ခင်မသည် နံနက်တိုင်း ဈေးဝယ်သွားရသည်။ ချက်ပြုတ်ရသည်။ အဒေါ်တွင် သမီးနှစ်ယောက်ရှိသည်။ သမီးကြီး ထားရင်သည် ဆိုင်တွင်ခင်မနှင့်အတူ လုပ်ရသည်။ သမီးငယ် ထွေးရင်က ပညာသင်နေဆဲ၊ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် တတိယနှစ်ဖြစ်သည်။ အဒေါ့်ယောက်ျားက နံနက်ပိုင်း၊ နေ့လယ်ပိုင်းတွင် ဆိုင်တွင်ကူညီသော်လည်း ညနေပိုင်းတွင် အရက်ဆိုင်သို့ ရောက်နေတတ်သည်။

စိုးကျော် နံနက်ပိုင်းအလှည့်ကျလျှင် ခင်မကို သွားကြိုတတ်သည်။ ငါးရက်တစ်ကြိမ် အတူကားစီးခွင့်ရသည်။ စကားပြောခွင့်ရသည်။ မျက်နှာချင်းဆိုင်ထိုင်၍ စားသောက်ဆိုင်တစ်ခုခုတွင် စားခွင့်ရသည်။

နံနက်ပိုင်းတွင် ယာဉ်မောင်းအလှည့်က ခြောက်နာရီမှစသည်။ မွန်းလွဲ နှစ်နာရီတွင် သိမ်းရသည်။ ထိုအချိန်တွင် ခင်မဈေးပြန်ကို ဝင်ကြိုရသည်။ ခရီးသည်တွေ့လျှင် လိုက်ပို့ရသဖြင့် အချိန်လင့်တတ်သည်။ ဤအခါ ခင်မ စိတ်ကောက်သဖြင့် ချော့ရသည်။ လမ်း ၃၀ တွင် မုန့်ဟင်းခါးကျွေးရသည်။ ပြီးမှ လှည်းတန်းထိပ် ထမင်းဆိုင်သို့မောင်းပို့ရသည်။

ခင်မကိစ္စပြီးမှ အလုပ်စနိုင်သည်။ အလုပ်ချိန် ရှစ်နာရီ အနည်းဆုံး မိုင် ၁၂၀ မောင်းနှင်ရေး၊ ဝင်ငွေ ၄၅ ကျပ်ရရှိရေး၊ ကိုယ့်အတွက် အပိုကြေးရရှိရေးတို့အတွက် တွက်ချက်ပြီးမောင်းရသည်။ တွက်ချက်ပြီး လူတင်ရသည်။

ကမာရွတ်ရဲစခန်းအနီးမှ ခရီးသည်တစ်ဦး ဆူးလေလမ်းရှိ ဘဏ်သို့ပို့ရမည်။ အပိုကြေးရရန် နိုင်ငံခြားဖြစ် စီးကရက်တစ်လိပ် ကမ်းလိုက်သည်။ ခရီးသည်သနားရန် သူ့တွင် အိမ်ထောင်ရှိကြောင်း၊ ဇနီးသည်မှာ မကျန်းမမာဖြစ်နေကြောင်း၊ ကလေးခြောက်ယောက်ရှိကြောင်း ပြောပြသည်။ စခန်းဆုံးတော့ ခရီးသည်က ပိုက်ဆံအတိအကျပေးပြီး ဆင်းသွားသည်။ စိုးကျော် ဒေါသထွက်ကာ ကားကို မောင်းထွက်ခဲ့သည်။

လမ်းတော်သံဈေးရောက်တော့ အင်းစိန်ခရီးသည် ကိုရသည်။ ခရီးသည်မှာ တစ်လမ်းလုံးအိပ်ကာ လိုက်ပါလာသဖြင့် လုပ်ကြေးဇာတ်ခင်းခွင့်မရ၊ အင်းစိန်မှအပြန် ပြည့်တန်ဆာရှာဖွေနေသူ နှစ်ဦးနှင့်တွေ့သည်။ တာမွေသို့ပို့ပေးရသည်။ ခေါင်းအမျိုးသမီးကိုခေါ်ကာ ကြည့်မြင်တိုင်ကို ပို့ရသည်။ အိမ်တစ်အိမ်သို့ဝင်သည်။ ပြီးတော့ အင်းစိန်သို့ပို့ပေးရသည်။ အင်းစိန်တွင် သူတို့သုံးဦးကို ထားခဲ့ကာ ကြည့်မြင်တိုင်သို့ပြန်မောင်းခဲ့ရသည်။ စောစောကဝင်ခဲ့သောအိမ်မှ ပြည့်တန်ဆာမိန်းကလေးတစ်ယောက်နှင့် အထိန်းတို့ကိုတင်ကာ အင်းစိန်သို့ ပြန်မောင်းခဲ့ရသည်။ ပြည့်တန်ဆာမလေးကို အင်းစိန်အပို့တွင် ခင်မဆိုင်သို့ ခဏဝင်သည်။ ခင်မမျက်နှာကိုကြည့်ချင်၍ဖြစ်သည်။

❖ "မတ်တပ်ရပ်လို့လမ်းမှာငို"ဝတ္ထုနှင့်ပတ်သက်ပြီး ဆရာတက်တိုးက "မောင်သာရသည် အငှားမော်တော်ယာဉ်လောကအကြောင်းကို ပြည့်ပြည့်စုံစုံ ရေရေလည်လည်ဖော်ပြထားသည်။ သူ့စာအုပ်သည် ဝတ္ထုစာအုပ်ဖြစ်သည်သာမက မျက်မှောက်ခေတ်လောကအခြေအနေကို လေ့လာရာ၌ ကိုးကားအပ်သော ကျမ်းငယ်တစ်စောင်ဖြစ်သည်"ဟု မှတ်ချက်ချခဲ့သည်။ ဆရာမလိခကမူ ဝတ္ထုဇာတ်လမ်းသည် နံနက်အရုဏ်မှ ညမိုးချုပ်ထိ တစ်နေ့တာ ဘဝတာဖြစ်သဖြင့် အလုပ်သမားတို့အကြောင်း ဖော်ပြရာတွင် "တိမ်လွှန်း"နေရခြင်းဖြစ်သည်ဟု သုံးသပ်ထားသည်။ ❖

ပြည့်တန်ဆာမလေးပို့ပြီးသော် ခရီးအတွက် ၁၈ ကျပ် ပြား ၇၀ ကျသော်လည်း ၃၀ ကျပ်ပေးသဖြင့် ၁၂ ကျပ် ပြား ၃၀ သူ့အတွက် ကျန်သည်။ ယနေ့ ကားမောင်းခ ၅၀ ကျပ်ရသော်လည်း ၃၆ ကျပ်သာ စာရင်းပေါက်သည်။ ကိုးကျပ်ဖိုး ထပ်မံရှာရဦးမည်။

ခရီးကလည်း မိုင် ၈၀ သာရှိသေးသည်။ မိုင် ၁၂၀ ထိမောင်းရမည်။ နံနက်က နောက်ကျထွက်ခဲ့ရသဖြင့် သုံးနာရီ ပြန်ရောက်လျှင်ဖြစ်သည်။ ပြည့်တန်ဆာ ခရီးအပြီး မိသားစုတစ်စုကို တိရစ္ဆာန်ရုံသို့ ပို့ရသည်။ ကလေးက မုန့်ကိုဆော့နေသဖြင့် ပြောရသေးသည်။ သူ့မိခင်၏ငြူစူမှုကို ခံရသေး၏။

သည့်နောက် ရွှေတိဂုံတောင်ဘက်မုခ်တွင် ခရီးသည် တွေ့ရသည်။ တစ်ဦးက ၃၂ လမ်းတွင်ဆင်းမည်။ ကျန်စုံတွဲက ပန်းဆိုးတန်းကိုပို့ရမည်။ လမ်းကြုံသဖြင့် အတူတင်ခဲ့သည်။ သူတို့ကိုပို့ပြီးနောက် အချိန်စေ့နေပြီဖြစ်၍ စခန်းသို့ပြန်ရမည်။ လမ်းကြုံခရီးသည်သာ တင်တော့သည်။ မြေနီကုန်းခရီးသည်တစ်ဦးတင်လာ၊ လမ်းတွင် ကလေးဆေးရုံသို့သွားရန် ခရီးသည်က လက်တားသည်။ နှစ်နာရီအချိန် ထွက်လာသည့် သူငယ်ချင်း၏အငှားယာဉ်ပေါ် ပြောင်းတင်ပေးလိုက်သည်။ ကိစ္စအားလုံးပြီးတော့ ကျော်စိုးစခန်းထဲသို့ မောင်းဝင်ခဲ့သည်။

စခန်းမှူးရုံးခန်းရှေ့ရောက်တော့ ဝေဘယ်လ်စာရေးက ကားထဲဝင်စစ်သည်။ ပြီးတော့ ပြန်ထွက်သွားသည်။ ဆင်ဝင်အောက်တွင် အုပ်ချုပ်ရေးမှူး၊ ကြီးကြပ်ရေးမှူးနှင့် စာရေးနှစ်ယောက် တွေ့ရသည်။ စခန်းမှူးလည်းရှိနေသည်။ ဝေဘယ်လ်စာရေးဆင်းသွားတော့ စခန်းမှူးက စိုးကျော်ကိုခေါ်သည်။ နောက်ကျပြစ်ဒဏ်သည် အုပ်ချုပ်ရေးမှူးနှင့်ပြီးနိုင်သော်လည်း အုပ်ချုပ်ရေးမှူးရုံးခန်းထဲတွင် ဗိုလ်မှူးတစ်ဦးနှင့် ဗိုလ်မှူးကတော်တို့ရှိနေသည်။

ဗိုလ်မှူးကတော်က နံနက် ၁၁ နာရီခန့်က စိုးကျော် ကားပေါ်တွင် လက်ပွေ့အိတ်မေ့ကျန်ခဲ့သည်ဟုဆိုသည်။ လက်ပွေ့အိတ်ထဲတွင် ငွေတစ်ထောင်နှင့်လက်ဝတ်လက်စားလေးထောင်ကျော်ဖိုးပါသည်။

စိုးကျော်ကမဟုတ်ကြောင်း ငြင်းသည်။ ၁၁ နာရီအချိန်က သူအင်းစိန်လမ်းမပေါ်တွင် ရှိနေကြောင်းဆိုသည်။ ဗိုလ်မှူးကတော်က ကားကိုရော၊ လူကိုရော အသေအချာမှတ်မိနေသည်ဆို၍ ပြဿနာတက်သည်။ ရဲကိုတိုင်ကြားသည်။

စိုးကျော်ပိုက်ဆံသွားအပ်သည်။ နံနက်စာ ထမင်းသွားစားသည်။ ပြန်လာသောအခါ အုပ်ချုပ်ရေးမှူးရုံးခန်းထဲ အရာရှိများရောက်နေသည်။ စိုးကျော်အိမ်ကိုလည်း သွားရောက်ရှာဖွေနေပြီဟုသိရသည်။ ရှာဖွေမှုကိစ္စဆောင်ရွက်နေစဉ် ယာဉ်မောင်းတစ်ဦးဖြစ်သူ မောင်စိန်အေးဝင်လာသည်။ ဗိုလ်မှူးကတော်၏ ပစ္စည်းကိုအပ်သည်။

ဗိုလ်မှူးကတော်က လူမှား၍ စွပ်စွဲခြင်းဖြစ်သည်။ ဗိုလ်မှူးကတော်ခေါင်းမဖော်တော့၊ ဗိုလ်မှူးလည်း မျက်နှာပျက်ပြီး ဇနီးကိုဆူပူရိုက်နှက်သည်။ ပစ္စည်းများပြန်အပ်သည်။ ဗိုလ်မှူးကတော်က ဆုငွေပေးသည်။ သူတို့က လက်မခံ၊ အဖွဲ့၏ရိုးသားမှုကိုပြရန် သတင်းစာတွင် သတင်းပါရန်အားထုတ်သည်။

ပြဿနာသည် ဤမျှနှင့်ပြီးရမည်ဖြစ်သော်လည်း မပြီး၊ စိုးကျော်၏အိမ်ကို ရှာဖွေရာတွင် ပြဿနာကြီးမားလာသည်။ အိမ်ဖော်က အရှာမခံ၊ စိုးကျော်ယောက်ဖ ရောက်လာသည်။ အရှာခံသည်။ ဘာမှရှာမတွေ့သောအခါ တရားပြန်စွဲသည်။ စိုးကျော်ယောက်ဖသည် ဂုဏ်သရေရှိ အရာရှိတစ်ယောက်၊ ကားနှင့်၊ တိုက်ခန်းနှင့်၊ တယ်လီဖုန်းနှင့်။

စခန်းမှကိစ္စပြီးသောအခါ အမှတ် (၉) ဘတ်စကားစီးပြီး ခင်မတို့ဆိုင်သွားသည်။ ဆိုင်မှာ လူကျပ်နေသည်။ စိုးကျော်က ကူညီပြီးလုပ်ပေးသည်။ လူရှင်းမှ သူစားသည်။ အဒေါ့်သမီးကြီး ထားရင်က စိုးကျော်နှင့် ခင်မတို့ကိစ္စရိပ်မိသည်။ သူတို့ကလည်း ဝန်ခံသည်။ ထားရင်က ကူညီမည်ဟုပြောသည်။

ထမင်းစားပြီး စိုးကျော်အိမ်ပြန်သည်။ အိမ်ရောက်တော့ အစ်မနှင့်ယောက်ဖကို ဧည့်ခန်းတွင်တွေ့ရသည်။ သူတို့တွေ နေ့လယ်က အရှက်ကွဲရသည်ဟုဆိုသည်။ မနေစေလိုသည့်သဘောတွေ့ရသည်။

စိုးကျော်သုံးဘီးတစ်စီးငှားကာ ခင်မတို့ထမင်းဆိုင်သွားရန်ထွက်ခဲ့သည်။ လမ်းတွင် စိတ်ပြောင်းသွားပြီး မရမ်းကုန်းစခန်းသို့ ပို့ရန်ပြောလိုက်သည်။ ကားမောင်းသူက ကမာရွတ်ရဲစခန်းအနီးတွင်ချပေးသည်။ လမ်းမပေါ်တွင် စိုးကျော်တစ်ယောက်တည်း။

ဆရာမောင်သာရသည် ဤဝတ္ထုကို ရေးနိုင်ရန် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ဥက္ကဋ္ဌ၏ စီစဉ်ပေးချက်အရ ၁၉၆၈ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ကွင်းဆင်းခဲ့သည်။

သူသည် ကုန်စည်ပို့ဆောင်ရေးဌာနတွင် အစမ်းခန့် လက်ထောက်ကြီးကြပ်ရေးမှူးအဖြစ်လည်းကောင်း၊ ခရီးသည် ပို့ဆောင်ရေးဌာနတွင် လက်မှတ်ရောင်းအဆင့်-၂ အဖြစ်လည်းကောင်း၊ လေးဘီးအငှားယာဉ်ဌာနတွင် ယာဉ်မောင်းအဆင့်-၃ အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ သူတာဝန်ထမ်းဆောင်နေသည်ကို တာဝန်ရှိလူကြီးများသာ သိသည်။

"မတ်တပ်ရပ်လို့လမ်းမှာငို"ဝတ္ထုနှင့်ပတ်သက်ပြီး ဆရာတက်တိုးက "မောင်သာရသည် အငှားမော်တော်ယာဉ်လောကအကြောင်းကို ပြည့်ပြည့်စုံစုံ ရေရေလည်လည်ဖော်ပြထားသည်။ သူ့စာအုပ်သည် ဝတ္ထုစာအုပ်ဖြစ်သည်သာမက မျက်မှောက်ခေတ်လောကအခြေအနေကို လေ့လာရာ၌ ကိုးကားအပ်သော ကျမ်းငယ်တစ်စောင်ဖြစ်သည်"ဟု မှတ်ချက်ချခဲ့သည်။

ဆရာမလိခကမူ ဝတ္ထုဇာတ်လမ်းသည် နံနက်အရုဏ်မှ ညမိုးချုပ်ထိ တစ်နေ့တာ ဘဝတာဖြစ်သဖြင့် အလုပ်သမားတို့အကြောင်း ဖော်ပြရာတွင် "တိမ်လွှန်း" နေရခြင်းဖြစ်သည်ဟုသုံးသပ်ထားသည်။ ဤဝတ္ထု တွင် အသက်အဝင်ဆုံးအခန်းသည် စိုးကျော်ကားပေါ် တွင် လက်ပွေ့အိတ်မေ့ကျန်ရစ်ခဲ့သည်ဟု ဗိုလ်မှူးကတော်က ယိုးစွပ်သောအခန်းပင်ဖြစ်သည်။ သို့သော် ယာဉ်မောင်းတို့ ရိုးသားကြောင်း ပြသလိုမှုများလွန်းသဖြင့် လုပ်ကြံဖန်တီးထားမှန်းလည်း သိသာလှသည်ဟုဆိုပါသည်။

ဆရာမောင်သာရ၏ အမည်ရင်းမှာ မောင်သိန်းလွင်ဖြစ်သည်။ ၁၉၃၁ ခုနှစ် အောက်တိုဘာ ၂၃ ရက်နေ့တွင် အဖ ဦးမြသန်း၊ အမိ ဒေါ်အမကလေးတို့က မန္တလေးမြို့တွင် မွေးဖွားခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သည်။ မန္တလေးတက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားခဲ့သည်။ ၁၉၅၁-၁၉၅၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရွှေ့ပညာသင်ကြားခဲ့ပြီး ၁၉၅၂-၁၉၅၃ ခုနှစ်တွင် မန္တလေးတက္ကသိုလ်သို့ ပြောင်းရွှေ့ပညာသင်ကြားခဲ့သည်။

မောင်သာရ ကလောင်အမည်ဖြင့် ပထမဆုံးပုံနှိပ်ဖော်ပြခံခဲ့ရသောဝတ္ထုမှာ ရှုမဝမဂ္ဂဇင်းပါ "ညာရွှေတစ်ခက် ကြွေရက်စော" (၁၉၅၆ ဇွန်)လထုတ်ဝတ္ထုဖြစ်သည်။ ဆရာမောင်သာရသည် မျိုးမမပကာသနီ၊ နတ်မြင်းပျံမို့ မြူးကြွားကြွား၊ သီရိမဟာခင်မအေးခေါင်းက ပန်းခိုင်ပြုတ်ရချည့်ရဲ့၊ လမ်းခွဲ၌တွေ့ရသောသစ်ပင် လှသည်၊ လွယ်သည် သို့သော်လည်သည်၊ ဆယ့်တစ်လက်မ သုံးပိုင်းတစ်ပိုင်း၊ မောင်သိန်းလွင်၏ မစန်းစန်းဝင့်၊ ထဘီကျွတ်၍လွှတ်လိုက်မည်၊ မကူးသော ငါး မနားသောငှက်၊ ရွှေစော်နံရင် ပြန်လိုက်အုံး၊ ပြီးတော့ လူကိုပါယူသည်၊ ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း၊ အချပ်မျက်နှာပန်းမျက်နှာ၊ အသားနက်မ အောင်လံကြီးထူ၊ သူ့အရင်က တစ်ယောက် သူကတစ်ယောက်၊ ပြန်မပြောရင်ပြောချင်တယ်၊ အထက်တစ်ဝက် အောက်တစ်ဝက် စသည့် ဝတ္ထုရှည်လုံးချင်းများစွာ ရေးသားခဲ့သည်။ "မတ်တပ်ရပ်လို့ လမ်းမှာငိုသည်" ၁၉၆၉ ခုနှစ်အတွက် အမျိုးသားစာပေဝတ္ထုရှည်ဆုရသော စာအုပ်ဖြစ်သည်။

**ကိုးကား**

– **မလိခ၏ မြန်မာဝတ္ထုအညွှန်း**

# မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၂၆၄၂ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၂၆၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံဧက ၁၂၉၅၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၆၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မုံရွာခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ဂျုံဧက ၁၂၉၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၆၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ မုံရွာခရိုင်မှာ ဂျုံစိုက်ပျိုးမှုက တော့ ချောင်းဦးမြို့နယ်က အများဆုံးစိုက်ကြတာပါ။ ဂျုံစိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် ဂျုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၁၉၇ ဧက၊ ဘုတလင်မြို့နယ်တွင် ဧက ၄၄၀၊ အရာတော်မြို့နယ်တွင် ၂၂ ဧကနှင့် ချောင်းဦးမြို့နယ်တွင် ၁၁၉၈၃ ဧက စုစုပေါင်း ၁၂၆၄၂ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၂၅၀၊ ဘုတလင်မြို့နယ်တွင် ၄၄၅ ဧက၊ အရာတော်မြို့နယ်တွင် ၉၇ ဧကနှင့် ချောင်းဦးမြို့နယ်တွင် ၁၂၁၅၈ ဧက စုစုပေါင်းဧက ၁၂၉၅၀ ဖြစ်ကြောင်း သိရသည်။

ဂျုံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် မော်လိုက်ခရိုင်၊ တမူးခရိုင်၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်းခရိုင်နှင့် ကသာခရိုင်တို့ဖြစ်ပြီး စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

(၂၀၆)

# ရေတာရှည်မြို့နယ် သာဝတ္တိကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေတာရှည် ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာဝတ္တိကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်အောင်သာက သာဝတ္တိကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက သာဝတ္တိကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၇၅ သန်း လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သာဝတ္တိကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၅၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# နောင်ချိုမြို့နယ် သရက်ကုန်း-ဉာဏ်တော-ဖာသွန်း-နောင်ချိုကြီးလမ်း၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**နောင်ချို ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် သရက်ကုန်း-ဉာဏ်တော-ဖာသွန်း-နောင်ချိုကြီးလမ်းတွင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၄၀ ဒသမ ၈၆၆ သန်းဖြင့် ဆောင်ရွက်သည့် နောင်ချိုမြို့နယ် သရက်ကုန်း-ဉာဏ်တော-ဖာသွန်း-နောင်ချိုကြီးလမ်းတွင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နောင်ချိုမြို့နယ် သရက်ကုန်း-ဉာဏ်တော-ဖာသွန်း-နောင်ချိုကြီးလမ်းတွင် လမ်းအရှည် ၁ ဒသမ ၂ မိုင်၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို နောင်ချိုမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ပေါမိကုမ္ပဏီက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်နိုဝင်ဘာလက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူများ ရာသီမရွေးသွားလာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**




## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

**နိုင်ငံတော်မိဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၆-၁-၂၀၂၄**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၇၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အိန္ဒိယရေတပ်က ပထမဆုံးပြည်တွင်းထုတ် Drishti 10 ဒရုန်းကို လက်ခံရရှိခဲ့




အိန္ဒိယရေတပ်သည် Hyderabad မြို့ရှိ Adani Aerospace Park အဆောက်အအုံတွင် ၎င်း၏ပထမဆုံး ပြည်တွင်းထုတ် အလယ်အလတ်အမြင့်ပျံလေထဲတွင် ကြာရှည်ပျံသန်းနိုင်စွမ်းရှိသော(MALE) အမျိုးအစား Drishti 10 ဒရုန်းကိုလက်ခံရရှိခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Drishti 10 ဒရုန်းသည် NATO STANAG 4671 စံနှုန်းများနှင့်အညီ အသိအမှတ်ပြုခံထားရသော ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက်ရေး (ISR) ဒရုန်းအမျိုးအစားတစ်ခုဖြစ်ပြီး ၎င်းကိုသီးခြားသတ်မှတ်ပေးထားသော လေပိုင်နက်ဖြစ်စေ၊ နိုင်ငံတကာ လေပိုင်နက်တွင်ဖြစ်စေ ပျံသန်း လုပ်ဆောင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဒရုန်းသည် လေထဲတွင် တစ်ဆက်တစ်စပ်တည်း ပျံသန်းနိုင်မှုမှာ ၃၆ နာရီကြာ ပျံသန်းနိုင်စွမ်းရှိပြီး အလေးချိန် ကီလိုဂရမ် ၄၅၀ (ပေါင် ၉၉၀) ထိ Payload သယ်ဆောင်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရသည်။

ရာသီမရွေး ပျံသန်းတာဝန်ထမ်းဆောင်နိုင်သော Drishti 10 ဒရုန်းသည် Hyderabad မြို့မှ Porbandar မြို့သို့ပြောင်းရွှေ့ပျံသန်းရန်စီစဉ်ထားပြီး ၎င်းကို အိန္ဒိယရေတပ်၏ အနာဂတ်စောင့်ကြည့်ထောက်လှမ်းမှုစစ်ဆင်ရေးများတွင် တပ်ဖြန့်အသုံးပြုသွားနိုင်ရန် စီစဉ်နေသည်။

အိန္ဒိယနိုင်ငံ၏စက်မှုလုပ်ငန်းများတွင် ပြည်တွင်းစွန့်ဦးတီထွင်၊ ထုတ်လုပ်နိုင်မှု အဆင့်မြှင့်တင်ရန် အိန္ဒိယဝန်ကြီးချုပ် Narendra Modi ၏ Make in India "အိန္ဒိယတွင် ထုတ်လုပ်သည်"ဟူသော ရည်မှန်းချက်အတိုင်း အစပျိုးလုပ်ဆောင်နေစဉ်အတွင်း တွန်းအားပေးလုပ်ဆောင်ချက်များမှ ရလဒ်ကောင်းများ ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

Drishti 10 ဒရုန်းနှင့် အခြားပြည်တွင်းထုတ်ဒရုန်းများကို တီထွင်ထုတ်လုပ်ခြင်းအပြင် အိန္ဒိယနိုင်ငံသည် မကြာသေးမီက အခြားနိုင်ငံများမှ ဒရုန်းများကို ဝယ်ယူဖြည့်တင်းလျက်ရှိသည်။ အိန္ဒိယကြည်းတပ်သည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် အစ္စရေးထံမှ Hermes 9000 ဒရုန်းခြောက်စင်းကိုဝယ်ယူခဲ့ပြီး တရုတ်နှင့် အငြင်းပွားနေသော နယ်စပ်တစ်လျှောက် ထောက်လှမ်းမှုများကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ရည်ရွယ်ဝယ်ယူခဲ့ခြင်းလည်းဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ကုန်ကျစရိတ်ကြောင့် ဝယ်ယူရေးအစီအစဉ်များဖျက်သိမ်းမည်ကို စိုးရိမ်နေသော်လည်း ကနဦးတွင် MQ-9B Sea Guardians ၁၅ စင်းနှင့် MQ-9B SkyGuardian ဒရုန်း ၁၆ စင်းတို့ ထုတ်လုပ်ရန်အတွက် အမေရိကန်နှင့်လည်း အမေရိကန်ဒေါ်လာ သုံးဘီလီယံတန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်သည်။

**Indian Navy Receives First Indigenous MALE Drone ကို ဘာသာပြန်ဆိုထားပါသည်။**

## Leonardo က ကိုလံဘီယာအတန်းအစားရေငုပ်သင်္ဘောများအတွက် တွန်းကန်အားစနစ်ဝယ်ယူရေးအမေရိကန်ရေတပ်နှင့် စာချုပ်ချုပ်ဆို

Leonardo ကုမ္ပဏီက ကိုလံဘီယာအတန်းအစားရေငုပ်သင်္ဘောများအတွက် နောက်ထပ် ပေါင်းစည်းလျှပ်စစ်တွန်းကန်အားစနစ်ဝယ်ယူရေးစာချုပ် တစ်ခုကို အမေရိကန်ရေတပ်နှင့်ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ဒေါ်လာ သုံးဘီလီယံတန် ဝယ်ယူရေးသဘောတူစာချုပ်တွင် Permanent Magnet သံလိုက်စနစ်သုံးပင်မတွန်းကန်အားလျှပ်စစ်မော်တာ၊ တွန်းကန်အားစနစ်သုံး Motor Drives များ၊ ဂီယာနှင့် တွန်းကန်အားထိန်းချုပ်မှုစနစ်များကဲ့သို့သော တွန်းကန်အားစနစ်ဆိုင်ရာ အဓိကအစိတ်အပိုင်းများ ဒီဇိုင်းရေးဆွဲ၊ ထုတ်လုပ်ခြင်းတို့ပါဝင်သည်။

ယခုစာချုပ်သည် ၂၀၂၃ ခုနှစ် ဧပြီလက သဘောတူချုပ်ဆိုနိုင်ခဲ့သောအလားတူ အမေရိကန်ဒေါ်လာ တစ်ဘီလီယံတန် တွန်းကန်အားစနစ် အစိတ်အပိုင်းများ ဝယ်ယူရေးစာချုပ် နောက်ပိုင်းတွင် ထပ်မံ ချုပ်ဆိုနိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

Leonardo ကုမ္ပဏီသည် အမေရိကန်ရေတပ်၏ မြေပြင်အခြေစိုက် စမ်းသပ်စစ်ဆေးရေးအဆောက်အအုံတွင် တွန်းကန်အားစနစ်၏ စွမ်းအားပိုင်းဆိုင်ရာခံနိုင်ရည်နှင့် အခြားအစိတ်အပိုင်းများကို စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးဖြစ်သည်။

အလျားပေ ၅၆၀ ရှည်လျားသည့် ပဲ့ထိန်းဒုံးကျည်တင် ကိုလံဘီယာအတန်းအစား ရေငုပ်သင်္ဘောများကို ဆယ်စုနှစ်နှောင်းပိုင်းမှစတင်က လက်ရှိအိုဟိုင်းယိုးအတန်းအစား ရေငုပ်သင်္ဘောများနေရာတွင် အစားထိုးရန် ရည်မှန်းထားသည်။ အမေရိကန်ရေတပ်ရှိ အခြားရေငုပ်သင်္ဘောများတွင် တပ်ဆင်ထားသော စက်ပိုင်းဆိုင်ရာ တွန်းကန်အားစနစ်များနှင့်မတူဘဲ အသံတိတ်ခုတ်မောင်းနိုင်မည့် လျှပ်စစ်တွန်းကန်အားစနစ် ပါဝင်လာမည်ဖြစ်သည်။ ၎င်းသည် တန်ချိန် ၂၀၀၀၀ ခန့် ရွှေ့ပြောင်းနိုင်ပြီး တည်ဆောက်ခဲ့သမျှ အမေရိကန်၏ အကြီးမားဆုံးရေငုပ်သင်္ဘောဖြစ်လာမည်ဖြစ်သည်။ Trident II တိုက်ချင်းပစ်ဒုံးကျည် ၁၆ စင်းထိ တင်ဆောင်နိုင်မည့် ရေငုပ်သင်္ဘောစုစုပေါင်း ၁၂ စီးထိ တည်ဆောက်သွားမည်ဖြစ်သည်။ အိုဟိုင်းယိုးအတန်းအစား ရေငုပ်သင်္ဘောထက် တိုက်ချင်းပစ်ဒုံးကျည်တင်ဆောင်နိုင်မှုအရေအတွက် နည်းပါးသည်။ ၎င်း၏



နျူကလီးယားဓာတ်ပေါင်းဖိုသည် ယခင်က လုပ်ဆောင်ရန် လိုအပ်လေ့ရှိသော Mid-Life အဆင့်မြှင့်တင်မှုများပြုလုပ်စရာမလိုဘဲ ၄၂ နှစ်ထိ သက်တမ်းပြည့်လည်ပတ်နိုင်မည်ဖြစ်သည်။

**Leonardo Awarded $3B Columbia Sub Propulsion Contract ကို ဘာသာပြန်ဆိုထားပါသည်။**

## NATO ၏ အကြီးမားဆုံးစစ်ရေးလေ့ကျင့်မှုတွင် ဗြိတိန်နိုင်ငံပါဝင်မည်

NATO ၏အကြီးမားဆုံး စစ်ရေးလေ့ကျင့်မှုတွင် ဗြိတိန်နိုင်ငံပါဝင်မည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Grant Shapps က ဇန်နဝါရီ ၁၅ ရက်တွင် ကြေညာခဲ့သည်။

NATO ၏အကြီးမားဆုံး စစ်ရေးလေ့ကျင့်မှုတွင် ဗြိတိန်နိုင်ငံက တပ်ဖွဲ့ဝင် ဦးရေ ၂၀၀၀၀ စေလွှတ်မည်ဖြစ်ကြောင်း၊



ယူကရိန်း အထူးစစ်ဆင်ရေးစတင်ပြီးနောက်ပိုင်းတွင် NATO ၏ စစ်ရေးလေ့ကျင့်မှုသည် ၁၀ စုနှစ် လေးခုအတွင်း အကြီးမားဆုံး တပ်ဖြန့်ချထားမှုဖြစ်ကြောင်း Shapps က ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံ တော်ဝင်လေတပ်၊ တော်ဝင်ရေတပ်နှင့် ကြည်းတပ်တို့မှ တပ်ဖွဲ့ဝင်များသည် ဥရောပတိုက်နှင့် နယ်မြေအနှံ့အပြားရှိ စစ်ရေးမဟာမိတ်နိုင်ငံများပါဝင်ဆောင်ရွက်ကြမည့် "Steadfast Defender" စစ်ရေးလေ့ကျင့်မှုကြီးအတွက် NATO အဖွဲ့ဝင်နိုင်ငံ ၃၁ နိုင်ငံ၊ ဆွီဒင်နိုင်ငံတို့နှင့်အတူဖြန့်ကြက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ဆွီဒင်နိုင်ငံသည် အတ္တလန္တိတ်ဖြတ်ကျော် မဟာမိတ်အဖွဲ့တွင် ပါဝင်လာမည့် အဖွဲ့ဝင်လောင်း နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။

NATO သည် ယခင်ကထက် ပိုမိုအင်အားကြီးမားသော်လည်း စိန်ခေါ်မှုများလည်း အလားတူပင်ဖြစ်ကြောင်း၊ နိုင်ငံတကာစည်းမျဉ်း အခြေခံစနစ်တွင် အန္တရာယ်များ မြင့်တက်လာနေကြောင်း Shapps က လန်ဒန်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

"ဗြိတိန်နိုင်ငံအနေနဲ့ ဝေဟင်၊ မြေပြင်နဲ့ ရေကြောင်းစွမ်းအားစုတွေ ပူးပေါင်းပါဝင်လုပ်ဆောင်သွားဖို့ NATO အဖွဲ့ကို ကတိကဝတ်ပြုခဲ့တာပါ။ ဒီနှစ်မှာ ကျွန်တော် ဒီထက်ပိုပြီးလုပ်ဖို့ စိတ်ပိုင်းဖြတ်ထားတယ်။ စစ်အေးတိုက်ပွဲပြီးကတည်းက NATO ရဲ့အကြီးမားဆုံး တပ်ဖြန့်မှုတွေထဲကတစ်ခုကို ဦးဆောင်ပါဝင်ဆောင်ရွက်သွားနိုင်ဖို့ တပ်ဖွဲ့ဝင် ၂၀၀၀၀ ထိစေလွှတ်မယ်လို့ ကြေညာလိုက်ပါတယ်"ဟု ကာကွယ်ရေးဝန်ကြီး Shapps က ပြောကြားသည်။

စစ်ရေးလေ့ကျင့်မှုတွင် ဗြိတိန်နိုင်ငံမှ တိုက်လေယာဉ်များနှင့် ထောက်လှမ်းရေးလေယာဉ်များ၊ ရေတပ်၏အဆင့်မြင့်ဆုံးစစ်သင်္ဘောများနှင့် ရေငုပ်သင်္ဘောများ၊ အထူးစစ်ဆင်ရေးတပ်ဖွဲ့များ အပါအဝင် စစ်ရေးစွမ်းရည်များ အပြည့်အစုံပါဝင်မည်ဖြစ်သည်။

ဗြိတိန်သည် ၎င်း၏လေယာဉ်တင်သင်္ဘော၊ F-35B တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များပါရှိသော လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးအုပ်ကိုလည်း မြောက်အတ္တလန္တိတ်၊ နော်ဝေပင်လယ်နှင့် ဘောလ်တစ်ပင်လယ်တို့တွင် စစ်ရေးလေ့ကျင့်မှုများအတွက် စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**UK Announces Biggest Military Deployment to NATO Exercises in Decades ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

The Best Quality Tyre

အရည်အသွေးမြင့်မား တာယာ မှာ

TRISTAR



CYCLE TYRE



CAR TYRE

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ
အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော
နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ (၅၃၈)ရပ်ကွက်နေ ဦးမောင်မောင်-ဒေါ်ကြည်တင်တို့၏ သားဖြစ်သူ **ဦးထိန်လင်း(၉/မရတ(နိုင်)၀၆၂၈၁၇)** သည် မိဘနှစ်ပါးကွယ်လွန်ချိန်မှစ၍ အစ်မကြီးဖြစ်သူ ဒေါ်တင်အေးမြင့်(၉/မရတ(နိုင်)၀၆၂၈၁၀)၏ အုပ်ထိန်းမှုအောက်တွင် နေထိုင်လျက်ရှိပါသည်။ ယခုအခါ ဦးထိန်လင်း သည် ဒေါ်တင်အေးမြင့် နှင့် ကျန်မွေးချင်းမောင်နှမများ၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်နေပါသဖြင့် ဦးထိန်လင်းနှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး၊ ငွေရေးကြေးရေး အရှုပ်အရှင်းများအား မိသားစုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်အေးမြင့်(၉/မရတ(နိုင်)၀၆၂၈၁၀)နှင့်**
**မွေးချင်းမောင်နှမများ**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ Garden City ကွန်ဒိုမီနီယံတိုက်ခန်း၊ တိုက်အမှတ်(၁၅)၊ (၅)လွှာ၊ အခန်းအမှတ်(၄)၊ (၆၀၅ စတုရန်းပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်နှင့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သွဲ့ဆုထွန်း (ဘ) ဦးထွန်းလှ (၉/ခအစ(နိုင်)၀၁၉၀၃၁) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမှုရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

**ဦးကျော်ကျော်သိန်း (LL,B) (DL.101 IP LAW)**
**တရားလွှတ်တော်ရှေ့နေ**
**(ဃ၃/၅၈)၊ ၆၃အေလမ်း၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။**
**ဖုန်း- ၀၉၅၁၁၄၇၇၈**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧေယျဋ္ဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်...

❖ ထို့ကြောင့် ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားရေးကို ဦးစားပေးအားပေး ဆောင်ရွက်သွားရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ၂၀၂၄ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနား ကျင်းပ



**မုံရွာ ဇန်နဝါရီ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ဒေါက်တာ မှုထန်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမင်းနောင်၊ ဦးမင်းသိန်းစံ၊ JengPhang နော်တောင်၊ ဒေါက်တာ သက်သက်ခိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ကျင်းပပြုလုပ်သော

**စာမျက်နှာ ၁၆ ကော်လံ ၁☆**

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘုရားဓာတ်တော်ထိန်း ဂေါပကအဖွဲ့ဝင်များ ဖူးမြော်ကြည်ညို**

စာမျက်နှာ - ၁၀

**အကြမ်းဖက်သောင်းကျန်းသူများက ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများအား ဖျက်ဆီးမှုများနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များထုတ်ပြန်**

စာမျက်နှာ - ၂၁

**မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၄၄ ကီလို ဖမ်းဆီးရမိ**

စာမျက်နှာ - ၂၃

**ပစိဖိတ်သမုဒ္ဒရာ မြေအောက်၌ အလွန်ကြီးမားသော မီးတောင်နယ်မြေတစ်ခု ရှာဖွေတွေ့ရှိ**

စာမျက်နှာ - ၇


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(မဇ္ဈဝင်)



ငွေပင်လယ်ကျိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com